ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ၁၆ ကြိမ် စတင်ထုတ်ဝေသည်
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ သောကြာနေ့ (27-6-2014) (၇၀၀၄)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မိုးရွာသွန်းမှု

၂၆-၆-၂၀၁၄

ကိုကိုးကျွန်း	၆	ဒသမ ၁၄ လက်မ
ရေး	၃	ဒသမ ၈၂ လက်မ
ကျောက်တော်	၃	ဒသမ ၃၅ လက်မ
မြိတ်	၃	ဒသမ ၁၁ လက်မ
ထားဝယ်	၃	ဒသမ ၀၇ လက်မ
မြစ်ကြီးနား	၂	ဒသမ ၈၇ လက်မ

ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာများ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Mr. Alcides Gastao Rostand Prates အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Mr. Alcides Gastao Rostand Prates အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အုန်းပင်ချောင်း ချောင်းကူးတံတား မကြာမီပြီးစီးတော့မည်

တွံတေး ဇွန် ၂၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးရေကျော်၊ ကော့မှူး၊ ကွမ်းခြံကုန်း သုံးမြို့နယ်ဆက်သွယ်သည့် ကားလမ်းနှင့် တွံတေးတူးမြောင်းကြားတွင် ကျေးရွာ ၁၀ ရွာခန့်ရှိပြီး လူဦးရေ တစ်သောင်းကျော်ကျော် နေထိုင်ကြသည်။ အဆိုပါ ကျေးရွာပြည်သူများ လမ်းပန်းဆက်သွယ်ရေးတွင် ကုန်းလမ်းဖြင့်သွားလာရန် အလွန်ခက်ခဲပြီး ရေလမ်းကိုသာ အသုံးပြုလျက်ရှိသည်။

ယခုအခါ မြို့နယ်/ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ရှမ်းစုလေး၊ အုန်းပင်ချောင်း၊ ရွှေလှေချောင်း (တွံ) ကြံလမုကျေးရွာ ချင်းဆက် မြေသားလမ်း ခုနစ်မိုင်ငါးဖာလုံကို ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်သည်။ ယင်းမြေသားလမ်းပေါ်ရှိ အုန်းပင်ချောင်း ချောင်းကူးတံတားကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျပ်သိန်း ၅၀၀၀ အကုန်ကျခံကာ အရှည်ပေ ၃၀၀၊ အကျယ် ၂၂ ပေ၊ အမြင့် ၁၁ ပေ

စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❐

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ကြေးမုံ စာတည်းရှုထောင့် **၂၇-၆-၂၀၁၄၊ သောကြာနေ့**

ပေါများကြွယ်ဝ သယံဇာတ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ အထူးသဖြင့် မြန်မာ့မြေမှထွက်ရှိသော ကျောက်စိမ်းအရိုင်းနှင့် အချောထည်ပစ္စည်းများကို အထူးလူကြိုက်များသည်။ ပြည်တွင်းသာမက ပြည်ပနိုင်ငံများက စိတ်ဝင်တစားဝယ်ယူတတ်ကြသည်။ ထို့ကြောင့် နိုင်ငံတော်က မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ခင်းကျင်းပြသပြီး ဝယ်ယူမည့်သူများ စိတ်ကြိုက်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ (၅၁)ကြိမ်မြောက် ပြပွဲကြီးကို နေပြည်တော်တွင် ခင်းကျင်းပြသ ရောင်းချပေးနေသည်ကို တွေ့ရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို မြန်မာနိုင်ငံတွင် ၁၉၆၄ ခုနှစ်မှ စတင်ပြီး ခင်းကျင်းပြသ ရောင်းချပေးခဲ့ရာ ယခုကျင်းပနေသည့် (၅၁) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲအပါအဝင် ပြပွဲပေါင်း (၈၇) ကြိမ်ကျင်းပပေးခဲ့ပြီး ရောင်းချခဲ့သည့် အဖိုးတန်မြန်မာ့ကျောက်မျက်ရတနာများမှ ရရှိလာသည့်နိုင်ငံ့ဝင်ငွေများမှာ တိုင်းပြည်အတွက် အကျိုးစီးပွားများစွာ ဖြစ်ထွန်းခဲ့ပေသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော မြန်မာ့ကျောက်မျက်ရတနာများကို ကျောက်မျက်ရတနာပြပွဲများ ခင်းကျင်းပြသပြီး ရောင်းချပေးလျက်ရှိရာတွင် ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဆောင်ရွက်ပေးနိုင်သဖြင့် နိုင်ငံတော်အတွက်သာမက ပုဂ္ဂလိကကျောက်မျက်လုပ်ငန်းရှင်များအတွက်လည်း မှန်ကန်သော အကျိုးစီးပွားဖြစ်ထွန်းပေသည်။ ထိုသို့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မြန်မာ့ကျောက်မျက်ရတနာများ တရားမဝင်လမ်းကြောင်းမှ ဖောက်ထွက်သွားပြီး နိုင်ငံအတွက်များစွာဆုံးရှုံးနစ်နာမှုဖြစ်ရပေမည်။

ယခုကျင်းပနေသော ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအရိုင်းတုံးများ၊ ကျောက်စိမ်းအချောထည်များ၊ ကျောက်မျက်အချောထည်များ၊ ပုလဲများ၊ လက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့် ဆင်တူသော အခြားကျောက်များ၊ အင်ကြင်းကျောက်အရိုင်းနှင့် အချောထည်များ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ကျောက်စီပန်းချီကားများ၊ ရွှေထည် ငွေထည်များကို ပြသရောင်းချလျက်ရှိရာ ဝယ်ယူအားပေးသည့် ရတနာကုန်သည်များနှင့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို အားရဖွယ်မြင်တွေ့ရသည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ တွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၉၄ တွဲကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ကျောက်မျက်အတွဲပေါင်း ၂၇၁ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၅ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ပုလဲအတွဲပေါင်း ၃၀ တွဲကို ဇွန် ၂၇ ရက်တွင်လည်းကောင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဟု သိရသည်။

ယခုကျင်းပနေသောပြပွဲတွင် သက်နိုင်အောင်ကုမ္ပဏီက နိုင်ငံတော်နှင့် အကျိုးတူ တူးဖော်ရရှိသည့် အလေးချိန် ၄ ဒသမ ၆၃ ကီလိုရှိ ဂဲကပ်ပတ္တမြားရိုင်းတစ်ပွင့်ကို နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းကြောင်း ဝမ်းမြောက်ဖွယ်သိရှိရသည်။ ပြပွဲတွင် ကြမ်းခင်းဈေး ယူရို တစ်သန်းနှင့်အထက် ကျောက်စိမ်းအတွဲပေါင်း ၆၉ တွဲပါဝင်ပြီး အမြင့်ဆုံးကြမ်းခင်းဈေးအနေဖြင့် သာယာကြည်နူးဖွယ်ကျောက်မျက်ကုမ္ပဏီက တင်ပြရောင်းချမည့် ကြမ်းခင်းဈေးယူရိုငွေသန်း ၆၀ သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲပင်ဖြစ်သည်။ ထိုကျောက်စိမ်းအတွဲများကို ကချင်ပြည်နယ် လုံးခင်း၊ ဖားကန့် ရတနာမြေ စဗျိဝမှော်မှ တူးဖော်ရရှိခြင်းဖြစ်ပြီး အလေးချိန် ၂၃၃ ကီလိုရှိကြောင်း သိရသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၂၆

ရန်ကုန်	ရွှေဈေး	၆၇၅၂၀၀	-	၆၇၆၂၀၀
မန္တလေး	ရွှေဈေး	၆၇၅၂၀၀	-	၆၇၆၂၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၂၆. ၄
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၆. ၀၇
(ဃ)	ထိုင်း	တစ်ဘတ်	=	၂၉. ၉၈၅
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၂. ၁၇
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆. ၁၉၄
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၅၆. ၃၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၅. ၅၈၄
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	=	၉၁၅. ၆၈
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၇၉. ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်းလှူဒါန်းနိုင်

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း (၁၁) ကျောင်းနှင့် တက္ကသိုလ် (၈)ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် (၃၇၀)ပါးနှင့် ဝေးလံခေါင်းပါးသော အာသံ-တြိပူရ-မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော်အပါး (၄၂၈) ပါးကျော် (စုစုပေါင်းသံဃာ ၇၉၈ ပါး)ခန့်တို့အတွက် မဇ္ဈိမဒေသ (၃၆) ကြိမ်မြောက် ဝါဆိုသင်္ကန်းများကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၀ ရက် နောက်ဆုံးထား၍ အောက်ပါတယ်လီဖုန်းအမှတ်နှင့် လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။

❖ မဇ္ဈိမဒေသ သာသနာပြုအဖွဲ့
အမှတ်(၁၃-က)၊ ငါးထပ်ကြီးဘုရားလမ်း၊ (ရုပ်ရှင်အစည်းအရုံးအနီး)၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။
၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃

❖ ဗုဒ္ဓ ဓမ္မ ဒါန စေတနာရှင်များအဖွဲ့(ရွှေမြင်တင်ဦးညို)
အမှတ်(၁၂)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
၀၁-၅၄၂၂၃၆

❖ ဒါန ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
YUZANA BUSINESS TOWER (အခန်း(၃၀၃)၊ ၃-လွှာ၊ ဓာတ်လှေကားအမှတ်(၂)
ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၃၆၃၄၈၊ ၀၁-၅၃၇၇၀၇၊ ၀၁-၅၃၇၇၀၈

(သတင်းစဉ်)

ရွှေတောင်၌ လူမှုဖူလုံရေး အကျိုးခံစားခွင့်ငွေ ပေးအပ်

ရွှေတောင် ဇွန် ၂၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် လူမှုဖူလုံရေးရုံးမှ လူမှုဖူလုံရေးအကျိုးခံစားခွင့်ငွေပေးအပ်ပွဲကို ဇွန် ၂၄ ရက် ညနေ ၃ နာရီတွင် ပြည်ရေနံမြေရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးရုံး ရုံးခွဲတာဝန်ခံ ဒေါ်ခင်မိုးဆွေက ပြည်ရေနံမြေမှ အာမခံအလုပ်သမား ဦးဇာနည်ထွန်း၏ ရန်ကုန်အလုပ်သမားဆေးရုံကြီး၌ ဆေးရုံတက်ရောက်ကုသခဲ့သည့် ကုန်ကျစရိတ်ငွေကျပ် ၁၁၂၇၅၁၀ ကို ၎င်း၏ ဇနီးဖြစ်သူ ဒေါ်အေးအေးမာသို့လည်းကောင်း၊ ကျန်းမာရေးကြောင့် သေဆုံးသွားသော အာမခံအလုပ်သမား ဦးမိုက်ကယ်သောင်း၏ နာရေးစရိတ်ထောက်ပံ့ငွေကျပ် ၁၀၅၆၀ ကို မိသားစုအားလည်းကောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ထပ်မံပြင်ဆင်ပြီး အတည်ပြုသွားမည်

နေပြည်တော် ဇွန် ၂၆

မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းကော်မတီအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် ကျင်းပရာ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ အာမခံချက်များ စိစစ်ရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းတို့က ပြည်သူ့လွှတ်တော်က **နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအလို့ငှာ အမြန်ပြဋ္ဌာန်းရန် လိုအပ်သဖြင့် အသစ်ပြင်ဆင်ရေးဆွဲခြင်းမပြုရန်** မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်တွင် ဆက်လက်ဆွေးနွေးသွားရန် ဆုံးဖြတ်ခဲ့သည်နှင့်အညီ ဥပဒေကြမ်းကို ဆွေးနွေးစိစစ်အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ငါးရစ်ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

ပြည်တွင်းရေးရာ

ဂျပန်-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘေး ဦးဆောင်သောအဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဦးကြည်ထွန်းဝင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၂၆

ဝန်ထမ်းတစ်ဦးချင်းစီ အနေဖြင့် မိမိတာဝန် မိမိသိရှိပြီး တာဝန်ယူရဲသည့် စိတ်ဓာတ်များဖြင့် လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ၊ စနစ်ကျသော စီမံခန့်ခွဲမှုများဖြင့် ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည့် စွမ်းအင်ဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက "တာဝန်သိမှု" ဆိုသည်မှာ မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများတွင် မိမိဘာလုပ်ရမည်၊ မည်သည့်ကဏ္ဍက ပါဝင်ရမည်ဆိုသည်ကို ပိုင်းခြားသိရှိခြင်းနှင့် တာဝန်ပြီးမြောက် အောင်မြင်ရန်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများရရှိစေရန် အမြဲတမ်းလေ့လာဆည်းပူးနေဖို့ လိုသည်ဆိုသည့် "အသိ" ရှိနေခြင်းပင် ဖြစ်ကြောင်း၊ "တာဝန်ယူမှု" ဆိုသည်မှာ မိမိတာဝန်အလျောက် လုပ်ငန်းပြီးမြောက်အောင်ဆောင်ရွက်ရာ၌ ဖြစ်ပေါ်လာမည့် "ရလဒ်"များအပေါ် ဝန်ခံခြင်းဖြစ်ပြီး ရရှိလာမည့် သက်ရောက်မှုများကို ခံယူနိုင်ခြင်းလည်းဖြစ်ကြောင်း၊ "တာဝန်သိမှု"၊ "တာဝန်ယူမှု"အတွက် အခြေခံစိတ်ဓာတ်ကောင်းများအပြင် "စွမ်းဆောင်ရည်"များပါ ပြည့်ဝနေရန် လိုအပ်ကြောင်း။

မိမိတာဝန်ကို သေချာစွာသိရှိပြီး မိမိလုပ်ဆောင်မှုအပေါ် တာဝန်ယူရဲသည့်စိတ်နေစိတ်ထား (Mind-Set) ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနက ပြဋ္ဌာန်းထားသည့် ဥပဒေလုပ်ထုံး လုပ်နည်းများကိုအခြေခံ၍ ကျိုးကြောင်းဆီလျော်မှု၊ ဖြောင့်မတ်မှန်ကန်မှု၊ မူဘောင်နှင့်အညီ ဆောင်ရွက်မှုများအပြင် ကိုယ်ကျိုးကင်းပြီးလုပ်ငန်းအပေါ် ကောင်းမွန်သည့် စေတနာများနှင့် စုပေါင်းညီညွတ်စွာ ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ အုပ်ချုပ်မှုယန္တရား တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာ၌ e-Government ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသည် အရေးကြီးလုပ်ငန်းတစ်ခု ဖြစ်သောကြောင့် e-Government စနစ်ကို ထိရောက်စွာ အသုံးချနိုင်ရန်အတွက် စီမံချက်ရေးဆွဲဆောင်ရွက်ခြင်း၊ ဝန်ထမ်းများကို ဖွံ့စည်းလေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ရှိ/မရှိအား ပွင့်လင်းမြင်သာမှုရှိခြင်း၊ ပြည်သူတို့၏ ဆန္ဒရယူခြင်းနှင့် တာဝန်သိမှု၊ တာဝန်ယူမှုရှိခြင်း၊ စွမ်းဆောင်ရည် ထိရောက်မှုရှိခြင်း၊ လက်တွေ့လုပ်ငန်း ဆောင်ရွက်ရန် ခိုင်မာသည့် ကောင်းမွန်သော စည်းမျဉ်းဥပဒေရှိခြင်း၊ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ လာဘ်ပေးလာဘ်ယူတားဆီးထိန်းသိမ်းနိုင်ခြင်း ဆိုသည့်အချက်များနှင့် တိုင်းတာရမည်ဖြစ်သောကြောင့် ဝန်ကြီးဌာန၏ သီးခြားလုပ်ငန်းဖြစ်စေ၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်စေ အထက်ပါအချက်များကို အခြေခံပြီး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မရှိစေရန်အတွက် ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ခြေအဆင့်ဆင့်သို့ လုပ်ပိုင်ခွင့်ခွဲဝေမှု (Decentralization) ပြုလုပ်ပေးထားပြီးဖြစ်သည့်အတွက် အောင်မြင်မှုရသည်အထိ ရဲရဲဝံ့ဝံ့ လုပ်ဆောင်ရန် မှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီး အကဲများ၊အရာထမ်း/အမှုထမ်းများ စုစုပေါင်းအင်အား ၄၀၀ ကျော် တက်ရောက်ခဲ့ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်က "တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲမှု" နှင့် သက်ဆိုင်သည့် အကြောင်းအရာများအား ဟောပြောဆွေးနွေးခဲ့ပြီး အခမ်းအနား တက်ရောက်လာကြသည့် ဝန်ထမ်းများက ပြန်လည်ဆွေးနွေးခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲများကို ဦးစီး/လုပ်ငန်းဌာန အသီးသီးတွင် စားပွဲဝိုင်းဆွေးနွေးပွဲများအဖြစ် ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူအများသိရှိနိုင်ရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး(ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး)က တင်သွင်းသော "ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကိုပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုလိုပါက နေ့စဉ်ထုတ်သတင်းစာများတွင် ကြေညာသည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း အောက်ဖော်ပြပါ လိပ်စာများသို့ အကြံပြုစာများ ပေးပို့နိုင်ပါသည်-

ပြည်သူ့လွှတ်တော်	**လွှတ်တော်ဝင်း၊ ကော်မတီရေးရာ ဆောင်အမှတ်**
ပြည်သူ့ငွေစာရင်းကော်မတီ	**(အိုင်-၃)၊ ဖုန်း/ဖက်(စ်)၀၆၇-၅၉၀၁၃၆၆**
	http://www.pyithuhluttaw.pac. myanmar@gmail.com

ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇွန် ၂၆

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ဥရောပကော်မရှင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးချုပ်ရုံး၊ အာရှ၊ ဗဟိုအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Dirk Meganck နှင့်အဖွဲ့က နေပြည်တော် ရုံးအမှတ်(၁၀) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား အမေရိကန်ပြည်ထောင်စု ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Tom Malinowski နှင့်အဖွဲ့က ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ကြီးမလွှဲိုင် ခိုင်မာဖို့ အခွန်တာဝန် ကျေပွန်စို့

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း လူဟန့်စ်မြို့၌ ခွဲထွက်ရေးလှုပ်ရှားသူများ၏ စစ်ဆေးရေးဂိတ်တစ်နေရာကို တွေ့ရစဉ်။

ခွဲထွက်ရေးသမားများ လက်နက်စွန့်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

ပါရီ ဇွန် ၂၅

လာမည့်နာရီပိုင်းအတွင်း ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ ခွဲထွက်ရေးသမားများ လက်နက်စွန့်ရန် ရုရှားအစိုးရက တိုက်တွန်းသင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပြောကြားသည်။

ခွဲထွက်ရေးသမားများ လက်နက်စွန့်စေရေးအတွက် ရုရှားအစိုးရက လုပ်ဆောင်ရန် မိမိတို့ တိုက်တွန်းကြောင်း၊ ခွဲထွက်ရေးသမားများသည် လက်နက်စွန့်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့်ကြောင်း ဝန်ကြီးကယ်ရီက ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင် သတင်းထောက်များအား ပြောကြားသည်။

ဥရောပသမဂ္ဂ (အီးယူ) ခေါင်းဆောင်များသည် ရုရှားနိုင်ငံအား ဒဏ်ခတ်အရေးယူမှုများ ပြုလုပ်ရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း ဝန်ကြီး ကယ်ရီက ပြောကြားသည်။ အီးယူခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲကို ဘယ်လ်ဂျီယံနိုင်ငံ၌ ဇွန် ၂၅ရက်တွင် ကျင်းပမည်ဖြစ်သည်။ **ရိုက်တာ။**

ပါကစ္စတန် စစ်သွေးကြွခေါင်းဆောင်နှစ်ဦးနှင့် ပရဟိတအဖွဲ့တစ်ဖွဲ့ကို အမေရိကန် ဒဏ်ခတ်မည်

ဝါရှင်တန် ဇွန် ၂၆

ပါကစ္စတန် စစ်သွေးကြွအုပ်စုဖြစ်သော လက်ရှ်ခါအီတိုင်ဘာအဖွဲ့၏ ခေါင်းဆောင်နှစ်ဦးနှင့် ပရဟိတလုပ်ငန်းလုပ်ကိုင်နေသော ဂျမားအုဒ်ဒါဝါအဖွဲ့တို့ကို စီးပွားရေးအရ ဒဏ်ခတ်အရေးယူမှုများ ပြုလုပ်လိုက်ကြောင်း အမေရိကန်အစိုးရက ဇွန် ၂၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

စစ်သွေးကြွများနှင့် ဆက်နွယ်မှုရှိသော ပရဟိတအဖွဲ့အဖြစ် ဂျမားအုဒ်ဒါဝါအဖွဲ့သည် အကြမ်းဖက်သမားများကို ရန်ပုံငွေ ထောက်ပံ့ပေးနေသည်ဟု မသင်္ကာဖြစ်ရကြောင်း အမေရိကန် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျမားအုဒ်ဒါဝါအဖွဲ့၏ခေါင်းဆောင် ဟာဖစ်ဆာယိဒ်အား ဖမ်းဆီးရမိရန် သတင်းပေးနိုင်သူကို အမေရိကန်ဒေါ်လာ ၁၀ သန်း ဆုငွေ ပေးအပ်မည်ဟု အမေရိကန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းသည် ၂၀၀၈ ခုနှစ်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများတွင်ပါဝင်ပတ်သက်ခဲ့သည်ဟု ယူဆရသည်။ယင်းတိုက်ခိုက်မှုအတွင်း အမေရိကန်နိုင်ငံသားများ အပါအဝင် လူပေါင်း ၁၆၃ဦး သေဆုံးခဲ့ရသည်။

ပါကစ္စတန် စစ်သွေးကြွအဖွဲ့ ခေါင်းဆောင်တစ်ဦး
လူထုစည်းဝေးပွဲ၌ ဟောပြောနေစဉ်။

ဟာဖစ်ဆာယိဒ်သည် ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ နေထိုင်လျက်ရှိပြီး ၎င်းကို အစိုးရက ကာကွယ်စောင့်ရှောက်ပေးထားသည်ဟု ယူဆရသည်။ အိန္ဒိယ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုအတွက် ယခုအချိန်အထိ တရားစွဲဆိုခံရခြင်းမှ လွတ်မြောက်နေဆဲဖြစ်သည်။

ပါကစ္စတန်အခြေစိုက် လက်ရှ်ခါအီတိုင်ဘာအဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်မြို့ရှိအိန္ဒိယကောင်စစ်ဝန်ရုံးအားအကြမ်းဖက်တိုက်ခိုက်ခဲ့မှုကို ယင်းစစ်သွေးကြွအဖွဲ့က ပြုလုပ်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

ရိုက်တာ။

မူးယစ်ဆေးသယ် မောင်းသူမဲ့လေယာဉ် အကျဉ်းထောင်ဝင်းအတွင်း ပျက်ကျ

လန်ဒန် ဇွန် ၁၆

အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့၏ အကြီးဆုံးသော အကျဉ်းထောင်တစ်လုံး၏ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ရေးကွင်း အတွင်းသို့ မောင်းသူမဲ့လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားကြောင်း၊ ယင်းလေယာဉ်သည် မူးယစ်ဆေးဝါး သယ်ဆောင်လာသည့် မောင်းသူမဲ့လေယာဉ်ဟု မသင်္ကာရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဒပ်ဘလင်မြို့အနောက်ဘက်ရှိ ဝှိက်ဖီးလ်အကျဉ်းထောင်၏ လေ့ကျင့်ရေးကွင်းအတွင်းသို့ ဇွန် ၂၅ရက် နံနက်က မောင်းသူမဲ့လေယာဉ်တစ်စင်း ပျက်ကျခဲ့သည်။

မောင်းသူမဲ့လေယာဉ်၏ ကိုယ်ထည်တွင် ကြိုးတစ်ချောင်းပါရှိပြီး မူးယစ်ဆေးဝါးဟု မသင်္ကာရသည့် အထုပ်တစ်ခုကို ချိတ်ဆွဲထားကြောင်း၊ ယင်းအထုပ်နှင့် အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်ခြင်း မရှိနိုင်ရန် ကာရံထားသော သံဆူးကြိုးများနှင့် ချိတ်ဆွဲမိပြီး မောင်းသူမဲ့လေယာဉ် ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

မောင်းသူမဲ့လေယာဉ်ပျက်ကျသည့် နေရာသို့ အကျဉ်းသား ၂၀ ခန့် အလုအယက်သွားရောက်ခဲ့ကြပြီး ယင်းအထုပ်ကို ရယူခဲ့ကြကြောင်း၊ ယင်းနောက်တွင် အကျဉ်းထောင်အစောင့်များက ရိုပ်မိသွားပြီး စုံစမ်းမေးမြန်းမှု ပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ အိုင်ယာလန်အကျဉ်းဦးစီးဌာနက ဌာနတွင်း စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်လျက်ရှိသည်။ အကျဉ်းထောင်စည်းကမ်းများ လိုက်နာရန် ပျက်ကွက်သော အကျဉ်းသားများကို အရေးယူမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ရိုက်တာ။

ဆီးရီးယားလေတပ်၏ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှု အီရတ်နိုင်ငံဝန်ကြီးချုပ် မာလီကီ ကြိုဆို

ဘဂ္ဂဒက် ဇွန် ၂၆

အီရတ်နှင့် ဆီးရီးယားနှစ်နိုင်ငံ နယ်စပ်ဒေသတွင် ဖြတ်ကျော်ကူးလူးနေသည့် စစ်သွေးကြွလက်နက်ကိုင်များအား ဆီးရီးယားအစိုးရ လေတပ်က တိုက်ခိုက်မှုပြုခဲ့ခြင်းအား အီရတ်အစိုးရဝန်ကြီးချုပ် မာလီကီက ကြိုဆိုကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အမေရိကန်နှင့် အီရတ် စစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်များအဆိုအရ ဆီးရီးယား၏ လေကြောင်းတိုက်ခိုက်မှုများ အီရတ်နိုင်ငံ ပိုင်နက်နယ်မြေအတွင်းပိုင်း၌ ဖြစ်ပွားခဲ့သည်ဟုဖော်ပြသည်။ အီရတ်ဝန်ကြီးချုပ် မာလီကီ၏ ပြောကြားချက်အရ ဆီးရီးယားနိုင်ငံ ပိုင်နက်ပြင်ပ၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

သိမ်းယူခဲ့

အိုင်အက်စ်အိုင်အက်စ်နှင့် ဆွန်နီ မွတ်စလင် မဟာမိတ်အဖွဲ့များက ဇွန်လအတွင်းတွင် အီရတ်နိုင်ငံအတွင်း ကျယ်ပြန့်သော နယ်မြေဧရိယာပမာဏကို သိမ်းယူခဲ့ပြီးဖြစ်သည်။

အီရတ်အစိုးရအနေဖြင့် နိုင်ငံ၏ အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများ စစ်သွေးကြွများလက် ထပ်မံမကျရောက်ရေး အပြင်းအထန် ကြိုးပမ်းနေရသည်။

အီရတ်အစိုးရသည် အိမ်နီးချင်း အီရန်နိုင်ငံ၏ အထောက်အပံ့များကိုလည်း လက်ခံနေရပြီး ယင်းနိုင်ငံအတွင်းမှ ရှီးယိုက်ဘာသာရေးအဖွဲ့အစည်းခေါင်းဆောင်များနှင့်လည်း နီးကပ်စွာ ဆက်ဆံနေရသည်။ **ဘီဘီစီ။**

လေကြောင်းလိုင်းအချို့မှ ပက်ရှ်ဝါလေဆိပ်သို့ ပျံသန်းမှု ခရီးစဉ်များ ဆိုင်းငံ့

ပက်ရှ်ဝါ ဇွန် ၂၆

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လူအသေအပျောက်ရှိခဲ့သောတိုက်ခိုက်မှုတစ်ရပ် မကြာသေးမီက ဖြစ်ပွားပြီးနောက် ယင်းလေဆိပ်သို့ ဆင်းသက်ပျံသန်းနေသည့် လေကြောင်းလိုင်းအချို့မှ ခရီးစဉ်များကို ရပ်ဆိုင်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ယင်း ရပ်ဆိုင်းခဲ့သော လေကြောင်းလိုင်းများတွင် ကာတာလေကြောင်းလိုင်းလည်းပါဝင်သည်။ ဇွန် ၂၅ရက်က ပက်ရှ်ဝါမြို့ လေဆိပ်သို့ ဆင်းသက်ခဲ့သည့် ပါကစ္စတန်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို စစ်သွေးကြွတို့က ပစ်ခတ်ခဲ့သဖြင့် ခရီးသည်တစ်ဦး သေဆုံးခဲ့ပြီးနောက် ဟောင်ကောင်အခြေစိုက် ကာသေ့ပစိဖိတ် လေကြောင်းဌာနသည် ၎င်း၏ခရီးစဉ်များအား ဆိုင်းငံ့ခဲ့ပြီးဖြစ်သည်။ **ဘီဘီစီ။**

ဗန်ကောက် ဇွန် ၂၆

ထိုင်းနိုင်ငံတွင် မေလက စစ်ဘက်က အာဏာသိမ်းမှုဖြစ်စဉ်နှင့် ပတ်သက်၍ ၎င်းတို့တွင် ကြိုတင်ပြင်ဆင်ထားမှုမရှိခဲ့ကြောင်း စစ်ဘက်အထက်တန်း အရာရှိတစ်ဦးက ဘီဘီစီသတင်းဌာနသို့ ယနေ့ပြောကြားသည်။

ထိုင်းတပ်မတော်အနေဖြင့် အစိုးရအား အာဏာလက်လွှတ် ဖြစ်စေရေးအတွက် နှစ်နှင့်ချီ၍ ကြိုးပမ်းခဲ့သည်ဟူသော အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှု ခေါင်းဆောင်တစ်ဦးကစွပ်စွဲခဲ့ပြီးနောက် အဆိုပါစစ်ဘက်အထက်တန်းအရာရှိ၏ ငြင်းဆိုမှု ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုင်းတပ်မတော်မှ ဗိုလ်ချုပ်ချတ်ချလမ်ချာလ်ဘာမူဆလက်က ယင်း စွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်နှင့် ၎င်း၏မိသားစုများသည် ထိုင်းနိုင်ငံရေးလောကတွင် တစ်ကျော့ပြန် ပြန်လည်ရပ်တည်နိုင်သည့် အခြေအနေ ရှိနေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထိုင်းနိုင်ငံ၌ မေ ၂၂ ရက်က စစ်ဘက်မှ အာဏာသိမ်းယူမှုပြုခဲ့ခြင်းမှာ လနှင့်ချီ၍ကြာမြင့်သော နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ အုံကြွမှုများမှ ကင်းလွတ်တည်ငြိမ်သော အခြေအနေကို ရယူလိုခြင်းကြောင့် ဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။

ထိုင်းတပ်မတော် အစိုးရအနေဖြင့် နိုင်ငံအတွင်း၌ ဒီမိုကရေစီ ရှင်သန်ရေးအတွက် လုပ်ဆောင်သွားမည်ဟု ကတိပြုခဲ့ပြီး အောက်ခြေသိမ်းပြုပြင်လုပ်ဆောင်မှုများ ပြုလုပ်သွားမည်ဟု ဆိုသည်။ **ဘီဘီစီ။**

အာဏာသိမ်းရန် ကြိုတင်ပြင်ဆင်မှု မရှိကြောင်း ထိုင်းစစ်ဘက် အထက်တန်းတာဝန်ရှိသူ ငြင်းဆို

မြို့တော်ဗန်ကောက်ရှိ
ဈေးတစ်ဈေး၌
လုံခြုံရေးစောင့်ကြပ်နေသော
စစ်သည်တစ်ဦးကို တွေ့ရစဉ်။

လက်သင်္ကေတပြ ဘာသာစကားဝန်ဆောင်မှု အစီအစဉ် မိတ်ဆက်ခြင်းနှင့် လက်သင်္ကေတပြ ဘာသာစကားပံ့ပိုးသူများသင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်သည့် နားမကြားသူများ၊ လူ့အသိုက်အဝန်းအတွင်း ဝင်ဆန့်နိုင်မှု မြှင့်တင်ရေးစီမံချက်၏ လက်သင်္ကေတပြ ဘာသာစကားဝန်ဆောင်မှု အစီအစဉ် မိတ်ဆက်ခြင်းနှင့် လက်သင်္ကေတပြ ဘာသာစကားပံ့ပိုးသူများ သင်တန်းအမှတ်စဉ်(၂) ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (UN-CRPD) ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကာ စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါကြောင်း၊ သဘောတူစာချုပ်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေ (မူကြမ်း)ကိုရေးသားပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

သုတေသနပြုချက်များအရ မသန်စွမ်းမှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေသကဲ့သို့ မသန်စွမ်းမှုနှင့် ဆင်းရဲနွမ်းပါးမှုသည်လည်း ဆက်နွယ်မှုရှိနေပါကြောင်း၊ ၂၁ ရာစုအစတွင် မသန်စွမ်းမှုနှင့် မသန်စွမ်းသူများ၏ အရေးကိစ္စများကို ကမ္ဘာနှင့်အဝှမ်းတွင် ရှုထောင့်သစ်၊ အမြင်သစ်များဖြင့် စတင်ဆောင်ရွက်လာခဲ့ပြီး မသန်စွမ်းသူများ၏ လှုပ်ရှားဆောင်ရွက်မှုများလည်း ပေါ်ပေါက်လာခဲ့ပါကြောင်း၊ မသန်စွမ်းသူများအပေါ် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊အယူသီးခြင်း၊ကြောက်ရွံ့စိုးရိမ်ခြင်း စသည်များကြောင့် အထီးကျန်ဘဝကို ရောက်ခဲ့ရသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများသည် ယခုအချိန်တွင် ကမ္ဘာတစ်ဝန်းလုံးက အထူးအာရုံစိုက်လာရသည့် ကိစ္စတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း။

မသန်စွမ်းများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန်၊ လွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရန်နှင့် လူ့အသိုက်အဝန်းအတွင်း တန်းတူရည်တူ ပါဝင်ခွင့်ရရှိနိုင်ရန်အတွက် အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အရေးများရရှိရေး ဆောင်ရွက်ရာတွင် နားမကြားသူများကို အခြားမသန်စွမ်းသူများနည်းတူ အခွင့်အရေးများရရှိခံစားနိုင်စေရန် ဆောင်ရွက်ပေးခြင်းသည် အရေးပါသည့် အခန်းမှ ပါဝင်ပါကြောင်း။

မြန်မာနိုင်ငံ၏ အခြေခံမသန်စွမ်းမှု စစ်တမ်းကို ၂၀၀၈ ခုနှစ်က မြို့နယ်ပေါင်း ၁၂၀ တွင် စစ်တမ်းကောက်ယူခဲ့ရာ၌ မြန်မာနိုင်ငံလူဦးရေ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်သည်ကိုတွေ့ရှိရပါကြောင်း၊ ယင်းအထဲမှ ၁၀ ရာခိုင်နှုန်းသည် အကြားအာရုံချို့တဲ့သူများ ဖြစ်ပါကြောင်း၊ နိုင်ငံအနှံ့အပြားတွင် နေထိုင်သည့် အကြားအာရုံချို့တဲ့သူများအတွက် ဆက်သွယ်မှု အခက်အခဲများ ဖြေရှင်းပေးနိုင်ရန် မိမိတို့ ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA (မြန်မာ)မှ Chief Representative Mr. Masahiko TANAKA က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် နားမကြားသူများအတွက် လက်သင်္ကေတပြ ဘာသာစကားပံ့ပိုးသူ ၁၀၀ ထွက်ပေါ်လာစေရန် သင်တန်းများ ဆက်လက်ဖွင့်လှစ်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ လက်သင်္ကေတပြ ဘာသာစကား ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် လုပ်ငန်းအစီအစဉ်များချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းများမှ သင်တန်းသားများနှင့် မြန်မာ့ရုပ်မြင်သံကြားတို့ ပူးပေါင်းလေ့ကျင့်မှုများလည်း ပြုလုပ်နေပြီဖြစ်ရာ မြန်မာ့ရုပ်မြင်သံကြား သတင်းထုတ်လွှင့်မှုများတွင် လက်သင်္ကေတပြ ဘာသာစကားဖြင့် ပြသခြင်းကို တွေ့မြင်ရတော့မည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ယနေ့မိတ်ဆက်သည့် လက်သင်္ကေတပြ ဘာသာစကားဝန်ဆောင်မှုအစီအစဉ်သည် နားမကြားသူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် တရားဥပဒေရေးရာ စသည့်ကိစ္စများတွင် အခက်အခဲများရှိသည့်အခါ အကူအညီတောင်းခံလာပါက သင်တန်းဆင်းများက ဘာသာပြန်ဆို အကူအညီပေးမည့်လုပ်ငန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် ပထမဆုံးသော နားမကြားသူများအတွက် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး ရန်ကုန်မြို့တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော သင်တန်းများကို နှစ်စဉ် ဖွင့်လှစ်ပြသနိုင်သည်နှင့်အမျှ ယခုကဲ့သို့သော ဝန်ဆောင်မှု အစီအစဉ်များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တိုးမြှင့်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၆ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၁၁ (၁)၏ နောက်တွင် (ပ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ပ)ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ၊ နိုင်ငံတော်အရအသုံးစာရင်းများတွင် ဖော်ပြထားခြင်း၊ ရသုံးခန့်မှန်းခြေ ခွင့်ပြုချက်တွင် ပါဝင်ခြင်းမရှိသော်လည်း ဘဏ်မှ ငွေထုတ်ကန့်သတ်ချက်ဖြင့် ထုတ်ယူသုံးစွဲရသော အသုံးစရိတ်မျိုးဖြစ်သည့် အပ်ငွေစာရင်းများ၊ ကြိုတင်ထုတ်ပေးငွေစာရင်းများ၊ ယာယီစာရင်းတင်ငွေ၊ အခြားချေးငွေများ၊ လွှဲပို့ငွေစာရင်းများဆိုင်ရာ ရငွေ၊ ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ စနစ်တကျကြီးကြပ်၊ ထိန်းချုပ်၊ ကွပ်ကဲမှုရှိ မရှိစစ်ဆေးခြင်းနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။"

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

ဇွန်လ ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၅)တွင် ဖော်ပြထားသော "မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်" ခေါင်းစဉ်အစား "မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **စာတည်းအဖွဲ့**

လှိုက်လှဲစွာအထူးကျေးဇူးတင်ဝမ်းမြောက်လှာ

ငွေကျားတိုက် PHILIPS

၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ပုလဲဝင်တာ ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ်တွင် ငွေကျားတိုက် Silver Tiger Co.,Ltd မှ **Authorized Distributor** အဖြစ်ရရှိထားသော ကမ္ဘာ့ထိပ်တန်းအမှတ်တံဆိပ် **Philips Home Lighting Showroom** ဖွင့်ပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခြင်းနှင့် **Philips Home Lighting Launch Party** ပွဲသို့ကြွရောက်၍ အဖွင့်မိန့်ခွန်းပြောကြားပေးပါသော **ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ** နှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများ၊ အင်ဂျင်နီယာကြီးများ၊ ရန်ကုန်နှင့်နယ်မှ ကြွရောက်ပေးပါသော အရောင်းကိုယ်စားလှယ်ကြီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ သတင်းနှင့် စာနယ်ဇင်းမီဒီယာများ၊ MRTV-4 အဖွဲ့နှင့် ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း ဂုဏ်ပြုပန်းခြင်းများ ပေးပို့ပေးပါသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အား လှိုက်လှဲဝမ်းမြောက်စွာ ကျေးဇူးအထူးတင်ရှိပါသည်။

ဦးတင်လတ်+ဒေါ်မာလာမြင့်
ငွေကျားတိုက်ကုမ္ပဏီလီမိတက်မိသားစုနှင့် ဝန်ထမ်းများ
Silver Tiger Co.,Ltd

သတင်းလွတ်လပ်ခွင့် နှင့် လိုက်နာရမည့်မီဒီယာကျင့်ဝတ်

စိန်လှိုင်ဗိုလ်

ယနေ့အချိန် ယနေ့ကာလ မီဒီယာစာမျက်နှာများပေါ်တွင် နေရာများစွာယူနေသော အကြောင်းအရာများမှာ မြေသိမ်းယာသိမ်းကိစ္စများ၊ အလုပ်ရှင်နှင့်အလုပ်သမားအကြား လုပ်အားခတောင်းဆိုခြင်းကိစ္စများနှင့် တရားစီရင်ရေးနယ်ပယ်တွင်တွေ့ကြုံနေရသော မညီမျှမှုပြဿနာများ ဖြစ်သည်။

ထိုပြဿနာများကြားတွင် သတင်းမီဒီယာသမားများ၏အခန်းကဏ္ဍသည်လည်း ပါဝင်ပတ်သက်လျက်ရှိသည်။ သတင်းမီဒီယာဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည်။ စာနယ်ဇင်းကောင်စီ(ယာယီ)ကလည်း မီဒီယာကျင့်ဝတ်ကို မေ ၃ ရက်က အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ မီဒီယာသမားများအနေဖြင့် မီဒီယာကျင့်ဝတ်နှင့်အညီ အစိုးရနှင့်ပြည်သူများအကြား စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်လှုပ်ရှားရေးသားကြရတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ၏ သတင်းမီဒီယာကျင့်ဝတ်အတည်ပြုထုတ်ပြန်ခြင်း အခမ်းအနားကျင်းပသည့် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမသို့ တက်ရောက်ခွင့်ရရှိခဲ့ရာ စာနယ်ဇင်းကောင်စီ၏ တာဝန်ရှိပုဂ္ဂိုလ်များဖြစ်ကြသော ဦးသီဟစော၊ ဦးဇော်သက်ထွေး၊ ဦးကိုကို၊ ဦးကျော်မင်းဆွေအပါအဝင် ဦးချစ်ဝင်းမောင်၊ ဦးမြတ်ခိုင်နှင့် ဦးမြင့်ကျော်တို့၏ ဆွေးနွေးချက်များကို မှတ်သားနာယူခဲ့ရသည်။ မိမိနှင့်သဘောထားချင်းတိုက်ဆိုင်တူညီသောအချက်များ များစွာပါဝင်ခဲ့သဖြင့် မတက်ရောက်နိုင်ကြသူ သတင်းသမားများကို လိုရင်းတိုရှင်းအနှစ်ချုပ်၍ ရေးသားတင်ပြလိုက်ပါသည်။

မီဒီယာဆွေးနွေးပွဲတိုင်းလိုလို ပါဝင်ထည့်သွင်းဆွေးနွေးနေကျဖြစ်သော လှိုင်ကော်မြို့၊ မကွေးမြို့ အပါအဝင် ဒေသအသီးသီးမှသတင်းထောက်များ တရားစွဲဆိုထောင်ဒဏ်ချမှတ်ခံနေကြရခြင်းအပေါ်တွင်လည်းကောင်း၊ ထပ်မံ၍တရားစွဲဆိုခံနေကြရသော သတင်းထောက်များကလည်းကောင်း မကျေနပ်ချက်၊ ရင်ဖွင့်ချက်များကို တွေ့မြင်ကြားသိလိုက်ရသည်။

တစ်ယောက်ကများဆိုလျှင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီကိုပင် နင့်နင့်သီးသီးထိပါးပုတ်ခတ်ဝေဖန်ခဲ့သည်။ မိမိတို့အနေဖြင့် သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာကျင့်ဝတ် အတည်ပြုပြဋ္ဌာန်းနိုင်ရန် ရန်ကုန်နှင့်နေပြည်တော်အကြား နှစ်နှစ်တာကာလအတွင်း အခေါက်ခေါက်အခါခါပင်ပန်းကြီးစွာ ပြေးလွှားလှုပ်ရှားနေကြရသောကောင်စီဝင်များကို စာနာထောက်ထားမိသည်။ နည်းနည်းနှင့် ကျဲကျဲဝိုင်း၍ အလွန်လေးလံသော ဝန်ထုပ်ကြီးကို ကိုယ့်ထမင်းကိုယ်စားပြီး ထမ်းဆောင်နေကြရသူများအပေါ် အလွန်ပင်ကျေးဇူးတင်နေမိသည်။

ယခင် သတင်းမီဒီယာဥပဒေကလည်း မပေါ်လာသေး၊ သတင်းမီဒီယာကျင့်ဝတ်ကလည်း မထုတ်ပြန်နိုင်သေးသည့်အချိန်တွင် မိမိတို့သတင်းသမားအချို့ ခြေချော်လက်ချော်အမှားများ အမှတ်မထင်ကျူးလွန်ခဲ့ကြဖူးသည်။ မိမိသည်တိုင်းဒေသကြီးတစ်ခု၏ သတင်းမီဒီယာဆိုင်ရာ အကြီးအကဲတာဝန်ကို ထမ်းဆောင်နေသူဖြစ်ရာ ကိုယ်တွေ့ကြုံရသည်များအနက်မှ အချို့ကို ကိုယ့်ပေါင်ကိုယ်လှန်ထောင်းလိုက်ချင်သည်။ ဦးစွာတင်ပြလိုသည်မှာ ရောက်ရှိလာသောတိုင်စာအချို့ဖြစ်သည်။ ရင်ဘတ်တွင် ရင်ထိုးတံဆိပ်တပ် အိတ်ကပ်ထဲတွင် ကတ်ပြားထည့်၍ နေရာအနှံ့ သတင်းသမားအချို့အကြောင်း ဖြစ်သည်။

KTV ကို သွားသည်။ မာဆတ်ကိုသွားသည်။ ရဲစခန်းကိုသွားသည်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးဒိုင်တွေဆီကိုလည်း ရောက်သည်။ တရားရုံးကိုလည်း ရောက်သည်။ ဘာသွားလုပ်သည်ထင်ပါသနည်း။ ထို့အပြင် သစ်ခွဲစက်သို့လည်း ရောက်သည်။ တောတွင်းက သစ်ခွဲသည့်လွှစင်ကိုလည်း ရောက်သည်။ မီးသွေးဖုတ်သည့်တောထဲကိုလည်း ရောက်သည်။ ဝါးဖောင်မျှောသည့် ရေဆိပ်တွင် ဝါးအောက်၌ သစ်များပါလာခြင်းရှိ၊ မရှိလည်းသွားရောက်စစ်ဆေးလိုက်သေးသည်။ ရှာဖွေရေးဂိတ်များ၌လည်း သူ့နည်းသူ့ဟန်နှင့် တွင်ကျယ်ကြသည်။ ကျွန်တော်တို့မီဒီယာသမားတွေအကြောင်းဖြစ်သည်။ အချို့သတင်းဌာနများကလည်း သတင်းမီဒီယာသမားကို စိစိစစ်စစ်မဟုတ်ဘဲ ရင်ထိုးတွေ၊ ကတ်ပြားတွေကို ဖောဖောသီသီ ဖောင်းဖောင်းပွပွထုတ်ပေးလျက်ရှိသည်။ **အများပြည်သူအကျိုးအတွက် တာဝန်ထမ်းဆောင်ကြမည့် သတင်းမီဒီယာများထဲတွင် "ငါရေးလိုက်ရမလား . . . . လာထား"**တွေမရှိစေချင်ပါ။

စာနယ်ဇင်းကောင်စီဝင်တစ်ဦးက သတင်းမီဒီယာသမားများကို မှာကြားသောစကားတွင် **သူများလာထိန်းတာမကြိုက်ရင် ကိုယ့်ဘာသာကိုယ်ထိန်းရမယ်**ဟူသော စကားလုံးကို ကြိုက်နှစ်သက်သည်။ သတင်းစာဆရာ မစ္စတာလယ်ရီဂျာကင်က ကမ္ဘာပေါ်တွင် အခက်ခဲဆုံးအသက်မွေးဝမ်းကျောင်းအလုပ်သည် သတင်းသမားအလုပ်ဖြစ်ကြောင်း ဆီဒိုးနားဟိုတယ်တွင် ပြောကြားခဲ့သည်။ သတင်းသမားတွင် အခွင့်အရေးရှိသကဲ့သို့ တာဝန်လည်းရှိကြောင်း၊ မှုတစွာ ရေးဖို့ပြောဖို့ လိုသကဲ့သို့ ဘက်လိုက်မှုမရှိရန်လိုအပ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

စာနယ်ဇင်းကောင်စီဝင်တစ်ဦးကမူ သတင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ **ပေးသူရှိမှ ရတာမျိုးမဖြစ်ချင်ကြောင်း၊ ကျင့်ဝတ်နှင့်ညီသော သတင်းသမားဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ သတင်းစာအခြေခံပညာအတိုင်း မှုတစွာဆောင်ရွက်ရင် အကာအကွယ်ဆိုတာရပြီးသားဖြစ်ကြောင်း၊ အမှားတွေ့တိုင်းဆဲနေရင် ပြုပြင်ပြောင်းလဲရေးလုပ်လို့ရမည်မဟုတ်ကြောင်း** အကျယ်တဝင့်ဆွေးနွေးချက်သည် သတင်းမီဒီယာသမားများအတွက် သတိပြုဖွယ်ရာဖြစ်သည်။

ဥပဒေပြဋ္ဌာန်းချက်ဆိုသည်မှာ မိမိကြိုက်နှစ်သက်သည်ဖြစ်စေ၊ မကြိုက်နှစ်သက်သည်ဖြစ်စေ လိုက်နာရမည်သာ ဖြစ်သည်။ ကျင့်ဝတ်ဆိုသည်မှာမူ မိမိအသိဖြင့် လိုက်နာရခြင်းမျိုးဖြစ်သည်။ မိမိတို့ဘက်ကလည်း လူကြီးလူကောင်းဆန်ဆန် ပြုမူပြောဆိုခြင်းဖြင့် ကျင့်ဝတ်ကို ကိုယ်တိုင်ထိန်းကျောင်းခြင်းမျိုးလိုအပ်ကြောင်း ဆွေးနွေးချက်မှာလည်း အလွန်ကောင်းမွန်သည်။ မိမိရောက်ရှိသတင်းယူနေသောနေရာ၏အဆင့်အတန်းကို ကိုယ်တိုင်သိရှိဖို့လိုအပ်ပြီး ဝတ်စားဆင်ယင်မှုမှစ၍ လိုက်လျောညီထွေရှိဖို့လိုသည်။ မောင့်ကျက်သရေခေါင်းပေါင်းပေါင်းပြီး တောင်ရှည်ပုဆိုးဝတ်ရန်ဆိုလိုခြင်းမဟုတ်ကြောင်း ထည့်သွင်းမှာကြားချက်ကိုလည်း ကြိုဆိုသည်။

မိမိတို့သတင်းမီဒီယာသမားများသည် သတင်းသမားတာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်ကြရမည်။ ပြည်သူလူထုက သတင်းသမားများကို အားကိုးတကြီး ဦးတည်ချဉ်းကပ်နေပါပြီ။ မိမိရောက်ရှိနေသော အဆင့်အတန်းကို မိမိကိုယ်တိုင်သိရှိဖို့လိုအပ်သည်။ စာနယ်ဇင်းကောင်စီအတွင်းရေးမှူးက အများအကြိုက် ရေလိုက်ငါးလိုက်မပြောဘဲ **"ဘယ်သူတွေ ဘာပြောပြော မြင်စရာရှိတာတွေ ကိုယ်တိုင်မြင်မှုရမယ်၊ လက်ခုပ်သံကို မမျှော်လင့်ဘူး၊ ဆဲသံပဲကြားချင်တယ်"**ဟု ပြောသော နိဂုံးချုပ်အမှာစကားကို မိမိနှင့်တက်ရောက်လာသူ သတင်းသမားများက လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် ကြိုဆိုခဲ့ကြသည်။

အထက်တွင် ရေးသားဖော်ပြခဲ့သည်များမှာ မြန်မာနိုင်ငံသတင်းစာဆရာများ သတင်းမီဒီယာကျင့်ဝတ်အတည်ပြုထုတ်ပြန်ခြင်းအခမ်းအနား၌ တာဝန်ရှိကောင်စီဝင်များ၏ မှာကြားချက်နှင့် မိမိ၏အမြင်ကို ပေါင်းစည်းရေးသားလိုက်ခြင်းဖြစ်သည်။ နိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ ပြည်သူလူထုက **"သတင်းမီဒီယာသမားတွေမှားနေ"**ဟု ဝေဖန်ပြစ်တင်ခြင်းမှ လွတ်ကင်းစေရန် သတင်းမီဒီယာဥပဒေကို ကျေညက်အောင်ဖတ်ကြပါ။ သတင်းမီဒီယာကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်များကို မတိမ်းမစောင်းဘဲ လိုက်နာကြပါ။ သို့ပါလျှင် သတင်းသမားများကို ခြိမ်းခြောက်လျက်ရှိသော **"အသရေဖျက်မှု၊ ကျော်နင်းဝင်ရောက်မှု၊ ဝတ္တရားနှောင့်ယှက်မှုအပါအဝင် အစိုးရလျှို့ဝှက်ချက်ဥပဒေ"**များကို ငြိစွန်းမှုမရှိစေဘဲ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

သတင်းစာဆရာကြီးတစ်ဦးက သတင်းသမားများကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း ပထမအကြိမ်ဗဟိုဦးစီးအစည်းအဝေးတွင် **"ခြေဖျားမထောက်ကြပါနဲ့"**ဟု ဆုံးမစကားပြောကြားသွားသည်ကို ဦးထိပ်ပန်ဆင်ကြစေလိုသည်။ မိမိအနေဖြင့်မူ သတင်းမီဒီယာသမားများ **"သတင်းမီဒီယာဥပဒေနှင့် ကျင့်ဝတ်ကို လေးနက်စွာကျင့်သုံးလိုက်နာ၍ ညောင်သီးလည်းစား လေးသံလည်းနားထောင်ကြရန်"**တိုက်တွန်းလိုက်ရပါသည်။ ။

မီဒီယာသမားများအနေဖြင့် မီဒီယာကျင့်ဝတ်နှင့်အညီ အစိုးရနှင့် ပြည်သူများအကြား စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်လှုပ်ရှားရေးသားကြရမည်။

ရေချိုလည်းရ မြို့လည်းလှတော့မည်

မြောင် ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့သည် မြန်မာပြည်အလယ်ပိုင်းတွင်တည်ရှိပြီး မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်သည့်အလျောက် ရေချိုရှားပါးမှုဒဏ်ကို ရာစုများစွာ မြို့သူမြို့သားများ ခံစားခဲ့ကြရကြောင်း သိရသည်။ မြောင်မြို့နှင့် သုံးမိုင်ခန့်ကွာဝေးသည့် ရွှေပေါက်ပင်ကျေးရွာအနီး ဧရာဝတီမြစ်မှ ပွန်တွန်းဖြင့် ဂါလန် ၅၀၀၀၀ ဆံ့ ရေစုကန်သို့ တင်ပို့ကာ မြို့လုံးကျွတ်သောက်သုံးရေ ပေးဝေရေးလုပ်ငန်းကို ဇွန် ၂၀ ရက်က အောင်မြင်စွာ ဖွင့်နိုင်ခဲ့ကြောင်း သိရသည်။

"အခေါ် အသက် (၆၅) နှစ်ရှိပါပြီ။ ဧရာဝတီမြစ်ရေချိုကို နေ့စဉ်သောက်သုံးရမယ်လို့ အိပ်မက်တောင်မမက်ခဲ့ပါဘူး။ အခုဆို ရပ်ကွက်ရေပေးဝေရေးကန်ကို နေ့စဉ်နဲ့အမျှ သမီးတို့၊ မြေးတို့က သွားပြီးခပ်သယ်တော့ နေ့စဉ်သောက်သုံးနေရတယ်ကွယ်။ မြစ်ရေကို ကြိုချက်ပြီး ရှမ်းပြည်က လက်ဖက်ခြောက်လေးခပ်ပြီး သောက်ရတာ အင်မတန်အရသာရှိပါတယ်။ ဒါကြောင့် အလှူရှင်မိသားစုကို တစ်မြို့လုံးက ကျေးဇူးအထူးတင်ရှိပါတယ်။ ကျန်းမာချမ်းသာပြီး ရေအကျိုးဆယ်ပါး မတောင်းဘဲပြည့်ပါစေ၊ စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြည့်ဝကြပါစေလို့ နေ့တိုင်းညတိုင်း ဆုတောင်းနေပါတယ်"ဟု မြောင်မြို့ မြောက်ရပ်ကွက်နေ အဘွားဒေါ်ခင်သန်းက ပြောပြသည်။

"ယခုလို ရပ်ကွက်ရေကန်များမှနေ၍ ရေချိုမြစ်ရေ ဖြန့်ဖြူးပေးသလို ရေမီတာများဖြင့်လည်း အိမ်အရောက်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ကျွန်တော်တို့မြို့က ဧရာဝတီမြစ်နဲ့ သုံးမိုင်ခန့်ဝေးပါတယ်။ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလောက်မှ မြစ်ရေကြီးပြီး မြို့ကမ်းခြေကိုခွေရစ်မှသာ ရေချိုကိုသုံးရပါတယ်။ မြေအောက်ရေတွင်းတူးတော့လည်း ရေပေါ့နှင့် ရေငန်ပဲရပါတယ်။ အလှူရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်"ဟု တောင်ရပ်ကွက်ရှိ ဦးဝင်းမြင့်က ပြောပြသည်။

ယခင်က မြောင်မြို့သည် ရေချိုမရရှိသည့်အတွက် တမာ၊ မကျည်း၊ ဘောစကိုင်း၊ ကုက္ကိုပင်များသာဖြစ်ထွန်း၍ အခြားသီးပင်စားပင်များ စိုက်ပျိုးရာတွင် မိုးရေကိုသာ အဓိကအားထားပြီးစိုက်ပျိုးခဲ့ရသည်။ ရေပြောင်းလျှင် မြေပြောင်းသွားမည်ဖြစ်၍ သီးပင်၊ စားပင်များဖြင့် စိမ်းစိုဝေဆာသာယာသည့်မြို့တစ်မြို့ဖြစ်လာမည်ကို ဒေသခံများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

တင်ကိုကို(IPRD)

ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်သော (၂၅)နှစ်မြောက် နှစ်ပတ်လည်နေ့ ငွေရတုအခမ်းအနားဖွင့်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၈ ရက် ၁၃:၀၀ နာရီအချိန် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်တွင်တာဝန်ထမ်းဆောင်ခဲ့ကြသော ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ တိုက်ကွမ်ဒိုအားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင် တိုက်ကွမ်ဒိုလက်ရွေးစင်များ၊ နည်းပြဆရာများ၊ ကစားသမားများ တက်ရောက်အားပေးချီးမြှင့်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်

❖ ပြည်သူ့လွှတ်တော်မှ

ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ ကျူးကျော်အိမ်များကို ရွှေ့ပြောင်းနေရာချထားပေးခြင်းလုပ်ငန်းတာဝန်များ ပါဝင်ဆောင်ရွက်ခဲ့ရပါကြောင်း။

ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးစီမံကိန်းအတွက် စီမံကိန်းဧရိယာမြေပြင် ရှင်းလင်းခဲ့ပြီးနောက် သယ်န်းကျွန်းစံပြဆေးရုံကြီးကို တည်ဆောက်ခဲ့ပါကြောင်း၊ ဆေးရုံကြီးတည်ဆောက်ရာတွင် အနီးပတ်ဝန်းကျင်ဧရိယာကိုလည်း မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်အောင်ဆောင်ရွက်ရန်နှင့် လမ်းညွှန်မှုအရ ကျူးကျော်တဲများ ရှင်းလင်းပြီးသောအစိုးရမြေဖြစ်သည့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အမည်ပေါက်မြေ (၁၃ ဒသမ ၁၂၅) ဧကတွင် အဆင့်မြင့်အိမ်ရာ စီမံကိန်းတစ်ခုကို ရတနာသီရိအိမ်ရာ စီမံကိန်းအမည်ဖြင့် လုံးချင်းအိမ်ရာမြေကွက် (၂၅)ကွက်ကို Asia World Co.,Ltd တို့နှင့် အကျိုးတူ ပူးပေါင်းတည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

စီမံကိန်းဧရိယာအတွင်း မြေပိုင်ဆိုင်မှုအထောက်အထားတင်ပြနိုင်သူ(၁၁)ဦးအား ရတနာသီရိလုံးချင်းအိမ်ရာစီမံကိန်း၊ ဇဝနရပ်ကွက်မှာပင် မြေကွက်ရိုက်ပြီး ပြန်လည်နေရာချထား၍ မြေပိုင်ဆိုင်မှု မြေငှားဂရန်စာချုပ်များ ထုတ်ပေးခဲ့ပါကြောင်း၊ စီမံကိန်းဧရိယာအတွင်းမှ မြေပိုင်ဆိုင်မှု အထောက်အထား မတင်ပြနိုင်သော အိမ်ပိုင်ရှင် (၁၇၃)ဦးကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၈)တွင် ပေ (၂၀×၆၀) မြေကွက်(၁)ကွက်စီ အခမဲ့ နေရာချထားပေးခဲ့ပါကြောင်း။

စီမံကိန်းဧရိယာအတွင်းမှ ဖျက်သိမ်းရွှေ့ပြောင်းကြရသော အိမ်ငှား(၁၀၅)ဦးကိုလည်း အိမ်ပိုင်၊ မြေပိုင်ဖြစ်စေရန် လှိုင်သာယာမြို့နယ်၊ သောင်ကြီး/မြောက်(၁၄)ရပ်ကွက်တွင် ပေ (၂၀×၆၀) မြေကွက်(၁)ကွက်စီကို မြေစည်ပင်စရိတ် ပေးသွင်းစေ၍ နေရာချထားပေးခဲ့ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်၏ **တရုတ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသောရွှေ့ပြောင်းအလုပ်သမားများ တရားဝင်သွားရောက်နိုင်ရေးနှင့် ၎င်းတို့ကို အထောက်အထားလက်မှတ်များထုတ်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က မြန်မာအလုပ်သမားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်ရာမှာ တရားမဝင်သွားရောက်လုပ်ကိုင်ကြခြင်းကြောင့် လူမှောင်ခိုကူးခံရခြင်း၊ ဇနီးမယားအဖြစ်ရောင်းစားခံရခြင်း၊ အလုပ်ရှင်များ၏မတရား ခေါင်းပုံဖြတ်ခံရခြင်း၊ ဖိနှိပ်ခံရခြင်း၊ ပွဲစားများ၏ လိမ်လည်လှည့်စားမှုခံရခြင်းများ ကြုံတွေ့ခဲ့ကြရသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မိမိအလုပ်သမားများ ပြည်ပနိုင်ငံများသို့

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်။

တရားဝင် သွားရောက်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ထိရောက်သည့် အကာအကွယ်ပေးနိုင်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ရွှေ့ပြောင်းသွားလာနိုင်ရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများကို သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများနှင့်အညီ ရရှိခံစားစေနိုင်ရန်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပ၌ အလုပ်အကိုင်ကြီးကြပ်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် စနစ်ကျသည့် မူဝါဒများကိုချမှတ်၍ အလုပ်သမားရေးရာကိစ္စရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြည်ပသို့ တရားဝင်သွားရောက်စေနိုင်ရေးနှင့် သွားရောက်မည့်အလုပ်သမားများအတွက် သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ခံစားခွင့်ရရှိရေး၊ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့ သွားရောက်မည့် မြန်မာရွှေ့ပြောင်းအလုပ်သမားအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို International Labour Organization(ILO)၊ International Organization For Migration (IOM) စသည့် Non-Governmental Organizations (NGOs)၊ International Non-Governmental Organizations (INGOs)များနှင့် United Nations (UN) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ သတင်းမီဒီယာများမှလည်း အသိပညာပေးမှုများကို ထုတ်လွှင့်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်က မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ရေးနှင့်ပတ်သက်၍ ကမ်းလှမ်းခြင်းမျိုးမရှိသေးသည့်အတွက် မြန်မာနိုင်ငံမှ အလုပ်သမားများသည် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ရက်ရှည်နေထိုင်ခွင့်မရှိသည့် ယာယီနယ်စပ်ဖြတ်ကျော်သွားရောက်ခွင့် လက်မှတ်နှင့်သာ သွားရောက်နေကြပြီး တစ်ဦးချင်းအနေဖြင့် သူတို့အထောက်အထားစာရွက်များကို နိုထရီပြုလုပ်ကာ အလုပ်သွားရောက်လုပ်ကိုင်သူများသာရှိပါကြောင်း။

နောင်တစ်ချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်က မြန်မာနိုင်ငံမှ အလုပ်သမားများကို တရားဝင်ခေါ်ယူရန် ကမ်းလှမ်းမှုများပြုလုပ်လာပါက မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများနည်းတူ နားလည်မှုစာချွန်လွှာ(MoU)ရေးထိုးကာ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တည်ဆဲအလုပ်သမားဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

❋ အမျိုးသားလွှတ်တော်မှ

ချီးမြှင့်ခြင်း၊ ပြည်သူ့သားကောင်းတံဆိပ်၊ စစ်မှုထမ်းများဘုတ်အဖွဲ့ ပညာသင်ထောက်ပံ့ကြေးနှင့် ဆေးကုသခွင့်များကို ဆောင်ရွက်ပေးပါကြောင်း။

ထို့ပြင် တိုက်ပွဲကျဆုံး/သေဆုံးအရာရှိ/စစ်သည်များ၏ ကျန်ရစ်သူမိသားစုများအတွက် နိုင်ငံတော်က သေဆုံးမှုဆုကြေး၊ ကရုဏာကြေး၊ အိမ်ထောင်စုဝင် အထူးအငြိမ်းစားလစာ၊ ကလေးစရိတ်၊ ပညာသင်စရိတ်နှင့်စစ်မှုထမ်းဘုတ်အဖွဲ့ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ခြင်း၊ စစ်မှုထမ်းကောင်းတံဆိပ်ချီးမြှင့်ခြင်း၊ သင်္ဂဟတံဆိပ်ချီးမြှင့်ငွေ လစဉ်ချီးမြှင့်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ငွေ၊ သား/ သမီးငါးဦးအထက် ထောက်ပံ့ငွေ ခံစားခွင့်ပြုခြင်းနှင့် ဆေးကုသခွင့်တို့ကို ဆောင်ရွက်ပေးပါကြောင်း။

တပ်မတော်က သက်ပြည့်အငြိမ်းစားနှင့် အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်ခွင့် ရသူများအတွက် နေထိုင်ခွင့်လျှောက်ထားတင်ပြလာပါက မြေနေရာချထားရေးဘုတ်အဖွဲ့ဖြင့် စိစစ်၍ မြေနေရာနှင့်နေအိမ်များ ချထားပေးလျက်ရှိရာ ၁၉၈၇ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ စစ်မှုထမ်းဟောင်းအိမ်ရာ ၇၅၂ လုံး နေရာချထားပေးခြင်း၊ အစိုးရဌာနများနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်/မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့တွင် အလုပ်အကိုင်များနှင့် နေရာချထားပေးခြင်း၊ တပ်မတော်အထွေထွေသက်သာချောင်ချိရေး ရန်ပုံငွေမှ ထောက်ပံ့ပေးခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်သော သား/သမီးများအား ဆုချီးမြှင့်ခြင်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများအား နိုင်ငံခြားသို့ လေ့လာရေးခရီးစေလွှတ်ပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးပါကြောင်း။

ထို့အတူ ကိုယ်လက်အင်္ဂါစွန့်လွှတ်ပြီး အမြဲတမ်းဆေးအဆင့်နိမ့် အီးအေ (၁/၂) စစ်မှုထမ်းများအတွက် အစိုးရဌာနများနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်/မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့တွင် အလုပ်အကိုင်နေရာချထားပေးခြင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တွင် အစုရှယ်ယာများ ထည့်ဝင်ပေးခြင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အထိ တိုင်းစစ်ဌာနချုပ်နယ်မြေအလိုက် ဆေးအဆင့်နိမ့် အီးအေ(၁/၂)များအတွက် စစ်မှုထမ်းဟောင်းအိမ်ရာ (၂၅၇၈)လုံးအား ဆောက်လုပ်နေရာချထားပေးခြင်း၊ တပ်မတော်အထွေထွေသက်သာချောင်ချိရေးရန်ပုံငွေမှ ထောက်ပံ့ခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော သား/သမီးများအားဆုချီးမြှင့်ခြင်း၊ ထူးချွန်သောကျောင်းသား ကျောင်းသူများအား နိုင်ငံခြားသို့ လေ့လာရေးခရီးစေလွှတ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ခြင်းနှင့် အသက်မွေးမှု အတတ်ပညာများ သင်ကြားပေးခြင်းတို့ ဆောင်ရွက်ပေးပါကြောင်း။

ထို့ပြင် တိုက်ပွဲကျဆုံး/သေဆုံးအရာရှိ/စစ်သည်များ၏ ကျန်ရစ်သူမိသားစုများအတွက် အစိုးရဌာနများနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်/မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့တွင် အလုပ်အကိုင်နေရာချထားပေးခြင်း၊ ကျဆုံးအရာရှိ/စစ်သည်များ၏ ကျန်ရစ်သူ မိသားစုများအတွက် ရွှေပေါက်ကံမြို့သစ်မြေကွက် (၆၂၃) ကွက်ဖော်ထုတ်၍ မြေနေရာချထားပေးခြင်းနှင့် တပ်မတော်အထွေထွေသက်သာချောင်ချိရေးရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါကြောင်း။

အလားတူ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ သက်ပြည့်အငြိမ်းစားယူ နုတ်ထွက်ခွင့်ရရှိသူများ၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ပြီး အမြဲတမ်းဆေးအဆင့်နိမ့် အီးအေ(၁/၂) စစ်မှုထမ်းများနှင့် တိုက်ပွဲကျဆုံး/သေဆုံးအရာရှိ/စစ်သည်များ၏ ကျန်ရစ်သူမိသားစုများအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အနေဖြင့် အသက်ခုနစ်ဆယ့်ငါးနှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ပေးခြင်း၊ နာရေးထောက်ပံ့ခြင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား/သမီးများအတွက် တက္ကသိုလ်/ကောလိပ်ပညာသင်ထောက်ပံ့ကြေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပေးခြင်း၊ ခြေတုလက်တုများ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါကြောင်း။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင်။

မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေအား ထုတ်ပြန်ထားပြီး ဖြစ်သည့်အပြင် အဆိုပါဥပဒေအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေထုတ်ပြန်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **"ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်း"**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **"အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး၏ **"အခြေခံပညာ ကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသောသောက်ရေနှင့်သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်က နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အနက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးကို အဓိကလုပ်ငန်းတစ်ရပ်အနေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ အလားတူ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်း ကျန်းမာရေးလုပ်ငန်းစဉ် (၅) ရပ် ဖြစ်သည့် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေး၊ ရောဂါကာကွယ်ရေး၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းနှင့် ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများအန္တရာယ်ကင်းဝေးရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဆေးရုံ၊ ဆေးပေးခန်းများရှိသည့် မြို့ပြဒေသနှင့် ကျေးရွာများတွင် အဆင်ပြေချောမွေ့သော်လည်း ဆေးရုံ၊ ဆေးပေးခန်းများနှင့် အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် များစွာခက်ခဲလျက်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရသည့် အခြေခံအကြောင်းအရာများ များစွာရှိသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီနိုင်ပါကြောင်း၊ သို့သော်လည်း ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ခြင်းနှင့် ပညာရည်မြင့်မားခြင်းဟူသည့် တူညီသောအချက်နှစ်ချက်ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ခြင်းနှင့် ပညာရည်မြင့်မားခြင်းတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် မှီခိုဆက်စပ်လျက်ရှိပါကြောင်း၊ ထို့အတူ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄) ရပ်တွင်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် အချက်ပါဝင်ပါကြောင်း။

ထိုကြောင့် ကျောင်းနေအရွယ်ကလေးငယ်များသည် ကျန်းမာရေးကောင်းမွန်မှ ဉာဏ်ရည် ဉာဏ်သွေး တိုးတက်ကောင်းမွန်မည်ဖြစ်သောကြောင့် ကျောင်းနေအရွယ်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို နိုင်ငံတော်မှ အထူးအလေးပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှိန်က ရေသန့်အလွယ်တကူ ဝယ်ယူရရှိနိုင်သော မြို့ပြရှိအခြေခံပညာကျောင်းများတွင် ဖြစ်စေ၊ ရေသန့်အလွယ်တကူဝယ်ယူမရရှိနိုင်သော ကျေးလက်ဒေသများရှိ အခြေခံပညာကျောင်းများတွင်ဖြစ်စေ ရေကိုကျိုချက်၍ ရေနွေးကြမ်းအဖြစ်သောက်သုံးသည့် ဓလေ့တစ်ခုပြန်လည်ပေါ်ထွန်းလာမည်ဆိုပါက ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအနေဖြင့် သန့်ရှင်းသော သောက်ရေကို သောက်သုံးနိုင်မည့်အပြင် လက်ဖက်ခြောက်၏ ကျန်းမာရေး ကောင်းမွန်စေသည့် အကျိုးကျေးဇူးများကိုပါ ရနိုင်မည်ဖြစ်သောကြောင့် အခြေခံပညာကျောင်းများတွင် ရေနွေးကြမ်းတိုက်ကျွေးသည့်စနစ်တစ်ခု ဖြစ်ပေါ်လာနိုင်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြု တင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင်က ၂၀ ရက်အတွင်း ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည့်အတွက် ၂၀ရက်စောင့်ဆိုင်းပြီးမှသာ အဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား (International Day Against Drug Abuse and Illicit Trafficking) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၏ ဦးတည်ချက်နှင့် ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂနှင့် မှုခင်းဆိုင်ရာရုံးမှ ချမှတ်ပေးပို့သော ဆောင်ပုဒ်မှာ **"မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ၊ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ"** (A message of hope: Drug use disorders are preventable and treatable) ဖြစ်ပြီး လူထုအဖွဲ့အစည်းအသီးသီး ပါဝင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပြဿနာကို ရာစုနှစ်ပေါင်းများစွာကပင် ကျန်းမာရေးနှင့် လူမှုစီးပွားပြဿနာတစ်ခုအဖြစ် သတ်မှတ်ထားခဲ့ပြီး ကမ္ဘာ့မူးယစ်ဆေးဝါး အစည်းအဝေးကြီးများတွင် အဓိက Agenda တစ်ခုအဖြစ် ထည့်သွင်းဆွေးနွေးလျက်ရှိကြောင်း မူးယစ်ဗဟိုအဖွဲ့၏ ဆောင်ရွက်နေမှုများနှင့် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာအပေါ် ဖြေရှင်းနိုင်ရေးချဉ်းကပ်မှုပုံစံများနှင့် ပတ်သက်၍ ၂၀၀၉ ခုနှစ် မတ်လအတွင်း ကျင်းပခဲ့သည့် (၅၂)နှစ်မြောက် မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေးတွင် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာအား ဖြေရှင်းနိုင်ရန် ပေါင်းစပ်ဆောင်ရွက်မှုနှင့် သဟဇာတဖြစ်သော မဟာဗျူဟာတစ်ရပ် ပေါ်ထွက်လာရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု နိုင်ငံရေးကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက်တစ်ရပ်တို့ ရေးဆွဲပြဋ္ဌာန်းကြေညာခဲ့ပါကြောင်း။

လုပ်ငန်းစီမံချက်တွင် အပိုင်း သုံးပိုင်းပါဝင်ပြီး သုံးစွဲမှုလျှော့ချရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ ထုတ်လုပ်မှုလျှော့ချရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် တရားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ငွေကြေးခဝါချမှုများ တိုက်ဖျက်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရေးတို့ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC, WHO, UNAIDS အဖွဲ့များနှင့် ပူးပေါင်းပြီး မူးယစ်ဆေးစွဲကုသမှုနှင့် နောက်ဆက်တွဲ ဆိုးကျိုးဆက်များ လျှော့ချရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထုတ်လုပ်မှုလျှော့ချရေးအပိုင်းမှာလည်း လုပ်ငန်းပိုမိုမြှင့်တင်ရန်အတွက် မူးယစ်တပ်ဖွဲ့စု (၂၆)စု ဖွဲ့စည်းခဲ့ရာမှ ယခုအခါ တပ်ဖွဲ့စု (၅၀)စုထိ တိုးချဲ့ဖွဲ့စည်းခဲ့ပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုအန္တရာယ်မြင့်မားသည့် နယ်မြေများဖြစ်သော ရှမ်းပြည်နယ်တွင် ရွှေလီစစ်ဆင်ရေး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် သီတာစစ်ဆင်ရေးနှင့် ချင်းတွင်းစစ်ဆင်ရေး၊ မန္တလေးတိုင်းဒေသကြီးတွင် ရတနာပုံစစ်ဆင်ရေးများကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် စစ်ဆင်ရေးများ ဆောင်ရွက်ရာတွင်လည်း တားဆီးနှိမ်နင်းရေးအပြင် အသိပညာပေးရေးနှင့် ဆေးဖြတ်လူနာများ လွှဲပို့ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်တပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေးအတွက်ကိုလည်း တရုတ်နိုင်ငံသို့ သင်တန်းများ စေလွှတ်တက်ရောက်စေခြင်းနှင့် အမေရိကန် DEA အဖွဲ့နှင့် ပူးပေါင်းပြီး ထိုင်းနိုင်ငံ International Law Enforcement Academy သို့ သင်တန်းများ စေလွှတ်တက်ရောက်လျက်ရှိပါကြောင်း။

ယနေ့ခေတ်ကာလတွင် စိတ်ကြွရူးသွပ်ဆေးဝါးသုံးစွဲမှု၊ ထုတ်လုပ်မှုပြဿနာနှင့် ရင်ဆိုင်နေရပြီး မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာဓာတုဗေဒပစ္စည်းများ ထိန်းချုပ်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင်ရောင်းဝယ်မှုနှင့် လမ်းလွှဲရောက်မှုအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပရီကာဆာ ဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘိန်းစိုက်ပျိုးမှုလျှော့ချရေးအတွက် နှစ်စဉ် UNODC နှင့် ပူးပေါင်း၍ တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးမှုကိုဦးစားပေးသော မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်မှုအနေဖြင့်လည်း UNODC၊ ထိုင်းနိုင်ငံ ONCB တို့နှင့် ပူးပေါင်းပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် UNODC Country Programme 2014-2017 (၄)နှစ် စီမံကိန်းအရလည်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးစွဲကုသရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးမှုရရှိသည့် ငွေကြေးများထိန်းချုပ်နိုင်ရေးအတွက် ၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးပစ္စည်းများ ထိန်းချုပ်ရေးဥပဒေအား ပြောင်းလဲကာ စီးပွားရေး၊ နိုင်ငံရေး ကျင့်သုံးမှုအခြေအနေများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်စေရန် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကို ၁၄-၃-၂၀၁၄ ရက်နေ့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း။

တည်ဆဲဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ငွေကြေးခဝါချမှုပေါင်း ၄၉ မှုကို စုံစမ်းစစ်ဆေးခဲ့ပြီး ၂၂ မှုကို ဖော်ထုတ်အရေးယူခဲ့ရာ နိုင်ငံ့ဘဏ္ဍာအဖြစ် ငွေကျပ် ၁၉၉၉၄၁၂ သန်းကို သိမ်းဆည်းနိုင်ခဲ့ပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးကဏ္ဍတွင် ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်မူဘောင်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်နေသည်ကို ထင်ရှားပြဆိုနေပါကြောင်း။

အစားထိုးဓာတုပစ္စည်းများနှင့် စိတ်ပြောင်းဆေးဝါးသစ်များ ပေါ်ထွက်လာမှု၊ စိတ်ကြွဆေးဝါးပြဿနာများ ဆက်လက်ဆိုးရွားလာမှုများကြောင့် နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး (၅)နှစ်စီမံကိန်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန် ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ၁၉၉၂ ခုနှစ် ဧပြီ ၁ ရက်က စတင်ဖွဲ့စည်းခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို ၂၀၁၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း။

လက်ရှိလုပ်ငန်းစွမ်းရည်နှင့် ပြောင်းလဲလာသည့်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်လည်း အချက်အလက်များစုဆောင်းခြင်း၊ စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် မူးယစ်ဆေးဝါးပြဿနာကို တားဆီးနှိမ်နင်းရေးရှုထောင့်၊ ပြည်သူ့ကျန်းမာရေးရှုထောင့်၊ လူမှုစီးပွားရှုထောင့်များမှနေပြီး ဘက်ပေါင်းစုံအမြင်များနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး ဌာနေကိုယ်စားလှယ် Mr.Jason Eligh က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းပြိုင်ပွဲများဖြစ်သည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုပြသသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၂၀၁၃ ခုနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိကြသည့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒုတိယဝန်ကြီးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအရာရှိများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလားတူ မြန်မာနိုင်ငံတစ်ဝန်း၌လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားနှင့်လှုပ်ရှားမှုများကို ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိရာ အဆိုပါအခမ်းအနားများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ မြန်မာကျပ်ငွေ ၃၂၂၂၆ သန်းတန်ဖိုးရှိ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ မြန်မာကျပ်ငွေ ၉၄၁၇ သန်း တန်ဖိုးရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကိုလည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မြန်မာကျပ်ငွေ ၈၃၇၇၇ သန်းတန်ဖိုးရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကိုလည်းကောင်း နေရာတစ်ခုချင်းစီအလိုက် အသီးသီးမီးရှို့ဖျက်ဆီးခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့သည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုးစုစုပေါင်းမှာ မြန်မာကျပ်ငွေ ၁၂၅၄၂၀ သန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဟိုချီမင်းမြို့တော် ကုန်စည်ပြပွဲဖွင့်

ရန်ကုန် ဇွန် ၂၆

ဟိုချီမင်းမြို့ ကုန်စည်နှင့် ဝန်ဆောင်မှုပြပွဲ-၂၀၁၄ (Ho Chi Minh City Trade and Services Expo-2014) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော် ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် Mdm. Nguyen Thi Hong က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုး၊ ဟိုချီမင်းမြို့တော် ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) Mdm. Nguyen Thi Hong၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Mr. Phan Thang Dung၊ The People Committee of the Ho Chi Minh City Investment & Trade Promotion Department မှ Director Mdm. Pho Nam Phuong နှင့် Ho Chi Minh City Department of Agriculture and Rual Development မှ Director General Mr. Nguyen Phuog Trunt တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ပရိဘောဂများ၊ အိမ်သုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ကုန်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို Ho Chi Minh City မှ ကုမ္ပဏီပေါင်း ၆၀ က ပြခန်းပေါင်း ၈၈ ခန်းဖြင့် ဇွန် ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်ကြာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✱ ရွှေဈေးမှ

ယင်းကာလများတွင် အရောင်းအဝယ်ပြန်ကောင်းလာမည်ဟု မျှော်မှန်းထားကြသည်။

ပြည်တွင်းရွှေဈေးကွက်တွင်လည်း ရွှေဈေးနှုန်းများသည် လက်ရှိပေါက်ဈေးအခြေအနေမှ လာမည့်ကာလတိုအတွင်း ၆၇၆၅၀၀ ကျပ်အထိ မြင့်တက်နိုင်ခြေရှိကြောင်းလည်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ခန့်မှန်းထားကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံး(ဝိဇ္ဇာ/သိပ္ပံ) ဘာသာရပ်အမှတ်အများဆုံး ထူးချွန်ကျောင်းသားများပေါ်ထွက်

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ အမှတ်အများဆုံး ထူးချွန်သူ ကျောင်းသားလူငယ် ၁၀ ဦးနှင့် ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံးထူးချွန်သူ ကျောင်းသားလူငယ် ၁၂ ဦးတို့ အသီးသီးပေါ်ထွက်လာခဲ့ရာ အဆိုပါ ကျောင်းသားလူငယ် ၂၂ ဦးတို့ဖြစ်သည့် အနာဂတ်သားကောင်းရတနာလေးများကို ကြေးမုံက ဂုဏ်ပြုလိုက်ပါသည်။

မသီရိထက်နိုင်

မသီရိထက်နိုင်သည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပနှင့် ဇီဝဗေဒ ဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အမှတ်ပေါင်း ၅၅၈ မှတ်ဖြင့် အဆင့်(၁) ရရှိခဲ့ပါသည်။

မမေမြတ်နိုးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အထက(၁) ဒဂုံမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပနှင့် ဇီဝဗေဒ ဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အမှတ်ပေါင်း ၅၅၇ မှတ်ဖြင့် အဆင့်(၂) ရရှိခဲ့ပါသည်။

မမေမြတ်နိုး



မကေခိုင်

မကေခိုင်သည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အထက(၂) လသာမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပနှင့် ဇီဝဗေဒ ဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အမှတ်ပေါင်း ၅၅၄ မှတ်ဖြင့် အဆင့်(၃) ရရှိခဲ့ပါသည်။

မဥမ္မာလေးသည် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကပက(CAE) မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပနှင့် ဇီဝဗေဒ ဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အမှတ်ပေါင်း ၅၅၃ မှတ်ဖြင့် အဆင့်(၄) ရရှိခဲ့ပါသည်။

မဥမ္မာလေး

မသီရိမိုးသက်

မသီရိမိုးသက်သည် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကပက(CAE) မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပနှင့် ဇီဝဗေဒ ဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အမှတ်ပေါင်း ၅၅၂ မှတ်ဖြင့် အဆင့်(၅) ရရှိခဲ့ပါသည်။

မောင်စိုင်းကြည်ဌေးဦး သည် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အထက(၂) လမ်းမတော်မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပနှင့် ဇီဝဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အမှတ်ပေါင်း ၅၅၂ မှတ်ဖြင့် အဆင့်(၅) ရရှိခဲ့ပါသည်။

မောင်စိုင်းကြည်ဌေးဦး

မအေးမြချမ်းသာ**(အပေါ်ပုံ)**သည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အထက(၂)လသာမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပနှင့် ဇီဝဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အမှတ်ပေါင်း ၅၅၂ မှတ်ဖြင့် အဆင့်(၅) ရရှိခဲ့ပါသည်။

မသိမ့်သူဇာဇော် **(အပေါ်ပုံ)** သည် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အထက(ငါးသိုင်းချောင်း)မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၈၀ မှတ်ဖြင့် အဆင့်(၃)ရရှိခဲ့ပါသည်။

မဖြူမင်းသူ

မဖြူမင်းသူသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အထက (ကျောက်တံတား)မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပနှင့် ဇီဝဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အမှတ်ပေါင်း ၅၅၂ မှတ်ဖြင့် အဆင့်(၅) ရရှိခဲ့ပါသည်။

မောင်ဝေလွင်ဦးသည် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အထက(၆) ဗိုလ်တထောင်မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပနှင့် ဇီဝဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အမှတ်ပေါင်း ၅၅၂ မှတ်ဖြင့် အဆင့်(၅) ရရှိခဲ့ပါသည်။

မောင်ဝေလွင်ဦး

မောင်မင်းသန့်တင်

မောင်မင်းသန့်တင်သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အထက(၁) ဒဂုံမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပနှင့် ဇီဝဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အမှတ်ပေါင်း ၅၅၂ မှတ်ဖြင့် အဆင့် (၅)ရရှိခဲ့ပါသည်။

မတင့်တင့်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အထက(ခွဲ) ရွှေကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၅၀၀ မှတ်ဖြင့် အဆင့်(၁) ရရှိခဲ့ပါသည်။

မတင့်တင့်လှိုင်

မချောအိအိသိန်း

မချောအိအိသိန်းသည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အထက (ခွဲ) ကြက်တူရွေးတောင်မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၉၁ မှတ်ဖြင့် အဆင့် (၂) ရရှိခဲ့ပါသည်။

မနှမ့်အိအိဖြူသည် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အထက(ခွဲ) ဇရပ်လှကြီးမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၈၀ မှတ်ဖြင့် အဆင့် (၃) ရရှိခဲ့ပါသည်။

မနှမ့်အိအိဖြူ

မနှင်းဝတ်ရည် **(အပေါ်ပုံ)** သည် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြင်ပဖြေမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၇၃ မှတ်ဖြင့် အဆင့်(၇) ရရှိခဲ့ပါသည်။

မစုမြတ်သူ

မစုမြတ်သူသည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အထက(ခွဲ) သပြေချောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၇၈ မှတ်ဖြင့် အဆင့်(၄) ရရှိခဲ့ပါသည်။

မမွန်မွန်အေးသည် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အထက (ခွဲ) ရေနံတောင်မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၇၇ မှတ်ဖြင့် အဆင့်(၅) ရရှိခဲ့ပါသည်။

မမွန်မွန်အေး

မမေသက်ဖူး

မမေသက်ဖူးသည် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထက(ကျုံပျော်)မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၇၇ မှတ်ဖြင့် အဆင့်(၅) ရရှိခဲ့ပါသည်။

မအိအိဖြိုးသည် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက (အိမ်မဲ)မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၇၅ မှတ်ဖြင့် အဆင့် (၆) ရရှိခဲ့ပါသည်။

မအိအိဖြိုး

မစုဟေမာန်လွင်

မစုဟေမာန်လွင်သည် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက(အိမ်မဲကြီး)မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၇၅ မှတ် ဖြင့် အဆင့် (၆) ရရှိခဲ့ပါသည်။

မခင်သန္တာအေးသည် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက (ကြို့ကုန်း)မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၇၃ မှတ်ဖြင့် အဆင့်(၇) ရရှိခဲ့ပါသည်။

မခင်သန္တာအေး

မသင်းသင်းခိုင်**(အပေါ်ပုံ)** သည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အထက လုံးတုံ (နန့်မွန်း)မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒဂုဏ်ထူးများဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အမှတ်ပေါင်း ၄၇၃ မှတ်ဖြင့် အဆင့်(၇) ရရှိခဲ့ပါသည်။

ပြည်သူလူထုထံ အသိပေးအကြောင်းကြားခြင်း

၁။ မွေးရာပါနိုင်ငံသားများအတွက် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းအား တစ်နေရာတည်းတွင် ဖြေလျှော့ခြင်းများဖြင့် ၁-၇-၂၀၁၁ မှ ၃၁-၅-၂၀၁၃ အထိ မိုးပွင့် စီမံချက်အဆင့် (၁)မှ အဆင့်(၅)အထိ နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း၏ ဒုတိယအဆင့်ဖြစ်သော မြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်၍ မိုးပွင့်အဆင့်(၆)စီမံချက်အား (၁၇-၇-၂၀၁၄)ရက်နေ့တွင် ပြန်လည်စတင်မည်ဖြစ်ပြီး တစ်လတွင် နှစ်ရက်သတ်မှတ်ကွင်းဆင်းဆောင်ရွက်မည်ဖြစ်၍ ကျန်ရက်များအား မြို့နယ်ရုံး၌ ဆောင်ရွက်ပေးသွားပါမည်။

၃။ သွေးနှောပြည်သူများအတွက် အခြေခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်ရန် လိုအပ်ချက်အရ မြို့နယ်ရုံးများတွင်သာ ဆောင်ရွက်ပေးနေပါသည်။

၄။ မိမိဝန်ထမ်းများနှင့်အတူ နော်ဝေနိုင်ငံအခြေစိုက် (Norwegian Refugee Council-NRC) အဖွဲ့မှလည်း ကရင်ပြည်နယ်(၇)မြို့နယ်၊ ကယားပြည်နယ်(၇)မြို့နယ်၊ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၃)မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့)ကျောက်ကြီးနှင့် ရွှေကျင်ရှိစီမံကိန်းစမ်းသပ်နယ်မြေဒေသ၊ မွန်ပြည်နယ်(၃)မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး (၁၀)မြို့နယ်တို့တွင် စာချုပ်ချုပ်ဆိုပြီးသည့်နေ့မှစ၍ One Stop Service ဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၅။ ဤဝန်ကြီးဌာန၏ ကွင်းဆင်းဆောင်ရွက်မှုများအပေါ် သိရှိလိုသည်များ၊ ကျေလည်မှုမရှိသည်များ၊ လွဲချော်နေသည်များရှိပါက နေပြည်တော် ဦးစီး(ရုံးချုပ်) ဖုန်းနံပါတ်-၀၆၇-၄၃၁၀၁၆ နှင့် ၀၆၇-၄၃၁၀၄၅ သို့ လူကိုယ်တိုင်တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။ ကာယကံရှင်အား ပြန်လည်ရှင်းလင်းအသိပေးနိုင်ရန်အတွက် တိုင်ကြားသူ၏လိပ်စာအပြည့်အစုံအား တစ်ပါတည်း ထည့်သွင်းဖော်ပြပေးစေလိုပါသည်။ အကြံပြုချက်များကိုလည်း လေးစားစွာလက်ခံပါသည်။

၆။ ကြားပွဲစားလုံးဝမလို(မလို)ပါ။ ကြားပွဲစားများအား ဝိုင်းဝန်းသတင်းပေးဖော်ထုတ်ပေးစေလိုပါသည်။

၇။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်ရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ ဤဝန်ကြီးဌာနအနေဖြင့် ဌာနဆိုင်ရာလုပ်ငန်းများအပေါ် ပြည်သူ့လိုအပ်ချက်များ ပြည့်မီနိုင်စေရေးအတွက် စွမ်းအားပြည့်ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမည်။

၉။ နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အချက်အလက်မပြည့်စုံပါက စိစစ်ရန်လိုအပ်သည့်အချိန်ရယူရပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၆

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (Action Plan) အစည်းအဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာနတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။**(ယာပုံ)**

အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုအဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (ECC) ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာဗီဂျေနမ်ဗီးယား၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ECC အဖွဲ့၏ အတွင်းရေးမှူး ဒေါက်တာဒေါ်ရင်ရင်နွယ်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်နှင့် ECC အဖွဲ့ဝင်များ၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရခိုင်တိုင်းရင်းသား လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်မောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို လက်တွေ့ကျသော စီမံချက်အဖြစ် ထပ်ဖြည့်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့အပြင် တိုင်းရင်းသားအဖွဲ့အစည်းများ၊ ရခိုင်တိုင်းရင်းသားများ၏ဆန္ဒနှင့် သဘောထားများကို သိရှိနားလည်ကာ မျှမျှတတနှင့် သမာသမတ်ကျစွာ ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း။ မိမိအနေဖြင့် ရခိုင်တိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွားကို အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များတွင် မြန်မာနိုင်ငံ၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတကာစံချိန်စံနှုန်းများ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အချက်များကို လေးစားလိုက်နာဆောင်ရွက်သွားရန်ပါရှိပြီး မိမိတို့အနေဖြင့် အဆိုပါအချက်သုံးချက်ကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

လုပ်ငန်းစီမံချက်ကို ဆောင်ရွက်သောအခါလုံခြုံရေး၊ စီးပွားရေး၊ ဘာသာသာသနာနှင့် လူမျိုးရေးကိစ္စများအပြင် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ပါ အချက်များကိုပါ ဆွေးနွေးသွားရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးတွင် ပါဝင်နေသော တိုင်းရင်းသားများ၏ သဘောဆန္ဒများအပြင် ရခိုင်လူငယ်များ၏ သဘောဆန္ဒနှင့် အနာဂတ် ရည်မှန်းချက်များကိုပါ ဆွေးနွေးသွားရန် ဖိတ်ခေါ်ပါကြောင်း၊ ရခိုင်ဒေသ၏ လက်ရှိအခြေအနေများကို ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုပါ အသိပေးကာ ထိုအဖွဲ့အစည်းများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရခိုင်ဒေသတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကို ကျော်လွှားနိုင်ပြီး အမုန်းတရားများ မပါဝင်သော၊ ပွင့်လင်းမြင်သာသော၊ အမျိုးဘာသာ သာသနာနှင့် ဒေသကောင်းကျိုးများကို တိုးတက်စေသည့် အချက်အလက်များ ပါဝင်သော ဆွေးနွေးမှုများဖြင့် ဝင်ရောက်ဆွေးနွေးကြစေလိုကြောင်း၊ နိုင်ငံအကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်စေလိုသည့် စေတနာနှင့် ဆွေးနွေးသွားစေလိုကြောင်း စသဖြင့် ပြောကြားသွားသည်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်သော ဆွေးနွေးသဘောတူညီချက်များပါဝင်သည့် လုပ်ငန်းစီမံချက်ကို ရခိုင်တိုင်းရင်းသား လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဇွန်လ ၂၇ ရက်နေ့တွင် မြန်မာငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန၌ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်-2T(C)/PASA/PW/2014-2015

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ ၈၀/၁၀၀ အမျိုးအစား မက်ထရစ်တန် (၃၀၀၀၀) ကို (CIF ရန်ကုန်စနစ်)၊ အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၁-၇-၂၀၁၄ ရက် (ရုံးချိန်အတွင်း)
၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်	-	၁၈-၇-၂၀၁၄ ရက် (၁၆း၀၀) နာရီ
၄။ တင်ဒါဖွင့်မည့်ရက်	-	၂၂-၇-၂၀၁၄ ရက်

(တင်ဒါဖွင့်လှစ်မည့်အချိန်အား ထပ်မံကြေညာပါမည်။)

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

ဘီလပ်မြေ၊ ကတ္တရာ၊ သံချောင်း ဝယ်ယူရေးဆပ်ကော်မတီ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဦးစီး၊
ရုံးအမှတ်(၄၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၅၇၇၊ ၄၀၇၅၆၁

မှူးယစ်
ဟူသမျှ
ဆန့်ကျင်ကြ

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၆-၂၀၁၄ ရက် (ကြာသပတေးနေ့) ကြေးမုံသတင်းစာ စာမျက်နှာ (၁၀) ကော်လံ (၁)ပါ ဆောက်လုပ်ရေးဝန်ကြီးဌာန တင်ဒါအမှတ် 2T(c)/PASA/PW/2014-2015 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ကချင်ပြည်နယ်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်အတွင်းရှိ ရွှေဘို-မြစ်ကြီးနားလမ်းပေါ် တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်နေရာ၌ လုပ်ငန်းများဆောင်ရွက်သွားရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) မိုင် ၁၉၀/၂၂ မှ ၂၀၆/၁ ထိ ၁၅ မိုင် ၆-၂ ဖာလုံနှင့် မိုင် ၂၁၆/၅ မှ ၂၂၀/၀ ထိ ၃ မိုင် ၃ ဖာလုံ စုစုပေါင်း ၁၉ မိုင် ၁-၂ ဖာလုံအား ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ၂၇-၆-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး(အင်ဂျင်နီယာမှူးကြီးရုံး) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင် လာရောက်ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်-

(က)	တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်၊အချိန်	-	၂၅-၇-၂၀၁၄ ရက် (သောကြာနေ့) ၁၂း၀၀ နာရီ
(ခ)	တင်ဒါဖွင့်မည့်နေ့ရက်၊အချိန်	-	၂၅-၇-၂၀၁၄ ရက် (သောကြာနေ့) ၁၄း၀၀ နာရီ
(ဂ)	တင်ဒါတင်သွင်းရမည့်နေရာ		အတွင်းရေးမှူး(တင်ဒါစိစစ်ရေးကော်မတီရုံး) (ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး) (ပြည့်သူ့ဆောက်လုပ်ရေးလုပ်ငန်း) ကချင်ပြည်နယ်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး၊ (ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကချင်ပြည်နယ်၊ ဖုန်း ၀၇၄-၂၂၃၃၂၊ ၀၇၄-၂၂၃၆၉ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/ဒီ)၊ မြေကွက်အမှတ်-၅ဒီ/၇ဘီ၊ ဧရိယာ (၀. ၁၅၀)ဧက၊ မြေအကျယ် ပေ(၉၀×၇၀)မြေပိုင်မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အမှတ်-၁၀(က)၊ ရှမ်းလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးသည် ကွယ်လွန်သူ ဒေါ်ခင်ခင်ထွေး ပိုင်ဆိုင်ပြီး ယခုအခါ ကျန်ရစ်သူ သမီးကြီး ဒေါ်နုနုကြင်၊ သမီးလတ် ဒေါ်မာလာကြင်နှင့် သားငယ် ဦးကျော်ထွန်းဇင်(ခ) ဦးထွန်းဇင်တို့(၃)ဦး၏ အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။

ထို့ကြောင့် အထက်ပါ အမွေပစ္စည်းအား သားသမီး(၃)ဦး၏ သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်းစသည့် အခြားနည်းတစ်စုံတစ်ရာ လွှဲပြောင်းခြင်း မပြုပါရန် သမီးကြီး ဒေါ်နုနုကြင်၏ ညွှန်ကြားချက်ရရှိသော သမီးဖြစ်သူ အမှတ်(၁၅၀)၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်စန္ဒီဝင်း၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ ဒေါ်စန္ဒီဝင်း	လွှဲအပ်ညွှန်ကြားချက်အရ ဦးမြအောင်(အောင်ကြီး) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၁၃) အမှတ်-၁၆၃၊ ၄-လွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမျိုးသားစာပေဆုချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် စာရေးသူများ၊ စာပေထုတ်ဝေ၊ ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်များသို့ မေတ္တာရပ်ခံချက်

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကာ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်းထုတ်ဝေသော စာအုပ်များကို ဘာသာရပ် ၁၆ မျိုးခွဲခြား၍ နှစ်စဉ်ချီးမြှင့်ပေးလျက် ရှိသည်။

နိုင်ငံတော်အဆင့် စာပေဆုဖြစ်သည့် အမျိုးသားစာပေဆုအတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို ပိုမိုမျှတမှုရှိစေရန် လက်ရှိနိုင်ငံ့ဝန်ထမ်းများ ပါဝင်ခြင်းမရှိဘဲ လွတ်လပ်သောစာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းထားပါသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်ရထိုက်သည့်စာအုပ်များ ရရှိစေရေးအတွက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့် (၃) ဆင့် ပိုင်းခြားစိစစ် ရွေးချယ်လျက်ရှိသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့် စာအုပ်စာရင်းတွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွက် မပါရှိတော့ပါ။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ် အတွင်း မိမိတို့ရေးသားခဲ့သော **ပထမအကြိမ်ထုတ်** စာအုပ်များကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသို့ စာအုပ် လေးအုပ်စီ ပေးပို့နိုင်ရေး ၂၀၁၄ခုနှစ် မေလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

သို့ရာတွင် **စာအုပ်ရရှိရေးအစီအမံ ပိုမိုပြည့်စုံစေရန်**နှင့် စာရေးဆရာများ အခွင့်အရေး ဆုံးရှုံးမှုမရှိစေရန်တို့အတွက် စာပေထုတ်ဝေ/ ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့် စာအုပ်များကိုဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ အကြံပြုချက်များ **ပေးပို့လိုက ပေးပို့နိုင်ပါရန် ထပ်မံဖြည့်စွက်** ဖိတ်ခေါ်ထားသည်။

အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် စာအုပ်အမည်၊ စာရေးသူ၊ ထုတ်ဝေသည့်စာအုပ်တိုက်၊ ထုတ်ဝေသည့်ခုနှစ်တို့ကို ဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာအတိုင်း **၂၈-၂-၂၀၁၅ ရက်နောက်ဆုံးထား**ပေးပို့နိုင်သည်။

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၁၄၄၉၊ စာတိုက်မှ ပေးပို့သူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှု အန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် (စနေ၊ တနင်္ဂနွေ)နေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၈-၆-၂၀၁၄ ရက်နေ့တွင် ပုဇွန်တောင်၊ ဒဂုံ (တောင်)၊ ရန်ကင်း၊ သာကေတ၊ ဒေါပုံ၊ သဃ်န်းကျွန်း၊ တာမွေ၊ အလုံ၊ လှိုင်၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ အင်းစိန်၊ ရွှေပြည်သာ၊ ထောက်ကြန့်၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ ၂၉-၆-၂၀၁၄ ရက်နေ့တွင် ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံ(တောင်)၊ ဗဟန်း၊ လှိုင်၊ မရမ်းကုန်း၊ သန်လျင်၊ တွံတေး၊ လှိုင်သာယာ၊ ထောက်ကြန့်၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)

အရာတော်မြစ်ရေတင်(၂)ရေတင်တောင်သူများ သီးနှံစိုက်ပျိုးရ၍ အဆင်ပြေ

အရာတော် ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် မကျီးဖောက်မြစ်ရေတင်(၂) ဧရိယာအတွင်း တောင်သူများ နွေစပါးစိုက်ပျိုးရန် စုစုပေါင်း ၄၂၉ ဧကလျာထား သတ်မှတ်ခဲ့သော်လည်း အခြားသီးနှံစိုက်ဧက ၁၀၀ ပိုလာခဲ့သည်။ အရာတော်မြို့နယ်သည် မိုးခေါင်ရပ်ဝန်းဒေသဖြစ်သောကြောင့် နွေစပါးစိုက်ပျိုးချိန်တွင် စပါးမစိုက်ဘဲ နှမ်း၊ပဲတီစိမ်း၊ ဝါစသည့် အခြားသီးနှံများကိုသာ စိုက်ပျိုးခဲ့ကြသည်။

ထိုသီးနှံများစိုက်ပျိုးရာတွင် စပါးထက်နှမ်း၊ ပဲတီစိမ်း၊ ဝါစိုက်ပျိုးခဲ့ရာတွက် ခြေကိုက်၍အဆင်ပြေကြသည်။ မကျီးဖောက် မြစ်ရေတင်(၂) ဧရိယာအတွင်းတွင် မကျီးဖောက်၊ ဇရစ်၊ ငါရဟိုး၊ မြေနက်၊ ငွေတွင်းကျေးရွာ တောင်သူများကယခုနှစ်တွင် မိုးစပါးစိုက်ပျိုးရန်လျာထားသော်လည်း မကျီးဖောက်မြစ်ရေတင်(၂)မြစ်ရေတင်ပေးမှုကို မတ်လမှစ၍ ရေတင်ပေးဝေမှုကြောင့် နွေစပါး ဧက ၃၅၀ စိုက်ပျိုးပြီး ကျန်ဧရိယာများတွင် ပဲတီစိမ်း၊ ဧက ၂၅၀ ၊ ဝါ ၁၃ ဧကနှင့်အခြားသီးနှံ ၄၅၈ဧက စိုက်ပျိုးထားသော စိုက်ကွင်းများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်နှင့်မြို့နယ် စိုက်ပျိုးကြီးကြပ်မှုအဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ရာ အောင်မြင်ဖြစ်ထွန်းနေကြောင်း တွေ့ရသည်။

"ကျွန်တော်တို့တောင်သူတွေ မိုးကို မမျှော်ကိုးဘဲ ယာမှလယ်ပြောင်းရန် ဆောင်ရွက်ချိန်တွင် မြစ်ရေတင်မှ ရေပေးလွှတ်ချိန်မှာ ယာမြေများအတွင်း ရေသွင်းပြီး နှမ်း၊ ပဲတီစိမ်း၊ ဝါသီးနှံများ ရေသွင်းစိုက်ပျိုးရလို့ ဈေးကောင်းရမယ်ဆိုရင် မကြာခင် ကြီးပွားနိုင်ပါတယ်။ ကျွန်တော်တို့ တောင်သူများအနေနဲ့ကတော့ တစ်သီးမကောင်းရင်တစ်သီးရအောင် နှမ်း၊ ပဲတီစိမ်း၊ ဝါစသည့် သီးနှံမျိုးစိုက်ပျိုးပေးတာဖြစ်ပါတယ်။ တစ်သီးမကောင်းရင် တစ်သီးရဆိုပြီးပေါ့၊ ဒီနှစ်တော့ ရိုးစိမ်းနွေနှမ်းစိုက်ပျိုးထားပါတယ်။ စပါးလည်းစိုက်ပျိုးချင်ပါတယ်။ ရေမနိုင်ဘဲဖြစ်မှာစိုးလို့ ယာမှလယ်မြေပြောင်းချိန်မှာ အခုလိုအခြားသီးနှံဖြစ်တဲ့ နွေနှမ်းရိုးစိမ်းကို စိုက်ပျိုးကြည့်တော့ အောင်မြင်ဖြစ်ထွန်းမှုရရှိလို့ ဝမ်းသာကြည်နူးမိပါတယ်"ဟု မြေနက်ကျေးရွာ ရိုးစိမ်းနွေနှမ်းစိုက်ပျိုးသူ တောင်သူ ဦးသိန်းရက ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
e Visa လုပ်ငန်းဆောင်ရွက်ရန်အတွက် ဆောင်ရွက်မည့် အစီအမံများအား တင်ပြနိုင်ရန် နည်းပညာဆိုင်ရာကုမ္ပဏီလုပ်ငန်းရှင်များအားဖိတ်ခေါ်ခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် မြန်မာနိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်ကြမည့် နိုင်ငံခြားသား ခရီးသည်များ ပြည်ဝင်ကိစ္စအား ပိုမိုချောမွေ့ လျင်မြန်လွယ်ကူစေရေးအတွက် e Visa စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းလက်ခံ ဆောင်ရွက်လိုသော ပြည်ပတွင် တရားဝင်ကုမ္ပဏီ ကျောထောက်နောက်ခံရှိသည့် နည်းပညာဆိုင်ရာ ကုမ္ပဏီများသည် ၂၇-၆-၂၀၁၄ ရက်မှ ၁၆-၇-၂၀၁၄ ရက်အထိ သိရှိလိုက်နာဆောင်ရွက်ရမည့် အသေးစိတ် အချက်အလက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့် ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈) နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၆-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ "ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်" ဟု လိပ်မူလျက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ ရုံးအမှတ်(၄၈)သို့ ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား (အိတ်ဖွင့်တင်ပြလွှာ)ဖြင့် တင်ပြနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားပြုဌာနခွဲ၊ တယ်လီဖုန်း အမှတ်-၀၆၇-၄၃၁၀၁၆၊ ၀၆၇-၄၃၁၀၁၇ နှင့် စီမံနှင့် ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ တယ်လီဖုန်း အမှတ်-၀၆၇-၄၃၁၀၂၇ တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိ

နေပြည်တော် ဇွန် ၂၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး ပုလဲအတွဲပေါင်း ၁၀၄ တွဲပါဝင်သည့် ပုလဲတင်ဒါအမှတ်(၂)နှင့် ပုလဲအတွဲပေါင်း ၁၀၄ ပါဝင်သည့် တင်ဒါအမှတ်(၃)တို့အား ဆက်လက်ရောင်းချပေးသည်။

ထို့ပြင် ပုလဲအတွဲပေါင်း ၃၀ ကို မြန်မာ့ကျောက်မျက်ရတနာပြတိုက်ရှိ ရတနာဈေးအထပ်၌ ဇွန် ၂၇ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယနေ့ပြပွဲတွင် နံနက် ၈ နာရီမှစ၍ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းနှင့်ကျောက်မျက်အချောထည်များ၊ ပုလဲအတွဲများအား မိမိတို့စိတ်ကြိုက် လှည့်လည်ကြည့်ရှု လေ့လာမှတ်သားကြသည်။

ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ ကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၉၄ တွဲကို ဇူလိုင်လ ၄ ရက်မှ ၆ ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ကျောက်မျက်အတွဲပေါင်း ၂၇၁ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၅ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအရိုင်းတုံးများ၊ သွေးပြီးကျောက်စိမ်းအချောထည်များ၊ ကျောက်မျက်အရိုင်းများ၊ သွေးပြီးကျောက်မျက်အချောထည်များ၊ ပုလဲများ၊ ကျောင်းစိမ်း ကျောက်မျက် ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့် ဆင်တူသော ကျောက်များ၊ အင်ကြင်းကျောက်အရိုင်းနှင့် အချောထည်များ၊ ရုပ်တု၊ ရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီးကားများ၊ ရွှေထည်ငွေထည် ပစ္စည်းများကို ရောင်းချလျက်ရှိသည်။

ပြပွဲတတိယနေ့တွင် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များအား မိမိတို့စိတ်ကြိုက် လှည့်လည်ကြည့်ရှုလေ့လာမှတ်သားကြသည့် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသကဲ့သို့ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာအရောင်းဆိုင်များ၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်ဆိုင်များ၊ ကျောက်ကပ်ပန်းချီဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင်လည်း ဝယ်ယူအားပေးနေကြသည့် ရတနာကုန်သည်များနှင့် အထူးစည်ကားလျက်ရှိသည်။

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ဇွန် ၂၇ ရက်တွင် အဆိုပါခန်းမ၌ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

■

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ညှိတွေ့ဆုံ

နေပြည်တော် ဇွန် ၂၆

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Tom Malinowski သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန် အလားအလာများကို လည်းကောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် အလားအလာများကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ မြေစိုက်ပိုစတာဖွင့်

နေပြည်တော် ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ဌေးမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများသည် ဇွန် ၂၅ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ ရွှေရုပ်တုအဝိုင်းအနီး၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(သတင်းစဉ်)**

❒ ရွှေ့ဖုံးမှ

သံကူကွန်ကရစ်တံတားကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ တံတားအား စက်တင်ဘာလကုန်အပြီး တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဤတံတားပြီးစီးပါက အချိန်အခါမရွေးသက်သာလွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။ ကူးသန်းရောင်းဝယ်ရေးတွင် ဒေသထွက်ကုန် ငါး၊ ပုစွန်၊ ခြံထွက်သီးနှံများ တင်ပို့ရာတွင် ရေကြောင်းကိုသာ အားထားရန်မလိုဘဲ ကုန်းလမ်းခရီးဖြင့် တွံတေးမှတစ်ဆင့် ရန်ကုန်မြို့နှင့် အခြားမြို့များသို့ ကျေးရွာချင်းဆက်လမ်းတံတားကို အသုံးပြု၍ တင်ပို့နိုင်တော့မည်ဖြစ်သည်။

အဆိုပါ တံတားပြီးစီးပါက ဒေသလမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးအခက်အခဲများကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူအားလုံး အထူးဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရပ်ကွက်အမှတ် (၁၃၈)၊ မြေကွက်အမှတ် (၆၁၂)၊ အမည်ပေါက် ဦးခင်မောင်စိုး၊ မှတ်ပုံတင်အမှတ်-[၁၃/မတန(နိုင်)၀၀၂၉၇၀]သည် ပါမစ်ထုတ်ယူခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ချက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြေယာရုံးခွဲ(၈)၊ မြို့ရွာအိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ရန်ကုန်မြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်းဒေသကြီး (၄)ကြိမ်မြောက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရွှေပြည်သာမြို့နယ်ရှိ ရဲအကြပ်အတတ်သင်ကျောင်း(လှော်ကား)၌ ကျင်းပသည်။

မီးရှို့ဖျက်ဆီးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို လေ့လာစမ်းသပ်စစ်ဆေးကြပြီး မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးကြသည်။

မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူ ၃ ဒသမ ၄၅၉ ကီလို၊ ဆေးခြောက် ၃၇ ဒသမ ၀၆၇ ကီလို၊ စိတ်ကြွဆေးပြား ၁၇၃၈၅၂၈ ပြား (၁၇၃ ဒသမ ၈၅၂၈ ကီလို)၊ စိတ်ကြွဆေးအမှုန့် သုည ဒသမ ၀၅၁ ကီလို၊ ဘိန်းစာမှုန့် ၅၆၈ ဒသမ ၃၄၈ ကီလို၊ ဘိန်းစာအရည် ၁ ဒသမ ၇၄၀ လီတာ၊ အက်ဖီဒရင်း ၁၂ ဒသမ ၇၅၄ ကီလို၊ အိုက်စ်သုည ဒသမ ၈၂၀ ကီလို၊ ဒိုင်ယာဇီပင်ဆေးပြား ၂၀၉၇၄၇ ပြား၊ ဒိုင်ယာဇီပင် ထိုးဆေး ၈၄၃၈ လုံး၊ အယ်လ်ဖာဇိုလမ် ဆေးပြား ၂၈၂ ပြား၊ ထရမ်မဒေါဆေးတောင့် ၁၄၈ တောင့်၊ ဘာရီမက်ဇီပင် ဆေးပြား ၈၇ ပြား၊ ဘူပရီနိုဖင်းထိုးဆေး ၄၄ လုံး၊ မော်ဖီးထိုးဆေး ၂၂ လုံးနှင့် ကော်ဒင်း သုည ဒသမ ၀၅၀ လီတာတို့ဖြစ်ကြသည်။

ယနေ့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများ၏ ကာလပေါက်စျေးမှာ မြန်မာငွေကျပ် ၉ ဒသမ ၂၇၁၈ ဘီလီယံကျော်ရှိပြီး (အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ သန်းကျော်) တန်ဖိုးရှိသည်။

ယနေ့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရထားရဲတပ်ဖွဲ့တို့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့အခမ်းအနားကို (၂၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာ တိုက်ဖျက်ရေးအဖွဲ့ (UNODC)မှ ကိုယ်စားလှယ်များ၊ အမေရိကန် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့ DEA မှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် NNCC မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။**(သတင်းစဉ်)**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ GSM/WCDMA မိုဘိုင်းတယ်လီဖုန်းများ International Outbound Roaming Service အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုအား ပြည်သူသို့အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ၏ GSM/WCDMA မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများသည် မိမိကိုင်ဆောင်ထားသော GSM/WCDMA မိုဘိုင်းတယ်လီဖုန်းဖြင့် အခြားနိုင်ငံများသို့ရောက်ရှိချိန်တွင်လည်းကောင်း၊ အခြားနိုင်ငံများ၏ GSM/WCDMA မိုဘိုင်းတယ်လီဖုန်းကိုင်ဆောင်သူများသည် မြန်မာနိုင်ငံသို့ရောက်ရှိချိန်တွင်လည်းကောင်း ဆက်သွယ်အသုံးပြုနိုင်မည့် International Roaming စနစ်ကို ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယခုအခါ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၆ နိုင်ငံမှ Operator ၇၇ ဦး၏ မိုဘိုင်းဖုန်းသုံးစွဲသူများမှ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်း Network တွင် Inbound Roaming လာရောက်သုံးစွဲနိုင်ပြီဖြစ်ပါသည်။

၃။ အလားတူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများ အခြားနိုင်ငံများသို့ ရောက်ရှိချိန်တွင် မိမိ၏မိုင်ဘိုင်းဖုန်းဖြင့် အသုံးပြုနိုင်ရေးအတွက် စက်မှုပိုင်းဆိုင်ရာများ စမ်းသပ်ဆောင်ရွက်ပြီးစီးသော နိုင်ငံပေါင်း ၃၁ နိုင်ငံမှ Operator ၃၁ ဦး၏မိုဘိုင်း Network တွင်(၂-၇-၂၀၁၄)ရက်နေ့မှစတင်၍ International Outbound Roaming ဝန်ဆောင်မှုပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို www.mcit.gov.mm တွင်လည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း Call Center ဖုန်းအမှတ်(၁၈၇၆) တွင်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ International Roaming စနစ်သုံးစွဲလိုသော Postpaid မိုဘိုင်းဖုန်းသုံးစွဲသူများသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(နေပြည်တော်၊ရန်ကုန်၊ မန္တလေး)ရှိ ငွေလက်ခံကောင်တာများ၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး မန်နေဂျာရုံး ငွေစာရင်းဌာနများတွင် သတ်မှတ်ထားသော ကြိုတင်ငွေပေးသွင်းရန် လိုအပ်ပါမည်။ ကြိုတင်ငွေပေးသွင်းရန် အသေးစိတ်အချက်အလက်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းဌာန၏ ဖုန်းအမှတ်(၀၁-၂၄၆၂၄၈) တွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

၅။ International Roaming စနစ်သုံးစွဲလိုသော Prepaid မိုဘိုင်းဖုန်းသုံးစွဲသူများသည် မိမိသုံးစွဲလိုသည့် အခြေအနေအရကျသင့်မည့် Bill amount ကိုခန့်မှန်းကာ ကြိုတင်၍ငွေဖြည့်ထားရန်လိုအပ်ပါမည်။ International Roaming စနစ်ဖွင့်လှစ်နိုင်ရေး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးချုပ်အခြေစိုက် မိုဘိုင်းဆက်သွယ်ရေးစခန်း ရန်ကုန်မြို့သို့ ဆက်သွယ်ဆောင်ရွက်ရပါမည်။ အသေးစိတ်အချက်အလက်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးချုပ်အခြေစိုက် မိုဘိုင်းဆက်သွယ်ရေးစခန်း၏ ဖုန်းအမှတ်(၀၁-၈၆၀၄၉၇၇) တွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိုလံပစ်နေ့အထိမ်းအမှတ် တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၄ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၅ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင်များနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် နှစ်ယောက်တွဲပြိုင်ပွဲ၌ ၁၄ တွဲကို ရှုံး/ထွက်စနစ်ဖြင့် ကျင်းပရာ ပထမမြင့်ဦးနှင့် အငဲအတွဲ၊ ဒုတိယ ထွန်းငွေနှင့် ဖြိုးသူလွင်အတွဲ၊ ပူးတွဲတတိယ ဦးကောက်နှင့် အောင်သက်ဦးအတွဲ၊ ဟိန်းလှထူးနှင့် စိုးဝဏ္ဏအတွဲတို့ အသီးသီးရရှိကြပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်မှူးကြီး တိုးမင်းကျော်(ငြိမ်း)နှင့် တာဝန်ရှိသူများက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ထိုင်းနိုင်ငံတွင် တရားဝင်ရောက်ရှိ အလုပ်လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ မိမိတို့လုပ်ငန်းခွင်အတွင်း စိတ်အေးချမ်းသာစွာ အလုပ်လုပ်ကိုင်နိုင်

နေပြည်တော်   ဇွန်   ၂၆

ထိုင်းနိုင်ငံအတွင်း နိုင်ငံရေးအခြေအနေများကြောင့် ထိုင်းနိုင်ငံ တပ်မတော်က မေ ၂၂ ရက်တွင် အာဏာသိမ်းခဲ့ပြီး ထိုင်းနိုင်ငံတွင်ရောက်ရှိနေသော နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများအား ဖမ်းဆီး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်စေလွှတ်လျက်ရှိကြောင်း သတင်းများဖြစ်ပေါ်ခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ (National Council for Peace and Order - NCPO)၊ ဥက္ကဋ္ဌ General Prayuth Chan-ocha က နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ ထွက်ပေါ်နေသောသတင်းများမှာ မှန်ကန်မှုမရှိပါကြောင်း၊ NCPO အနေဖြင့် နိုင်ငံခြားသားအလုပ်သမားများအပေါ် အရေးယူဆောင်ရွက်ရန်အစီအစဉ်မရှိပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် မူးယစ်ဆေးပြဿနာ၊ အလုပ်သမားအခွင့်အရေးဆုံးရှုံးနေမှုပြဿနာ၊ တရားဥပဒေပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်ရှင်များတွင် ရွှေ့ပြောင်းအလုပ်သမားများ စာရင်းထားရှိရန်လိုအပ်ကြောင်း၊ အစိုးရအဖွဲ့အစည်းများက ရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်း၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့် လူသားချင်းစာနာထောက်ထားမှုစံတို့နှင့်အညီ ဥပဒေများပြင်ဆင်ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြင်ဆင်မှု၊ စည်းမျဉ်းများကို ရေရှည်စနစ်တကျဖြစ်စေရန် ပြန်လည်စိစစ်နေကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအကြား ကြောက်လန့်မှုမဖြစ်စေရန်နှင့် ရွှေ့ပြောင်းအလုပ်သမားများအား သဘောတူညီထားသည့်အတိုင်း လုပ်ခအပြည့်အဝမရရှိပါက တရားဥပဒေအတိုင်းဖြေရှင်းရန် သက်ဆိုင်ရာသို့တိုင်ကြားနိုင်ကြောင်း၊ ထိုင်းနိုင်ငံ အလုပ်ရှင်များမှလည်း ထိုင်းနိုင်ငံ အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ၏ စစ်ဆေးချက်အပေါ် ခေတ္တယာယီလုပ်ဆောင်မှုဖြစ်၍ နားလည်ပူးပေါင်းပေးရန်လိုကြောင်း ကြေညာခဲ့သည်။

ထို့အပြင် တရားဝင်နှင့် တရားမဝင်အလုပ်သမားများ လျော့နည်းလာမှုကြောင့် လုပ်ငန်းရှင်များ ထိခိုက်နစ်နာမှု ရှိနေသဖြင့် အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ (NCPO)၊ နိုင်ငံဖြတ်ကျော်အလုပ်သမားဆပ်ကော်မတီဥက္ကဋ္ဌ General Sirichai Disthakul ဦးဆောင်သည့်အဖွဲ့မှ စမွတ်စခွန် (မဟာချိုင်) သို့သွားရောက်၍ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်ရှင်များနှင့်တွေ့ဆုံ၍ လတ်တလောတွင် ကလေးအလုပ်သမားများအပေါ် အနိုင်အထက်ပြုမှုပြီး လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းအလုပ်သမားများအပေါ် ဒေသဆိုင်ရာဝန်ထမ်းများနှင့် ပွဲစားများခေါင်းပုံဖြတ်မှုတို့မှာ ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသည့် အရေးကြီးပြဿနာဖြစ်၍ အလုပ်ရှင်များအနေဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ တရားဝင်/ တရားမဝင် ငှားရမ်းထားသော အလုပ်သမားများစာရင်းကို ပြုစုတင်ပြရန်နှင့် စမွတ်စခွန်နှင့် ရနောင်းမြို့တို့ရှိ အလုပ်သမားရေးရာနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒအပေါ် ပြန်လည်သုံးသပ်ရန် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအတွင်း လတ်တလောဖြစ်ပေါ်နေသော ရွှေ့ပြောင်းအလုပ်သမားများ၏ စိုးရိမ်မှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံတာဝန်ရှိသူများကလည်း စဉ်ဆက်မပြတ် စောင့်ကြည့်လျက်ရှိပြီး ကောင်းမွန်သောအခြေအနေကို ဖန်တီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံ အမှတ် (၃) စစ်ဗျူဟာမှူးဗိုလ်မှူးကြီး ယုံယွတ်လောင်ခိတ်ကဏ်းက ထိုင်းနိုင်ငံတွင် လတ်တလောဖြစ်ပွားနေသည့် ရွှေ့ပြောင်းအလုပ်သမားများ ကိစ္စနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံမြောက်ပိုင်း (ချင်းရိုင်၊ ချင်းဆန်၊ မယ်ချန်၊ မယ်ဆိုင်) စသည့်ဒေသရှိ မြန်မာနိုင်ငံသားများ ဖမ်းဆီးခြင်း၊ အရေးယူခြင်းနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းများ ပြုလုပ်သွားမည်မဟုတ်ပါကြောင်း၊ ပြည်ဝင်ခွင့်ဗီဇာနှင့် အလုပ်လုပ်ခွင့်ပြုမိန့် သက်တမ်းလွန်သူများအား ဖမ်းဆီးခြင်း၊ အရေးယူခြင်းမပြုလုပ်ဘဲ ကင်းလွတ်ခွင့်ပေးရမည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ထိပါးစေမည့် အပြုအမူများနှင့် ထိုင်းနိုင်ငံ၏ တည်ဆဲဥပဒေများကို ချိုးဖောက်သည့်လုပ်ရပ်များကို မပြုလုပ်ဘဲ စည်းကမ်းတကျ နေထိုင်သွားကြရန်၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီကို အသိပေးပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအတွင်း၌ ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်လုပ်ကိုင်နိုင်ရေး၊ လုပ်ခလစာများ၊ အပြည့်အဝရရှိရေး၊ နိုင်ငံခြားသား အလုပ်သမားများ ခေါင်းပုံဖြတ်ခံရခြင်းမှ ကင်းဝေးစေရေး၊ လူ့အခွင့်အရေး ဆုံးရှုံးမှုပြုလုပ်နေကြောင်း ပြည်ပမီဒီယာများ၏ စွပ်စွဲချက်များကို ပြန်လည်ချေပနိုင်ရေးတို့အတွက် တရားမဝင်နိုင်ငံခြားသား အလုပ်သမားများအားစစ်ဆေး၍ သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပို့ဆောင်ခဲ့ခြင်းသာဖြစ်ပြီး ထိုင်းနိုင်ငံအစိုးရ၏ သတင်းထုတ်ပြန်ချက်အရ အထောက်အထားပြည့်စုံသော တရားဝင်အလုပ်သမားများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ မိမိတို့၏ လုပ်ငန်းခွင်များ၌ အေးချမ်းစွာ အလုပ်လုပ်ကိုင်နိုင်ကြောင်း သိရှိရသည်။

ထို့အပြင် ထိုင်းနိုင်ငံ အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီဥက္ကဋ္ဌ General Prayuth Chan-ocha က အပတ်စဉ်သောကြာနေ့တိုင်း မိန့်ခွန်းပြောကြားသည့် အစီအစဉ်တွင် ထိုင်းနိုင်ငံ၌ တရားမဝင် လူကုန်ကူးမှုဖြင့် အမြတ်ထုတ်နေမှုကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ ထောက်လှမ်းရေးသတင်းများအရ လူကုန်ကူးသူတို့သည် တရားမဝင် အလုပ်သမားများထံမှ တစ်ဦးလျှင် ဘတ် ၂၀၀၀၀ ကောက်ခံလျက်ရှိပြီး နယ်စပ်ဖြတ်ကျော်ပြီးသည်နှင့် အလုပ်သမားများထံမှ ဘတ် ၈၀၀၀ သို့မဟုတ် ၁၀၀၀၀ ကောက်ခံလျက်ရှိကြောင်း၊ လွန်ခဲ့သော နှစ်ပတ်ကျော်က ထိုင်းနိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စုံစမ်းစစ်ဆေးမှုများအား အဂတိလိုက်စားလိုသော ဝန်ထမ်းများက သတင်းမှားများထုတ်ပြန်၍ ပြည်တော်ပြန်အလုပ်သမားများ ထိုင်းနိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်ချိန်တွင် ငွေများစွာကောက်ခံ၍ အမြတ်ထုတ်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ထိုသတင်းမှားများ ထုတ်ပြန်ခဲ့မှုကြောင့် ကမ္ဘောဒီးယားအလုပ်သမား ၂၀၀၀၀၀ ခန့် ထိုင်းနိုင်ငံမှ ပြန်လည်ထွက်ခွာသွားကြောင်း၊ တရားမဝင် အလုပ်သမားများအား နိုင်ငံသားစိစစ်ခြင်းနှင့် မှတ်ပုံတင်ခြင်းအပါအဝင် ရေရှည်မျှော်မှန်း၍ စီစဉ်ဆောင်ရွက်နေကြောင်း၊ လတ်တလောတွင် ၎င်းတို့အား ယာယီအလုပ်လုပ်ကိုင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံသို့ တရားမဝင်ရောက်ရှိနေသော နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများအား ၁-၇-၂၀၁၄ ရက်နေ့မှ ၃၀-၇-၂၀၁၄ ရက်နေ့အတွင်း စမုစခွန်(မဟာချိုင်)ဒေသ၌ ယာယီနေထိုင်ခွင့် ထော်လောဆန်ပုံ ၃၈/၁ (TR-38/1) ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ လျှောက်ထားရာတွင် အလုပ်ရှင်မှအာမခံ၍ လျှောက်ထားပေးရမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်များအနေဖြင့် ထော်လောဆန်ပုံ ၃၈/၁ (TR-38/1) အတွက် ဘတ် ၈၀၊ ကျန်းမာရေးဆေးစစ်ခအတွက် ဘတ် ၅၀၀၊ တစ်နှစ်တာဆေးကုသခွင့် ဆေးရုံလက်မှတ်ဖိုး ဘတ် ၁၃၀၀၊ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်(တစ်နှစ်)အတွက် ဘတ် ၁၂၀၀ စုစုပေါင်း ဘတ် ၃၀၈၀ ကုန်ကျမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသား အလုပ်သမားများ၏ အရွယ်မရောက်သေးသော သားသမီးများကိုလည်း ယာယီနေထိုင်ခွင့်လက်မှတ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းစဉ် အောင်မြင်ပါက နောက်ပိုင်းတွင်လည်း အခြားဒေသများ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးအနေဖြင့်လည်း တရားဝင်မြန်မာရွှေ့ပြောင်းအလုပ်သမားများဖမ်းဆီးခံရခြင်းနှင့် အခြားအလုပ်သမားရေးရာကိစ္စရပ်များ ပေါ်ပေါက်လာပါက ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ဆက်သွယ်တိုင်ကြားနိုင်ရန် အလုပ်သမားသံအရာရှိနှင့် သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းများ၏လိပ်စာနှင့် ဖုန်းနံပါတ်များအား သတင်းမီဒီယာများနှင့် အင်တာနက်များတွင် ကြေညာထားပြီးဖြစ်သည်။

ထို့အပြင် ထိုင်းနိုင်ငံရှိ မြန်မာသံရုံးနှင့် အလုပ်သမားသံအရာရှိတို့မှ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားအရေး ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ တရားဝင်မြန်မာအလုပ်သမားများ၏ သတင်းများကို မျက်ခြည်မပြတ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည့်အပြင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့်လည်း နယ်စပ်ထွက်ပေါက်များဖြစ်သော မြဝတီ၊ တာချီလိတ်နှင့်ကော့သောင်းမြို့တို့မှ ဝန်ထမ်းများ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးနှင့် ပြည်ဝင်ခွင့်ဗီဇာ သက်တမ်းလေးနှစ်ပြည့်အလုပ်သမားများအတွက် အထောက်အထားထုတ်ပေးရေးလုပ်ငန်းစဉ် ဆောင်ရွက်နေသည့် One- Stop- Service Center များဖြစ်သော မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့များမှ ဝန်ထမ်းများကလည်း မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာသတင်းများကို မျက်ခြည်မပျက်စောင့်ကြည့်လေ့လာလျက်ရှိသဖြင့် တရားဝင်မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့လုပ်ငန်းခွင်အတွင်း စိတ်အေးချမ်းသာစွာ လုပ်ကိုင်နိုင်ကြသလို ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့အနေဖြင့် အချိန်မရွေး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအား ၂၄ ပေ အကျယ် ၅၅ တန် ခံနိုင်ဝန်ရှိ ပြောင်းဖူးစေ့ကျောက်စီလမ်းခင်းရန်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်နေရာများတွင် အပိုင်းလိုက်ဆောင်ရွက်သွားရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ် အပ်ပါသည်-

(က) မိုးကောင်း(ပါဟုတ်)-ကာမိုင်းလမ်း မိုင်(၈/၀-၂၅/၀) အတွင်း
(ခ) လဝ-ကာမိုင်း-ဖားကန့်လမ်း မိုင်(၆/၀-၁၈/၆)အတွင်း

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၆-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး(အင်ဂျင်နီယာမှူးကြီးရုံး)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင် လာရောက်ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည် ဖြစ်ပါသည်-

(က) တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်၊အချိန် - ၂၉-၇-၂၀၁၄ ရက်(အင်္ဂါနေ့) ၁၂း၀၀ နာရီ
(ခ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်၊အချိန် - ၂၉-၇-၂၀၁၄ (အင်္ဂါနေ့) ၁၄း၀၀ နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ အတွင်းရေးမှူး(တင်ဒါစိစစ်ရေးကော်မတီရုံး) (ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကချင်ပြည်နယ်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး(ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကချင်ပြည်နယ်၊ ဖုန်း-၀၇၄-၂၂၃၃၂၊ ၀၇၄-၂၂၃၆၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ





အင်းတော်မြို့နယ်တွင်း မိုးရွာသွန်းပြီဖြစ်သောကြောင့် တောင်သူများလယ်ယာလုပ်ငန်းများစတင်နိုင်

အင်းတော်၊ ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်အတွင်း ဇွန်လဒုတိယပတ်အတွင်းမှ စတင်ကာ မိုးရွာသွန်းခဲ့သောကြောင့် တောင်သူများ လယ်ယာလုပ်ငန်းကို စတင်လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

မိုးရွာသွန်း၍ လယ်စိုက်ပျိုးနိုင်မှသာ တောင်သူများ စားဝတ်နေရေး အဆင်ပြေမည်ဖြစ်ကြောင်း၊ ယခုအခါ စပါးပျိုးထောင်နေကြရပြီဖြစ်ကြောင်း၊ လယ်စိုက်ရန် ထယ်ထိုးခြင်းလုပ်ငန်းများကိုလည်း စတင်လုပ်ကိုင်နေကြပြီး ဇူလိုင်လဝက်တွင် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း နားနောင်ကျေးရွာနေ တောင်သူများထံမှ သိရသည်။

အင်းတော်မြို့နယ်အတွင်း လယ်ယာစိုက်ဧက စုစုပေါင်း ၄၈၄၁၁ ဧက ရှိကြောင်း မြို့နယ်မြေစာရင်းရုံး စာရင်းများအရ သိရသည်။

မြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၃ အုပ်စုမှ တောင်သူ ၇၃၀၀ ဦးအား လယ်ယာမြေ ၃၆၀၀၀ ဧကကို ၂၀၁၄ ခုနှစ် မိုးသီးနှံထုတ်လုပ်မှုအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ငွေကျပ် ၃၆၀၀၀ သိန်း ထုတ်ချေးပေးမည်ဖြစ်သည်။

ဇွန် ၅ ရက်မှ စတင်ထုတ်ချေးပေးရာ ကျေးရွာအုပ်စု ၁၄ စုမှ တောင်သူ ၁၅၅၃ ဦးအား ဇွန် ၂၃ ရက်ထိ ဧက ၈၈၅၇ ကို ငွေကျပ် ၈၈၅၇သိန်း ထုတ်ချေးပေးထားပြီး အတိုးနှုန်းမှာ ၅ ရာခိုင်နှုန်း (၁၀၀ ကျပ် တစ်လလျှင် ၄၂ ပြား) ဖြင့် တောင်သူတစ်ဦးလျှင် တစ်ဧက တစ်သိန်းနှုန်းဖြင့် အများဆုံး ၁၀ ဧကထိသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူတွေအနေနဲ့ ယခုနှစ် ဘဏ်တိုးနှုန်းလျှော့ချပေးတဲ့အတွက် ယခင်နှစ်များထက်ပို၍ ဘဏ်ချေးငွေကို အားထားလာကြပြီး တောင်သူဦးရေတိုးပွားလာတာ မြင်တွေ့နေရတယ်။ ဧကများတဲ့တောင်သူတွေဆို လယ်ယာသုံးထွန်စက်နဲ့ ရေစုပ်စက်တွေကိုပါ ဝယ်ယူလာကြပြီး မိမိလုပ်ငန်းတွင်မက အခြားလယ်ယာများကိုပါ အငှားလိုက်ခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားနေတယ်"ဟု နတ်မဟုတ်ကလေးရွာ တောင်သူကြီးတစ်ဦးက ပြောသည်။

မောင်ချစ်လင်း

အမျိုးသမီးတစ်ဦးအား ခဲအိုဖြစ်သူက ဓားဖြင့်ထိုး

တောင်ငူ၊ ဇွန် ၂၆

ဇွန် ၂၄ ရက် ညနေ ၆ နာရီ ၂၀ မိနစ်က တောင်ငူခရိုင်တွင်လင်မယားချင်းကွဲသည့်ကိစ္စဖြင့် စကားများစွပ်စွဲပြောဆိုကာ မကျေနပ်၍ ဓားဖြင့်ထိုးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တောင်ငူမြို့ အမှတ်(၂)ရပ်ကွက် ကွင်းချောင်းလမ်းနေသူ အမျိုးသမီးသည် လွန်ခဲ့သောတစ်လခန့်က လင်မယားချင်းအဆင်မပြေဖြစ်၍ ၎င်းတို့အိမ်တွင် လာရောက်နေထိုင်သော ညီမဖြစ်သူနှင့်အတူရှိနေစဉ် အိမ်ရှေ့ဘက်မှ ဆူညံသံကြား၍ ထွက်ကြည့်ရာ နေအိမ်တံစက်မြိတ်အောက်တွင် သူမ၏ညီအစ်မတော်သူမှာ ပေါင်နှင့်ဝမ်းဗိုက်တွင် သွေးထွက်ဒဏ်ရာဖြင့် လဲကျနေပြီး အိမ်ထောင်ကွဲနေသူညီမ၏ ယောကျ်ားဖြစ်သူ သိန်းဇော် ၄၀ နှစ် ဆိုက်ကားနင်း၊ ကွင်းချောင်းလမ်းနေသူမှာ သစ်သားတုတ်ကိုကိုင်၍ ရိုက်ရန်ရွယ်နေသောကြောင့် မရိုက်ရန်ပြောပြီး ခြံအပြင်သို့ ဆွဲခေါ်ထုတ်ခဲ့ရကြောင်း ကနဦးတိုင်တန်းချက်များအရ သိရသည်။

ရုံးဆင်း၍ နေအိမ်သို့ပြန်လာပြီး ရေကန်တွင်ခြေထောက်ဆေးနေစဉ် သိန်းဇော်မှာ ရောက်ရှိလာပြီး ၎င်းတို့လင်မယားကွဲသည့်ကိစ္စအား သူမကြောင့်ဟု စွပ်စွဲပြောဆိုပြီး ဓားဖြင့်ထိုးရာမှ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် သူတစ်ပါးအား လက်နက်ဖြင့် အပြင်းအထန်နာကျင်အောင်ပြုလုပ်သူ သိန်းဇော်အား တောင်ငူမြို့အမှတ်(၂) ရဲစခန်းက (ပ)၂၁၁/၁၄ ပြစ်မှုပုဒ်မ ၃၂၆ အရ အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

ကျော်စွာ(တောင်ငူ)

သထုံခရိုင်တွင် ကျောင်းကျန်းမာရေးစစ်ဆေး

သထုံ၊ ဇွန် ၂၆

ကျောင်းသား၊ ကျောင်းသူများ ကျန်းမာကြံ့ခိုင်ပြီး ရွှင်လန်းစွာ ပညာသင်ကြားနိုင်ရေးအတွက် သထုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ကျောင်းကျန်းမာရေးဌာနတို့ ပူးပေါင်းကာ ဘုရားကြီးတောင်ဘက် မူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၂၃ ရက် နံနက် ၉ နာရီမှ စတင်ကာ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အထွေထွေရောဂါများကို စမ်းသပ်စစ်ဆေးပြီး လိုအပ်သောကုသမှုများနှင့် ဆေးဝါးများ ပေးအပ်ခဲ့သည်။

အဆိုပါ စမ်းသပ်စစ်ဆေးရာသို့ ခရိုင်မိခင်နှင့်ကလေးဥက္ကဋ္ဌ ဒေါ်ရွှေမိုးအေး၊ ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် သူနာပြုဆရာမကြီး ဒေါ်ခင်ချိုချိုနှင့် ကျောင်းအုပ်ဆရာကြီး ဦးအေးစိုးတို့က ကျောင်းသား၊ ကျောင်းသူ ၆၈၁ ဦးတို့အား လိုက်လံကြည့်ရှုအားပေးခဲ့ကြကာ သထုံမြို့နယ်အတွင်းရှိ အခြားသော အခြေခံပညာကျောင်းများတွင်လည်း ဆက်လက်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သက်ဦး(သထုံ)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၃

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ၏ ကြီးကြပ်မှုတို့ဖြင့် အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်များနှင့် သဃ်န်းကျွန်းမြို့နယ်တို့မှ လျှပ်စစ်ဝန်ထမ်းများနှင့်စည်ပင်သာယာရေး ဝန်ထမ်းများသည် ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် မိုးရာသီ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်း စေရန် ၆၆ ကေဗွီ သာကေတ-ကျိုက္ကဆံ ဓာတ်အားလိုင်းတစ်လျှောက် သဃ်န်းကျွန်းမြို့နယ် ကမာကြည်တံတားထိပ်မှ တာမွေမြို့နယ်တံတားအထိ သံသုမာလမ်းအတိုင်း သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းကြရာ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့်အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မွေးမွေး (သဃ်န်းကျွန်း)

တောင်သာတံတား ဆောက်လုပ်မှု ဇွန်လကုန်တွင် ရာနှုန်းပြည့်ပြီးစီးမည်

ကလေး၊ ဇွန် ၂၆

ကလေးမြို့အနောက်တောင်ဘက် အများပြည်သူသုံး လမ်းမကြီးပေါ်တွင် တည်ဆောက်ထားသည့် တောင်သာချောင်းကိုဖြတ်လျက် တောင်သာ RC ကွန်ကရစ်တံတားကြီးအား ဧပြီ ၁ ရက်မှ စတင်ဆောက်လုပ်ပြီး ဇွန် ၃၀ ရက်တွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ယင်းတံတားသည် အရှည် ၆၂ ပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ၁၂ ပေရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၉၄၇ သိန်း အကုန်အကျခံကာ ကလေးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီတို့ တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ကြောင်း အထောက်အကူပြုကော်မတီဝင် ဦးအေးချိုထံမှ သိရသည်။

ကလေးမြို့အတွင်း အများပြည်သူသုံးလမ်းမကြီးပေါ်တွင် တည်ဆောက်လျက်ရှိသည့် တောင်သာတံတားအား တွေ့ရစဉ်။

အဆိုပါတံတားဆောက်လုပ်မှုအား ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခမ်လျန်းခိုင်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များက ဇွန် ၂၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းတောင်သာတံတားအား အမာခံဆောက်လုပ်ပေးခြင်းကြောင့် ကလေးမြို့ အနောက်တောင်ဘက်ရှိ ကျေးလက်နေပြည်သူများနှင့် မြို့ပေါ်နေပြည်သူများအတွက် ရေကြီးရေလျှံသည့် မိုးရာသီကာလတွင် သွားလာနိုင်ကြမည်ဖြစ်သည်။

ဂျိုးနက်

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)အတွက် အောက်ပါလုပ်ငန်း(၆)ခုအား တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရေဂါလန်(၂၅၀၀၀)ဆံ့ ရေစင်တည်ဆောက်ခြင်း
(ခ) Waste Water Treatment Plant အတွက် အုတ်ရေမြောင်းတည်ဆောက်ခြင်း
(ဂ) ဘွိုင်လာနှင့်ရေသန့်စင်စနစ်ထားရှိမည့် အဆောက်အအုံတည်ဆောက်ခြင်း
(ဃ) ရေဂါလန် (၁၀၀၀၀)ဆံ့ သံရေစင်တည်ဆောက်ခြင်း
(င) ကတ္တားချိန်တွယ်မည့် အဆောက်အအုံတည်ဆောက်ခြင်း
(စ) ပင်မရေမြောင်းများတည်ဆောက်ခြင်း

၂။ (က) တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၂၃-၆-၂၀၁၄ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ
(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များကို သိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅၊ ၀၁-၆၄၆၂၇၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးလက်အောက်ရှိ အောက်ဖော်ပြပါဌာနများတွင် အဆောက်အအုံအသစ်များ ဆောက်လုပ်ရန်အတွက် ဆောက်ရွက်လိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အဆိုပါ အိတ်ဖွင့်တင်ဒါပေးသွင်းလိုသည့် လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် တင်ဒါစည်းကမ်းချက်များကို ၂၅-၆-၂၀၁၄ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၄-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်း ဒေသကြီး၊ လူမှုဝန်ထမ်းရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ၂၄-၇-၂၀၁၄ရက်တွင် တင်ဒါ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၅၅၃၉၅၇၊ ၅၅၂၉၂၇၊ ၅၅၂၈၂၃

(က) မသန်စွမ်းသက်ကြီးသင်တန်းကျောင်း -(၁၁၄'×၃၆'×၂') (၂)ထပ်(RC) (၂၀'×၁၅'×၁၀')ဆင်ဝင်သင်တန်းခန်းမဆောက်လုပ်ခြင်း(ရေ၊ မီး၊ မိလ္လာအပါအဝင်)
(ခ) မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ -(၁၀၀'×၃၆'×၂၁') (၄)ခန်းတွဲ (၂)ထပ် RC အမျိုးသမီးအိပ်ဆောင် (၁)လုံး ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာအပါအဝင်)
(ဂ) နားမကြားသောကလေးများကျောင်း -(၈၀'×၂၇'×၂၁') (၄) ခန်းတွဲ (၂)ထပ် RC သင်တန်းသူ အိပ်ဆောင် (၂)လုံး ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာအပါအဝင်)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ရန်ကုန်တိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)

သိုလှောင်ချိန်ကြာမြင့်သည့် အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၃)မှ မြို့ပြ၊ လျှပ်စစ်၊ ရေသန့်ပစ္စည်းများ ဈေးပြိုင်လေလံရောင်းချရန် ကြေညာခြင်း။

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၃)မှ သိုလှောင်ချိန်ကြာမြင့်ပြီး ခေတ်နှင့်အညီ အသုံးမတည့်တော့သည့် မြို့ပြ၊ လျှပ်စစ်၊ ရေသန့် ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း အောက်ပါအစီအစဉ်အရ ဈေးပြိုင်စနစ်ဖြင့် လေလံ တင် ရောင်းချပါမည်။

လေလံတင်ရောင်းချမည့်နေရာ - ပင်မစတိုရုံး၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ရှင်စောပုလမ်း၊ ဒဂုံမြို့နယ်
လေလံတင်ရောင်းချမည့်အချိန် - နံနက် ၁၀နာရီ
လေလံတင်ရောင်းချမည့်ရက် - ၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၇ရက်(တနင်္လာနေ့)

၂။ လေလံဆွဲဝယ်ယူလိုသူများသည် သိရှိလိုသော အချက်အလက်စည်းကမ်းများနှင့် လျှောက်လွှာ ပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃-၆-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းဝယ်ယူနိုင်ပါသည်။

ဒု-အင်ဂျင်နီယာမှူးကြီးရုံး
အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၃)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အမှတ်(၉၀)၊ ၃၂ လမ်း(အောက်)၊ ပန်းပဲတန်းမြို့နယ်။
ဖုန်း-၀၁-၃၈၆၆၇၆၊ ၀၁-၃၈၆၆၇၅

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကျန်းမာရေးဆောင်းပါး

ကုရာနတ္ထိဆေးမရှိသော ကင်ဆာရောဂါအမျိုးမျိုးကို ဆေးရွက်ကြီးမှပေးနေ

à r , f(kq;0;wuúdf

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ သုံးသပ်ချက်အရ ကမ္ဘာပေါ်ရှိ လူအများသေဆုံးရသော အကြောင်းရင်းများ ထဲတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုသည် ထိပ်ဆုံးသို့ ရောက်ရှိနေကြောင်း သုံးသပ်ထားသည်။

၂၁ ရာစုအတွင်းတွင် လူဦးရေသန်း ၁၀၀၀ ခန့်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းနှင့် နှီးနွယ်သည့် ရောဂါများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ခန့်မှန်းထားကြပြီး ထို့အပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နောက်ခံသမိုင်းများအရ လူပေါင်းသန်းတစ်ရာနီးပါး သေဆုံးခဲ့ပြီးဖြစ်သည်။

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု မြတ်စွာဘုရား ဟောကြားထားခဲ့ပြီး လူလိမ္မာတို့သည် အသိဉာဏ်ကြီးစွာ ကျန်းမာရေးကောင်းအောင် နေထိုင်ကြပေသည်။ ဆေးရွက်ကြီးသုံးစွဲသူတို့သည် မိမိရှာသောငွေကို မိမိဘာသာမီးရှို့ကာ မိမိကိုယ်ကို ရောဂါဝယ်နေကြသည်ဖြစ်၍ မိမိတို့၏ လုပ်ရပ်သည် လူမှန်လူလိမ္မာတို့၏ လုပ်ရပ်မဟုတ်ကြောင်း သေချာသိမြင်သင့်ပေသည်။

မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်အောက် လူငယ်များကို ဆေးလိပ်နှင့် အရက်ရောင်းချခြင်းမပြုရန် တားမြစ်ထားသော်လည်း ထိထိရောက်ရောက်အရေးယူမှုများ မပြုသေးပေ။ ထို့ကြောင့် ယနေ့ခေတ်လူငယ်များသည် ဆေးလိပ်သောက်ခြင်းကို စတိုင်တစ်မျိုးနှင့် အလှတိုးသည်ဟု ခံယူလျက် ဆေးလိပ်၊ စီးကရက်ကို ကျယ်ပြန့်စွာ သောက်သုံးလျက်ရှိသည်ကို တွေ့လာရသည်။

ဆေးရွက်ကြီးသုံးစွဲမှုသည် အဓိကအားဖြင့် ဆေးလိပ်မှ ဖြစ်သော်လည်း ကွမ်းစားခြင်းနှင့် အခြားနည်းများဖြင့်လည်း သုံးစွဲကြသေးသည်။ မည်သည့်နည်းဖြင့်မဆို ဤဆေးရွက်ကြီးသည် လူ့ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်ပါက ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပိုပေးသည်။ အထူးသဖြင့် ကုရာနတ္ထိဆေးမရှိဟု လူသိများသော ကင်ဆာရောဂါအမျိုးမျိုးကို ဆေးရွက်ကြီးကပေးသည်။ ကင်ဆာရောဂါအားလုံး၏ ၂၀ ရာခိုင်နှုန်းကျော်မှာ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုနှင့် ဆက်နွယ်လျက်ရှိကြောင်း စပိန်နိုင်ငံ သုတေသီများက ဖော်ထုတ်ခဲ့ကြပြီး အသည်းကင်ဆာလူနာများ၏ ၂၅ ရာခိုင်နှုန်း၊ သားအိမ်ကင်ဆာလူနာများ၏ ၁၄ ရာခိုင်နှုန်းနှင့် ကျောက်ကပ်ကင်ဆာလူနာများ၏ ရှစ်ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်သည်ဟု မှတ်ချက်ပြုကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ ဆေးလိပ်၊ စီးကရက် သောက်ခြင်း ဆေးရွက်ကြီး သုံးစွဲခြင်းနည်းပေသည်။ ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်စီးကရက်ငွေ့ ရှူမိပါက ဆေးလိပ်သောက်သူကဲ့သို့ပင် ရောဂါကို ထပ်တူရနိုင်ပါသည်။ အထူးသဖြင့် အမျိုးသမီးများသည် ဆေးလိပ်ငွေ့မှ ဆေးရွက်ကြီးဒဏ်ခံရပါက မွေးဖွားလာမည့်ကလေးငယ်မှာ ပေါင်မပြည့်ဘဲမွေးဖွားလာနိုင်သည့်အတွက် ကိုယ်ဝန်ဆောင်မိခင်လောင်းများ အထူးသတိထား ရှောင်ကြဉ်သင့်ပါသည်။

ဆေးလိပ်နှင့် ကွမ်းစားခြင်းကဲ့သို့ ဆေးရွက်ကြီးကို နည်းအမျိုးမျိုးဖြင့် သုံးစွဲနေကြရာ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်လာသော ရောဂါများသည် အသံတိတ်ညှော်သည်မဟုတ်ဘဲ ဖိတ်ခေါ်သောကြောင့် အသံဖြင့်ချီတက်လာသော ညှော်သည်နှင့်ပင် တူပေသည်။ ဆေးလိပ်သောက်ခြင်းသည် မကောင်းသောအလေ့အကျင့်မှန်း လူအများသိသော်လည်း မိမိငွေကို မိမိကိုယ်တိုင်မီးရှို့ကာ ကိုယ့်ရောဂါကိုယ်ဝယ်မှန်း သိကြသော်လည်း ထုံပေသောအကျင့်နှင့် ပြင်ဆင်ခြင်းမပြုကြပေ။ ထို့ကြောင့် ဥပဒေဘက်မှ သုံးစွဲသူအတွက်ရော ရောင်းချသူအတွက်ပါ ထိရောက်သော တားဆီးမှုများဖြင့် ချမှတ်နိုင်မှသာ သင့်တော်မည်ဖြစ်သည်။

ဥပဒေများဖြင့်ထိရောက်စွာအရေးယူမှုမရှိသောကြောင့် ၂၀၁၀ ခုနှစ်မှစ၍ ယနေ့ကာလအထိ ဆေးလိပ်. . .

၂၀၀၆ ခုနှစ်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေး ဥပဒေပေါ်ပေါက်ခဲ့ပြီး ထိုပေါ်ပေါက်ခဲ့စဉ် နှစ်အနည်းငယ်အတွင်း ယင်းပစ္စည်းများ ကြော်ငြာခြင်းနှင့် ဈေးကွက် ချဲ့ထွင်မှုများ သိသာစွာ လျော့နည်းသွားသေးသည်။ သို့သော် ဥပဒေများဖြင့် ထိရောက်စွာ အရေးယူမှု မရှိသောကြောင့် ၂၀၁၀ ခုနှစ်မှစတင်၍ ယနေ့ကာလအထိ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအား ကျယ်ပြန့်စွာ ဈေးကွက်ချဲ့ထွင်လာကြသည့်အပြင် ဆေးလိပ်စီးကရက် အမျိုးအစားသစ်များလည်း ပေါ်များနေကြောင်း တွေ့မြင်နေရသည်။ ထိရောက်စွာ မတားမြစ်သည့်ကာလပတ်လုံး ရဲတင်းစွာ ဆက်လက်လုပ်ကိုင်နေကြမည်မှာ လူသားတို့၏ လောဘအတ္တများကြောင့်ဖြစ်ရာ အရေးယူမှုများကို တစ်ဖန်ပြန်လုပ်မှသာလျှင် အကျိုးရှိပါမည်။

ထို့အပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု၏ ဆိုးကျိုးများကို လူသားတို့သိနိုင်ရန်လည်း ပညာပေးဟောပြောပွဲများ မကြာခဏဆိုသလို ကျင်းပရပေမည်။ အထူးသဖြင့် ကလေးသူငယ်များ၊ ကျောင်းသားလူငယ်များကို ငယ်စဉ်ကပင် နှစ်စဉ် ရှင်းပြပြောပြသင့်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကြောက်မက်ဖွယ်ရောဂါများ ဖြစ်တတ်ပုံအကြောင်းကို ပုံနှင့်တကွ ရှင်းပြနိုင်လျှင် ပိုကောင်းပေသည်။ စာရေးသူတို့ အိမ်နားရှိ မောင်ငယ်ဆိုသည့်ကလေးငယ်သည် စာပေများဖတ်ရှုရသည်ကို ဝါသနာပါသည်။ ရပ်ကွက်အတွင်း မည်သည့်ဟောပြောပွဲ ကျင်းပကျင်းပ သွားတတ်သည်။ သိသမျှကို မိဘ၊ သူငယ်ချင်းများကို ပြန်ပြောပြတတ်သည်။

ဤဆေးရွက်ကြီး အကြောင်းကိုလည်း မနှစ်က ဟောပြောပွဲတွင်နားထောင်ပြီး ပြန်ပြောပြသဖြင့် မောင်ငယ်၏ အဖေသည် စီးကရက်ကို လျှော့သောက်လာသည်မှာ မျက်မြင်ဖြစ်သည်။ ယခင်က လက်ကြားစီးကရက် အမြဲညှပ်သူသည် ယခု စီးကရက်ဝယ်တိုက်လျှင်ပင် မသောက်တော့ပေ။ ဤသည်ကား ပညာပေးခြင်းမှရသော အကျိုးအမြတ်ပင်။ အားလုံးမပြောင်းလဲနိုင်သော်လည်း ပြောင်းလဲသူများရှိသည်က မိမိတို့အားထုတ်မှု၏ အကျိုးအမြတ်ပင် မဟုတ်ပါလား။

ထို့ပြင် အမှားမြင်လျှင် အမှန်ပြင်ဆိုသည့်စကား အတိုင်းပင်။ အမှားဖြစ်ပါက ပြင်သင့်ကပြင်ရပေမည်။ မြန်မာရိုးရာယဉ်ကျေးမှုတွင် အိမ်သာ၍ ဧည့်သည်လာပါက ဆေးလိပ်၊ ကွမ်း၊ လက်ဖက်တို့ဖြင့် ဧည့်ခံတတ်ကြပေသည်။ ဆေးရွက်ကြီး၏ ဆိုးကျိုးများကိုသိသောကြောင့် ဧည့်သည်များကို ဆေးလိပ်၊ ကွမ်းဖြင့်ဧည့်ခံမည့်အစား ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်ဖြင့်သာ ဧည့်ခံသင့်ပေသည်။ ဤသို့ အစားထိုးဧည့်ခံခြင်းသည်လည်း ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးစားခြင်းပင်ဖြစ်သည်။

ထို့ပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲခြင်းကို မတားဆီးဘဲ လက်ရှိအတိုင်းထားပါက ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကလေးငယ်များနှင့် လူငယ်လူရွယ် သန်း ၂၅၀ သည် အရွယ်မတိုင်မီ သေဆုံးခြင်းနှင့် ရင်ဆိုင်ကြရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထုတ်ပြန်ထားသည်။ ထို့ကြောင့် ဖွံ့ဖြိုးရန်တာဆူနေသော စာရေးသူတို့နိုင်ငံအတွက် ဆေးရွက်ကြီးကို တားဆီးရန်ပြုလုပ်မှ သင့်ပေမည်။ အနာဂတ်လူငယ်များ မဆုံးရှုံးရန် ကြိုးပမ်းရမည် မဟုတ်ပါလား။

အထက်ပါအတိုင်း ငယ်စဉ်ကတည်းက ဆေးရွက်ကြီး ဆိုးကျိုး စီးကရက်၊ ဆေးလိပ်မကောင်းပုံများကို သေချာနားလည်အောင်ပြောပြီး ထိရောက်စွာ တားဆီးတားမြစ်နိုင်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးမှုသည် ဖွံ့ဖြိုးနှုန်းမြန်လာပေမည်။ လူငယ်ပိုင်းမှလည်းသိ လူကြီးပိုင်းမှလည်း ထိမိပါက မကောင်းသောအရာကို တားဆီးခြင်းအတွက် အောင်မြင်မှုအလင်းရောင်သည် ဖြာကျလာမည်ဖြစ်ပေသည်။ ॥

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ဆိုင်ရာရှင်းလင်းပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်အခွန်ဦးစီးအရာရှိ ဦးမြင့်စိုးက အခွန်အကောက်ဥပဒေနှင့် အခွန်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ အခွန်ရှင်းလင်းပွဲသို့ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ချင်းတွင်းသား (ပြန်ဆက်)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၄/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-055(14-15)	Assorted Sizes of Rotary Slips (14)Items	US$
(၂)	IFB-056(14-15)	Spares for Rotary Tong (BJ Type "B" & "C") (14)Items	US$
(၃)	IFB-057(14-15)	Spares for Kobelco Excavator Mark V (11)Items	US$
(၄)	IFB-058(14-15)	Spares for P & H Crawler Crane (20)Items	US$
(၅)	IFB-059(14-15)	Spares for Kenworth Oil Field Truck (15)Items	US$
(၆)	IFB-060(14-15)	Spares for Sumitomo Crane (5)Items	US$
(၇)	IFB-061(14-15)	Spares for Nissan PE-6 Diesel Engine (13)Items	US$
(၈)	IFB-062(14-15)	Spares for Mitsubishi 8DC8 Engine (19)Items	US$
(၉)	IFB-063(14-15)	Spares for Kobelco Excavator Mark VI (16)Items	US$
(၁၀)	IFB-064(14-15)	Tong Dies (2)Items	US$
(၁၁)	IFB-065(14-15)	Electrical Spares for D_3T_2 SR I Rig (13)Items	US$
(၁၂)	IFB-066(14-15)	CNG Compressor Driven By Electric Motor with Complete Package (1)Lot	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၃-၇-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
1000 KVA ဂျင်နရေတာ(၁)လုံးဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်ခြင်းနှင့် ပတ်သက်၍ ထပ်မံအသိပေးကြေညာခြင်း
(၂၃-၆-၂၀၁၄)

၁။ တင်ဒါပိတ်မည့်နေ့ရက်ကို ၂၇-၆-၂၀၁၄ရက် ၁၂နာရီအစား ၄-၇-၂၀၁၄ရက် ၁၂နာရီအထိ တိုးချဲ့ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများဖွင့်ဖောက်ခြင်းကို ၈-၇-၂၀၁၄ရက် ၁၄း၀၀နာရီတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ ကုန်သည်/စက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပပြုလုပ်ပါမည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

နေရာကောင်းတိုက်ခန်းရောင်းမည်(ပေကျယ်)
စမ်းချောင်းမြို့နယ်၊ အဆင့်မြင့်ပြင်ပြီး အသင့်နေတိုက်ခန်းများ

၁။ ကျွန်းတောလမ်းမ၊ ပေ(၂၀×၅၅)၊ တတိယထပ်၊ ပြင်ပြီး(သန့်)	သိန်း (၁၁၅၀)
၂။ သရက်တောလမ်း၊ ပေ(၂၅×၅၀)၊ တတိယထပ်၊ ပြင်ပြီး(သန့်)	သိန်း(၁၀၅၀)
၃။ ညောင်တုန်းလမ်း၊ ပေ(၂၅×၅၀)၊ ပဉ္စမထပ်၊ ပြင်ပြီး(သန့်)	သိန်း(၉၅၀)
၄။ သီရိလမ်း၊ ပေ(၂၅×၅၀)၊ ပဉ္စမထပ်၊ ပြင်ပြီး(သန့်)	သိန်း(၇၁၀)
၅။ ဦးစံညွန့်လမ်း၊ ပေ(၁၆×၅၀)၊ ပဉ္စမထပ်၊ ပြင်ပြီး(သန့်)	သိန်း(၅၉၀)

(ပွဲစားမလို) ဖုန်း-၀၉-၃၀၂၂၅၉၅၈၊ ၀၉-၇၃၁၅၆၄၉၄

09 255781353
09 250644566

အမြန်ရောင်းမည်
ဒေါပုံမြို့နယ်၊ ဗိုလ်တေဇလမ်း၊ ပေ(၁၂၂×၅၀) (Hall Type) ပြင်ဆင်ပြီးအသင့်နေနိုင်။
Ph:09-73159094

(1)နှစ်ခွဲ Rotwaller အထီး၊ အမ inpot (1)စုံရောင်းရန်ရှိသည်။
Alsation
သားပေါက်များရောင်းရန်ရှိသည်။
21/2 ပုဂံလမ်းမကြီး
(ရွှေခြင်္သေ့)

ဗျူဟာကားလမ်းမကြီးပေါ်ရှိ တံတားနှစ်စင်း ကြံ့ခိုင်မှုအားနည်းနေ

မိုးညှင်း၊ ဇွန် ၂၆

အခြေခံပညာမူလတန်းကျောင်း ရှေ့ ဗျူဟာကားလမ်းမကြီးပေါ်ရှိ စည်ပင်သာယာပိုင်တံတားမှာ ပျက်စီးလျက်ရှိပြီး အလားတူ ၎င်းနှင့် ပေ ၅၀၀ ခန့်အကွာရှိ တံတားငယ်တစ်စင်းတို့ ပျက်စီးယိုယွင်းပြီး ကြံ့ခိုင်မှု အားနည်းလျက်ရှိကြောင်း သိရသည်။

အင်းသာကျေးရွာသည် မိုးညှင်းမြို့နယ်၊ နန့်မွန်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး ၎င်းလမ်းသည် နန့်မွန်းကျေးရွာ၊ ဆန္ဒင်းကုန်းကျေးရွာ၊ အင်းသာကျေးရွာ၊ ဟဲပုကျေးရွာ၊ ဟဲပါးကျေးရွာများမှ တစ်ဆင့် အင်းတော်ကြီးအိုင်အထိ ဖောက်လုပ်ထားသော ကျေးရွာချင်းဆက် အဓိကလမ်းမကြီး ဖြစ်သကဲ့သို့ အင်းတော်ကြီးဒေသ သမိုင်းဝင် ရွှေမဥ္ဇူဘုရားသို့ သွားရောက်ရာလမ်းဖြစ်သည်။

ထို့ပြင် ဒေသခံများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကားကြီးကားငယ်များ၊ ထော်လာဂျီယာဉ်များ၊ သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ် အစရှိသည့် ယာဉ်ကြီးယာဉ်ငယ်များ ဖြတ်သန်းသွားလာနေသည့် လမ်းဖြစ်ကြောင်းသိရသည်။

ယင်းလမ်းမကြီးအား ကုန်စည်ကူးသန်းသွားလာရာတွင်အားထားနေရသည့်လမ်းမကြီးဖြစ်ပြီး နိုင်ငံခြားခရီးသွားများ၊ မြန်မာပြည်အနှံ့မှ ဘုရားဖူးခရီးသွားများအမြဲမပြတ်သွားလာနေကြကြောင်း၊ အဆိုပါကားလမ်းမကြီးမှာ လမ်းအင်္ဂါရပ်နှင့် ပြည့်စုံနေပါသော်လည်းတံတားများမှာကြံ့ခိုင်မှု အားနည်းခြင်း၊ပျက်စီးယိုယွင်းနေခြင်းများကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများမှအမြန်ဆုံးပြုပြင်ပေးရန် လိုလားလျက်ရှိကြောင်း ဒေသခံခရီးသွားများ၊ ယာဉ်မောင်းများထံမှ သိရသည်။ **ဝ၅၈**

စံဖရီးကျေးရွာမြတ်စေတနာစာကြည့်တိုက်ဖွင့်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ဘားအံ၊ ဇွန် ၂၆

ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ စံဖရီးကျေးရွာတွင် မြတ်စေတနာစာကြည့်တိုက်ဖွင့်နှင့်အသိပညာပေးဟောပြောပွဲကို မြတ်စေတနာစာကြည့်တိုက်တွင်ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်နောင်မှအဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ရီရီလွင်(ဦးစီးအရာရှိ) ကကျေးရွာပြည်သူအနေဖြင့် စာကြည့်တိုက်များကို အကျိုး ရှိစွာအသုံးချတတ်စေရန်နှင့်ယနေ့နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များအားအသိပညာပေးဟောပြောခဲ့ပါသည်။ ထို့နောက် မြတ်စေတနာစာကြည့်အား ဖွင့်လှစ်ပေးပြီး သုတရသစာအုပ်များအားလ-ဒါန်းပေးခဲ့ကြောင်းသတင်းရရှိပါသည်။ **ခရိုင်/ပြန်ဆက်**

ကျောင်းသား၊ ကျောင်းသူများအားဂုဏ်ပြု

နေပြည်တော်၊ ဇွန် ၂၆

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၈ နာရီတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုပွဲအခမ်းအနားတွင် ဥတ္တရသီရိမြို့နယ်မှ ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၁ ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၃၃ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၁၀၅ ဦးအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခြောက်ဘာသာခုနစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင်များ၊ လေးဘာသာ၊ သုံးဘာသာ၊နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရှင်များအားတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ရွှေကုက္ကို**

အင်းတော်မြို့နယ်အတွင်းဘိန်းဖြူဟု ယူဆရသော မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

စစ်ကိုင်း၊ ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးခွင့်အရ(၂၃/၂၄)ဖြင့် ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက ဒုရဲအုပ် သောင်းစိန်ထွန်း ဦးဆောင်သောအဖွဲ့သည် မန်လည်အုပ်စု အုပ်ချုပ်ရေးမှူး ဝင်းသက်တို့နှင့်အတူ ပျဉ်ထောင်ကုန်းကျေးရွာနေ ဝင်းညို၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဝင်းညိုမှာ နေအိမ်တွင်အသင့်တွေ့ရှိပြီး ၎င်းဝတ်ထားသော ရှပ်အကျီအိတ်ကတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသောအဖြူမှုန့်များ ထည့်ထားသည့် အလေးချိန် သုည ဒသမ ၁ ဂရမ်ခန့်ပါ ပင်နီစလင်းပုလင်းတစ်လုံးအား တွေ့ရှိခဲ့သည်။

ထိုအကျီအောက်စဖြင့် လိပ်ထားသော ကြွပ်ကြွပ်အိတ်အနက်ဖြင့်ထည့်ထားသည့် ပလတ်စတစ်ဘူးဖြူအတွင်း ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်များထည့်ထားသည့် အလေးချိန် လေးဂရမ်ခန့်ပါ တစ်ဘူးအား တွေ့ရှိ၍ သက်သေများရှေ့မှောက်တွင် ပုံစံပြုလုပ်သိမ်းဆည်းခဲ့ပြီး မူးယစ်ဆေးဝါးနှင့်အတူတကွ တွေ့ရှိသည့် ပျဉ်ထောင်ကုန်းကျေးရွာနေ ဝင်းညိုအား အင်းတော်မြို့မရဲစခန်းက မယ(ပ) ၁၃/၁၄ မူးစိတ် ၁၅/၁၉(က)အရ အရေးယူထားကြောင်းသိရသည်။

အလားတူ ဇွန် ၅ ရက် ညနေ ၃ နာရီက အင်းတော်မြို့မရဲစခန်းမှ ဒုရဲအုပ်သောင်းစိန်ထွန်းဦးစီးသော တပ်ဖွဲ့နှင့် မော်တိတ်ရဲကင်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ အင်းတော်-ဗန်းမောက် ကားလမ်းမိုင်တိုင်အမှတ် ၂၈/၄ မော်တိတ်ရဲကင်းရှေ့တွင် စောင့်နေစဉ် ခင်အောင်စီးလာသည့် ဆိုင်ကယ်အား ရပ်တန့်စေရာ ရပ်တန့်မပေးဘဲ မောင်းနှင်ထွက်ပြေးသွားပြီး လိုက်လံဖမ်းဆီးရာ မိုင်တိုင်အမှတ် ၂၉/၄-၃ ကြားအရောက်တွင် ဆိုင်ကယ်တူးဘောက်အတွင်းမှ ဂျင်းကြောပိုးအိတ်အား ယူဆောင်ထွက်ပြေး၍ဖမ်းဆီးရမိ ရှာဖွေရာ ၎င်းအိတ်အတွင်းမှဆပ်ပြာခွက်အတွင်း ဘိန်းဖြူဟုယူဆရသောအဖြူမှုန့် ၁၀ ဂရမ်ပါ ဆပ်ပြာခွက်တစ်ခွက်တန်ဖိုး ၁၀ သိန်းကျပ် အား ရှာဖွေတွေ့ရှိသဖြင့် ရှာဖွေပုံစံပြုလုပ်သိမ်းဆည်းပြီး ခင်အောင်အေးအား စစ်ဆေးမေးမြန်းရာ ဖမ်းဆီးရမိသော ဘိန်းဖြူမှုန့်များမှာ အင်းတော်မြို့နယ် အောင်းကုန်းကျေးရွာနေ အောင်ထူးထံမှ ဝယ်ယူခဲ့ကြောင်းထွက်ဆိုသဖြင့် ၎င်းကျေးရွာနေ အောင်ထူးနေအိမ်အား သွားရောက်ရှာဖွေရာ အောင်ထူးမှာ နေအိမ်တွင်မရှိဘဲ နေအိမ်မှ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း အောင်ထူး(ပြေး) နှင့် ဗန်းမောက်မြို့နယ် အောင်သာကုန်းရပ်ကွက်နေ ခင်အောင်တို့အား အင်းတော်မြို့ မြို့မရဲစခန်းက မယ(ပ)၁၂/၁၄ မူးစိတ် ၁၅/၁၉(က)၂၁ အရအရေးယူထားကြောင်း သိရသည်။ **ချစ်လင်း**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လှိုင်မြို့နယ်တရားမရုံးတော်၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀

၁။ ဦးအောင်ဇော်မြင့်	နှင့်	၁။ ဦးဘသောင်း
၂။ ဦးအောင်ဝင်း		၂။ ဒေါ်လှယဉ်
၃။ ဦးမောင်မောင်ဝင်း		
(တရားလိုများ)		(တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အမှတ် (၂၇) တွင် နေထိုင်ခဲ့သူဖြစ်သော ဦးဘသောင်း၊ ဒေါ်လှယဉ် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေ လိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ရက်(၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

၂၀၁၄ခုနှစ်၊ ဇွန်လ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မူမူအေး
တွဲဖက်မြို့နယ်တရားသူကြီး
လှိုင်မြို့နယ်တရားရုံး။

ဗိုလ်ကြီးမျိုးလွင်(ငြိမ်း)ကိုယ်တိုင်ဦးစီးသင်ကြားသော
DSA,DSTA,DSMA- ဗိုလ်လောင်းဝင်ခွင့်သင်တန်းများ

ဝင်ခွင့်ရေးဖြေ (ENGLISH,MATHS,BIO)
GENERAL KNOWLEDGE
PHYSICAL & PERSONALITY SKILLS
အမှတ်(၃၂)၊ ဓူဝံလမ်း/ဗိုလ်တိုက်ချွန်းလမ်း၊ မင်္ဂလာဒုံ၊ ခရေပင်လမ်းမကြီး၊ (၂/က)၊
စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။
ဖုန်း-၀၉၇၃၀၉၂၁၄၄၊ ၀၉၄၂၀၀၄၄၀၃၃

မမော် အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှု

မှော်ဘီ/ထောက်ကြန့်/မင်္ဂလာဒုံမြေသီးသန့်

၁။	ပေ (၂၀၀×၂၀၀)	-၁၅၀၀	၂။	ပေ(၃၇×၇၅)	၅၀၀(အိမ်၊ရေမီး)
၃။	ပေ(၄၅×၁၂၅)	-၂၅၀၀	၄။	ပေ(၃၀×၁၂၀)	၃၀၀၀(ထောက်ကြန့်လမ်းပေါ်)
၅။	ပေ(၅၀×၂၈၀)	-၂၂၀၀(ပြည်လမ်းပေါ်)	၆။	ပေ(၇၅×၁၁၀)	-၂၅၀၀
၇။	ပေ(၃၀×၆၀)	-RC၂ထပ် 800	၈။	ပေ(၁၅၀×၄၅၀)	-၈၅၀၀
၉။	ပေ(၁၀၀×၂၂၀)	-၅၅၀	၁၀။	ပေ(၄၀×၁၃၀)	-၁၈၀
၁၁။	ပေ(၁၀၀×၁၆၀)	-၅၅၀	၁၂။	ပေ(၈၀×၁၀၀)	-၄၀၀
၁၃။	ပေ(၅၀×၂၀၀)	-၃၈၀	၁၄။	ပေ(၈၀×၁၆၀)	-၄၃၀
၁၅။	ပေ(၈၀×၁၂၀)	-၂၈၀	၁၆။	ပေ(၈၀×၁၀၀)	-၁၆၀

Ph: 09 43113406

ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၊ အထက(၁)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ရန်ကင်းရပ်၊ ဦးပိုင်အမှတ်(၁၉/က)၊ ဦးမြင့်ဆွေ ပိုင် ဂရန်မြေကွက်အား သားဖြစ်သူ ကိုအောင်ကျော်မိုးမှ ဂရန်အမည်ပေါက် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ကိုအောင်ကျော်မိုး[၁၄/ကလန(နိုင်)၀၀၀၂၁၅]

ကျေးလက်ကိုယ့်အားကိုယ်ကိုး မီးလင်းရေး အစိုးရက ငွေထုတ်ချေး

မန္တလေး၊ ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီးတွင် ကျေးရွာများ ကိုယ်ထူကိုယ်ထ မီးလင်းရေးဆောင်ရွက်မှုအတွက် တိုင်းဒေသကြီးအစိုးရမှ ငွေကျပ် နှစ်ဘီလျံနီးပါး ကျပ်သိန်း ၁၉၀၀၀ ကျော်ကိုထုတ်ချေးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုရေးရာဝန်ကြီး ဦးကျော်မြင့်က ပြောသည်။

လက်ရှိအချိန်တွင် မန္တလေး၌ ကျေးရွာပေါင်း ၄၇၈၀ ရွာရှိသည့်အနက် ၂၉၈၀ ရွာမှာ ကိုယ်ထူကိုယ်ထ မီးလင်းရေးစနစ် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ကျန်ရှိသည့် ကျေးရွာများကို ၂၀၁၄ ခုနှစ်အတွင်း ပြီးစီးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ကုမ္ပဏီ ၁၅ ခုမှ မြို့နယ် ၂၈ မြို့နယ်ကို မြို့နယ်အလိုက် ဆိုလာမီးလင်းရေးစနစ် ဆောင်ရွက်နေခြင်းတို့အပြင် ကျေးရွာပေါင်း ၄၆၀ မှာ လျှပ်စစ်မီးရရှိရေး တစ်ပြိုင်နက်လုပ်ဆောင်လျက်ရှိကြောင်း လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်က ဆက်လက်ပြောသည်။

"ကုမ္ပဏီတွေကို မြို့နယ်အလိုက်ခွဲထားပြီး သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ညှိနှိုင်းပြီး ပြည်သူတွေက လုပ်ချင်တယ်ဆိုရင် တပ်ပေးတယ်။ ကျသင့်ငွေကို အစိုးရအဖွဲ့ကချေးငွေထုတ်ပေးမယ်။ ၂၀၁၄ ဒီဇင်ဘာလအတွင်းချေးငွေတွေကို လစဉ်အပြီးပေးရမှာ"ဟု ၎င်းက ထပ်မံရှင်းပြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိစေရန် (Master Plan) စီမံကိန်းတစ်ခုရေးဆွဲထားပြီး ဇွန် ၂၀ ရက်မှစတင်၍ မန္တလေးခရိုင်ခုနစ်ခုရှိ ဟောင်းနွမ်းဆွေးမြေ့နေသည့် ဓာတ်တိုင်များ၊ ဓာတ်ကြိုးများလဲလှယ်ခြင်းကို ၂၀၁၄ ခုနှစ်ဒီဇင်ဘာအတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရန် ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်း လျှပ်စစ်နှင့် စက်မှုရေးရာဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ကျေးလက် မီးလင်းရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုအဖြစ် ကျေးရွာပေါင်း ၆၄၉၁၇ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၂၁၆၇၅ ရွာဆောင်ရွက်ပြီးခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ဆဲကျေးရွာများမှာ ၇၇၆ ရွာရှိ၍ ဆောင်ရွက်ရန် ကျေးရွာပေါင်း ၄၂၄၇၆ ရွာရှိကြောင်း ၂၀၁၃ ခုနှစ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

ကျေးလက်မီးလင်းရေးရရှိပြီးသည့် ကျေးရွာ ၂၁၆၇၅ ရွာတွင် မီးလင်းပြီး စနစ်များမှာ ဓာတ်အားစနစ်ဖြင့် ၄၇၈၅ ရွာ၊ မီးစက်စနစ်ဖြင့် ၁၂၈၇၈၃ ရွာ၊ အသေးစားရေအားစနစ်ဖြင့် ၂၁၅၇၄ ရွာ၊ ဆိုလာစနစ်ဖြင့် ၇၄၀ ရွာ၊ ဇီဝဓာတ်ငွေ့၊ ဒြပ်ထု (Bio,Gas၊ Bio Mass) ဖြင့် ၁၂၁၃ ရွာရှိကြောင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တင်မောင်ဦး

ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်း အခမ်းအနားကျင်းပ

သထုံ၊ ဇွန် ၂၆

ကျောင်းသား ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိရှိနားလည်ပြီး ရှောင်ရှားနိုင်စေရန်အတွက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသခြင်းတို့ကို ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီက ကွန်ပျူတာတက္ကသိုလ်(သထုံ) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက လူငယ်များနှင့် မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယ ခရိုင်ဥပဒေအရာရှိ ဒေါ်တင်နီလာခိုင်က မူးယစ်ဆေးဝါးပြစ်မှုများနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၈) မော်လမြိုင် တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး နိုင်ထန်းမနားက မြန်မာနိုင်ငံအတွင်း မူးယစ်ဆေး စတင်ရောက်ရှိလာပုံနှင့် မူးယစ်ဆေး ဖမ်းဆီးနှိမ်နင်းရေး လုပ်ငန်းများအကြောင်းပြောကြားခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ်(သထုံ)မှ ကျောင်းသား၊ ကျောင်းသူ ၅၅၀ တက်ရောက်ခဲ့ကြပြီး မူးယစ်ဆေးဝါးဆိုင်ရာ ပညာပေးပန်းချီ၊ ဆောင်းပါး၊ ကာတွန်းနှင့် ဓာတ်ပုံများကို ခင်းကျင်းပြသထားကာ ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဝေငှပေးခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပ

မိတ္ထီလာ၊ ဇွန် ၂၆

မိတ္ထီလာမြို့ လျှော်ဖြူကန်ကျေးရွာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅၀ သိန်းဖြင့် ဆောက်လုပ်သည့် အလျား ၆၀ ပေ၊ အနံ ၁၂ ပေ သွပ်မိုးအုတ်ကာ အမှတ် ၃၂ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၄ နံနက်က အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။

ခေတ္တခရိုင်ပညာရေးမှူးက လက်ရှိပညာရေးကဏ္ဍ၏ ပြုပြောင်းလဲမှုများအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးမင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား မြို့နယ်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျောင်းတွင်ပညာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာပေလေ့လာရန် နေ့စဉ်သတင်းစာများကို ဆက်လက်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က နေ့စဉ်ထုတ်သတင်းစာများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီက ဗလာစာအုပ် ၃၀ ဒါဇင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီက ဗလာစာအုပ် ၃၀ ဒါဇင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ဗလာစာအုပ် ၃၀ ဒါဇင်၊ မြို့နယ်လယ်ယာမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီမှ ဗလာစာအုပ် ၁၀ ဒါဇင်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

လျှော်ဖြူကန်ကျေးရွာ အမှတ် ၃၂ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ သာစည်လေး စသည့်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၄၉ ဦး တက်ရောက်ပညာသင်ယူနေကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဟောပြော

ကျိုင်းလပ်၊ ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲအား တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့၊ ဝမ်နတ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကျိုင်းလပ်မြို့နယ် မူး/စိတ်/တားအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး တာချီလိတ်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးတင်ဖော်ထွန်းက မူးယစ်ဆေးဝါးနှင့် နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ဦးစိုးစိုး(စိုးသီဟစိုး)က လူငယ်တို့လျှောက်လှမ်းရမည့် ဘဝလမ်းခရီးအကြောင်းကို ဟောပြောခဲ့သည်။

တာချီလိတ်ခရိုင် လူကုန်ကူးမှုတားဆီးရေးအဖွဲ့ ရဲအုပ်မင်းအောင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ တွဲဖက်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က ယနေ့လူငယ်နှင့် အနာဂတ်ပညာရေးအကြောင်းအရာများကို ဟောပြောခဲ့သည်။

ကျိုင်းလပ်ပြည်သူ့ဆေးရုံမှ တိုက်နယ်ဆရာဝန် ဒေါက်တာဉာဏ်လင်းထိုက်က မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးအန္တရာယ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ အဖွဲ့ခေါင်းဆောင် ရဲအုပ်မြင့်နိုင်ဦးက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုများ အခြေအနေများကိုလည်းကောင်း ဟောပြောခဲ့ပြီး အဆိုပါဟောပြောပွဲသို့ ဝမ်နတ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၁၈ ဦးခန့် တက်ရောက်ခဲ့သည်။

မော်ကြီး(တြိဂံနယ်မြေ)

မြောက်ဥက္ကလာပ အထက(၁)
ဝါဆိုသင်္ကန်းကပ်လှူမည်

မြောက်ဥက္ကလာပ၊ အထက(၁)၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၆ရက်(တနင်္ဂနွေနေ့) (ဝါဆိုလပြည့်မတိုင်မီ တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မြောက်ဥက္ကလာပ အထက(၁)၊ မြတ်ခရေခန်းမ၌ ကျင်းပမည်။ အလှူငွေများကို ဆရာဦးရဲဒင် ဖုန်း-၀၉-၄၉၃၁၅၆၄၂၊ ဦးစိုးသန်း ဖုန်း-၀၉၄၃၁၃၁၂၇၀နှင့် ဦးအောင်မြင့်ကြည် ဖုန်း-၀၉၅၁၅၇၈၆၁တို့သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးဆောင်အဖွဲ့

YWCA

"မှုကြိုအကူဆရာမသင်တန်း"

နေ့ရက်	- ၂၁-၇-၂၀၁၄ရက်မှ ၁၅-၈-၂၀၁၄ရက်ထိ
အချိန်	- နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီထိ
စာရင်းပိတ်မည့်နေ့	- ၁၈-၇-၂၀၁၄ရက်

"သက်ကြီးရွယ်အိုပြုစုနည်းသင်တန်း"

နေ့ရက်	- ၁၈-၈-၂၀၁၄ရက်မှ ၁၂-၉-၂၀၁၄ရက်
စာရင်းပိတ်မည့်နေ့	- ၁၅-၈-၂၀၁၄ရက်
နေရာ	- YWCA အသင်းတိုက်၊ ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
စုံစမ်းရန်ဖုန်း	- ၀၁-၂၅၆၉၉၀၊ ၂၄၅၆၈၀

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းကြပါရန်။

ကိုရီးယားဘာသာသင်တန်းကျောင်း

ဆရာမဒေါ်သိမ့်သိမ့်နွေး B.A(Music),University of Culture
Diploma in Korean Y.U.F.L

အခြေခံနှင့် E.P.S TOPIK
သင်ရိုးသစ်သင်တန်းများကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။
အပတ်စဉ်- လစဉ် တန်းခွဲသစ်များရှိသည်။
CENTER တိုက်(၁၂)၊ အခန်း **D2**၊ ပထမထပ်၊ ရန်ကုန်အင်းစိန်လမ်း၊
သမိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၄၂၁၀၉၆၃၁၄၊ ၀၉-၂၅၀၄၀၃၁၇၉၊ ၀၉-၂၅၀၂၆၆၁၇၁၊ ၀၁-၆၅၀၁၅၈





အဝေးပြေးကုန်ကားဂိတ်များအသင်းရုံးသို့ သတင်းပို့ပြီးမှ ည ၁၁ နာရီနောက်ပိုင်း အလုပ်လုပ်ရန် အသိပေး

ရန်ကုန်၊ ဇွန် ၂၆

ဘုရင့်နောင်ပွဲရုံအတွင်း ည ၁၁ နာရီနောက်ပိုင်းတွင် ကားဂိတ်လုပ်ငန်းများဆက်လက် လုပ်ဆောင်လိုပါက အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ အသင်းရုံးသို့သတင်းပို့အကြောင်းကြားပြီးမှ လုပ်ကိုင်ရန် ဂိတ်များသို့အသိပေးစာ ဇွန် ၂၄ ရက်နေ့စွဲပါ စာအ မှတ် ၀၁၆/အဝေးပြေး ႏ/စီမံ-၄၁၅/၂၀၁၄ဖြင့်ပေးပို့ထားကြောင်း ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယင်းအသိပေးစာတွင် ၂၀၁၄ ဇွန် ၁၉ ရက်တွင်ကျင်းပပြုလုပ်သည့် လုံခြုံရေးနှင့် စည်ကမ်းထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရကုန်ကားဂိတ်များတွင်အပ်ကုန်အဖြစ် လက်ခံထားသော ကုန်ပစ္စည်းများကိုညပိုင်းတွင် ကုန်ကားများပေါ်သို့ အပေါ်ကုန်အဖြစ်တင်ဆောင်ရလေ့ရှိရာ ကားဂိတ်များတွင်ညလုံးပေါက်ကုန်တင်လေ့ရှိကြောင်း၊ ယင်းသို့ညပိုင်းအလုပ်လုပ်ရသည့်အတွက်အသိပေးရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။ ၂၀၀၀ ပြည့်နှစ်မတိုင်မီ ပွဲရုံဝင်းအတွင်းရှိ လမ်းသွယ်အချို့တွင် ကုန်ကားဂိတ်များရှိခဲ့ပြီး အချို့သောလမ်းသွယ်များတွင် ပွဲရုံများသာသီးသန့်ရှိနေရာမှ ၂၀၁၄ တွင် ကုန်ကားဂိတ်မရှိသော လမ်းမရှိသလောက် ဖြစ်လာကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ပွဲရုံဝင်းအတွင်း အဝေးပြေးကုန်ကားဂိတ်ပေါင်းတစ်ရာကျော်သာရှိရာမှ ယခုအခါ ၃၀၀ခန့်ရှိလာကြောင်း၊ အသင်းရုံးပိတ်ချိန် ည ၁၁ နာရီမတိုင်မီ ကြိုတင်အကြောင်းကြားထားရန်လိုကြောင်း ကားဂိတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

မောင်စေအောင်

ရေနံချောင်းတွင် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ရောက်ရှိ

ရေနံချောင်း၊ ဇွန် ၂၆

ရေနံချောင်းမြို့ သုံးဆယ်ခြောက်ကျေးရွာရှိ ရေနံချောင်းစက်မှုဇုန် ငွေစကြာမော်တော်ယာဉ်ထုတ်လုပ်ရေး အလုပ်ရုံခန်းမ၌ ဇွန် ၂၁ ရက်က ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးမာန် ဦးဆောင်သော တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ အင်အား ၉၅ ဦးတို့ ရောက်ရှိလာကာ ဇွန် ၂၂ ရက် နံနက် ၈ နာရီမှစတင်၍ ညနေ ၅ နာရီထိ အခမဲ့ကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကုသမှုတွင် ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် အထွေထွေခွဲစိတ်ရှစ်ဦး၊ အရိုးခွဲစိတ်နှစ်ဦး၊ မျက်စိခွဲစိတ် ကိုးဦး ပေါင်း ၁၉ ဦး၊ ရွေ့လျားဓာတ်မှန်ယာဉ်ဖြင့် ဓာတ်မှန်ရိုက်ကူး ၈၁ ဦး၊ တဆရ(၁၆/၁၀၀) သို့ပြောင်းရွှေ့ကုသသည့် လွှဲပြောင်းလူနာ ၄၀ ဦးနှင့် အခြားရိုးရိုးလူနာ ၁၆၉၂ ဦး စုစုပေါင်း ၁၈၃၂ ဦးအား အခမဲ့ကုသပေးနိုင်ခဲ့သည်။

"ယခုလို ကျေးလက်ဒေသမှာရှိတဲ့ ငွေကျေးမတတ်နိုင်သူအများစုနေထိုင်ရာ ကျေးရွာများအရောက် ထိုးဆေး၊ စားဆေးကအစ စမ်းသပ်မှု၊ ခွဲစိတ်မှုများပါ အခမဲ့ဆောင်ရွက်ပေးတာကို မိမိအသက် ၆၀ ကျော် တဲ့အထိ ယခုအကြိမ်သာကြုံဖူးပါတယ်။ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ကို အထူးပင် ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်" ဟု ဘဲဆိပ်ကျေးရွာမှ ဒေသခံတောင်သူ ဦးဆန်းညွန့်က ပြောသည်။

အဆိုပါနယ်လှည့် ဆေးကုသမှုအား ရေနံချောင်းတွင် ဇွန် ၂၁ ရက်မှ ဇွန် ၂၆ ရက် အထိ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

လူ့အခွင့်အရေးကော်မရှင်၏ အကြောင်းကြားမှုများ သက်ဆိုင်ရာဌာနများမှ ဖြေရှင်းပေးမှု ၇၀၀ ကျော်ရှိ

ရန်ကုန်၊ ဇွန် ၂၆

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် တိုင်ကြားစာများရောက်ရှိမှုအပေါ် သက်ဆိုင်ရာဌာနများ၊ လူပုဂ္ဂိုလ်များက ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ၊ ဖြေရှင်းပြီးကြောင်း တရားဝင်ပြန်လည်အကြောင်းကြားမှု ၇၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တိုင်ကြားစာဌာနမှ သိရသည်။

"တိုင်ကြားလာတဲ့စာတွေကို အမှန်တကယ်ချိုးဖောက်ခံရမှုရှိ မရှိစစ်ဆေးပြီး သက်ဆိုင်ရာဌာနတွေ လူပု ဂ္ဂိုလ်အဖွဲ့အစည်းတွေကို အကြောင်းကြားတယ်။ သူတို့ဘက်ကဖြေရှင်းပြီးကြောင်း ပြန်အကြောင်းကြားလာတဲ့အမှုကတော့ ၇၀၀ ကျော်လောက်ရှိသွားပြီ။ ဒါ့အပြင်သူတို့နည်းနဲ့သူတို့ဖြေရှင်းပြီးသွားတဲ့အမှုတွေလည်း တွေ့နေရတယ်။ ဖြေရှင်းပြီးသွားပေမယ့် ဒီကိုပြန်အကြောင်းမကြားတဲ့အမှုတွေလဲ ရှိတယ်"ဟု တိုင်ကြားစာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားမှုများမှာ ၂၀၁၁ ခုနှစ် မေ ၉ ရက်မှ ၂၀၁၄ ခုနှစ် မေအထိတိုင်ကြားမှု ၅၈၉၃ မှုရှိခဲ့ပြီး အဆိုပါတိုင်ကြားမှုများတွင် အမှန်တကယ် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများမဟုတ်ဘဲ အချို့အမှုများတွင် ပုဂ္ဂိုလ်ရေးတိုင်ကြားမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုမမြောက်သည့်အမှုများလည်း ပါဝင်ကြောင်း ၎င်းက ထပ်မံရှင်းပြသည်။

၂၀၁၃ ခုနှစ်တွင် လူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားမှု ၁၉၉၀ မှုရှိခဲ့ပြီး အစိုးရအဖွဲ့သို့တိုင်ကြားမှု ၆၂၄ မှုနှင့်အခြားလူပုဂ္ဂိုလ်အဖွဲ့အစည်းများသို့ အကြောင်းကြားခဲ့ပြီးအမှုပေါင်း ၈၀၀ ကျော်မှာ မှတ်တမ်းအဖြစ်ထားရှိခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင် ဇန်နဝါရီလမှ မေလအထိ တိုင်ကြားမှု ၈၁၀ မှုရှိခဲ့သည်။ လူ့အခွင့်အရေးကော်မရှင်သို့တိုင်ကြားမှုအများဆုံးအမှုများမှာ လယ်ယာမြေပြဿနာများနှင့် တရားရေးကဏ္ဍများဖြစ်ကြောင်း တိုင်ကြားစာဌာနမှ သိရသည်။

ပြည်သူများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများရှိလာပါက အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်သို့ လိပ်မူ၍ လူ့အခွင့်အရေးချိုးဖောက်ခံရသည့် အကြောင်းအရာ၊ မှတ်ပုံတင်မိတ္တူနှင့် လက်မှတ်ရေးထိုး၍ လူကိုယ်တိုင်ဖြစ်စေ စာတိုက်မှဖြစ်စေ ပေးပို့တိုင်ကြားနိုင်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သိရသည်။

တင်မောင်ဦး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ပြင်ပဆရာဝန်/သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ၂၀၁၅ ပညာသင်နှစ်တွင် ပြင်ပဆရာဝန်/သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဖွင့်လှစ်မည့် အောက်ဖော်ပြပါဘွဲ့လွန်ဒီပလိုမာ သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ Dip. Med.Sc (Family Medicine)	(၁)နှစ်	ရန်ကုန်၊ မန္တလေး၊ မကွေး
၂။	အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc.(General Dental Practice)	(၁)နှစ်	ရန်ကုန်၊ မန္တလေး

၂။ လိုအပ်သောအရည်အချင်း
(၁) မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာသင်တန်းအတွက် အမ်ဘီဘီအက်စ် ဘွဲ့ရရှိပြီးသူနှင့် အထွေထွေသွားရောဂါကု ဒီပလိုမာသင်တန်းအတွက် ဘီဒီအက်စ်ဘွဲ့ ရရှိထားသူဖြစ်ရမည်။
(၂) လက်ရှိတရားဝင် ဆရာဝန်မှတ်ပုံတင်(ဆမ)/သွားဘက်ဆိုင်ရာ ဆရာဝန်မှတ်ပုံတင်(သခ) တင်ပြနိုင်ရမည့်အပြင် တရားဝင် ဆမ/သခ သက်တမ်း(၂) နှစ်ပြည့်ပြီးသူများ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ ရက်(သောကြာနေ့) ဖြစ်ပါသည်။
၄။ လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။
၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၁၈-၉-၂၀၁၄ ရက်(ကြာသပတေးနေ့) ဖြစ်ပါသည်။
၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလိုသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-010925 သို့ ပေးသွင်းရမည်။
(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)
၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/ တိုင်းဒေသကြီး/ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးရုံးများနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း/ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးဝါးတက္ကသိုလ်ရန်ကုန်နှင့် မန္တလေး၌ ၂၀၁၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ဆေးဝါးမဟာသိပ္ပံ(M.Pharm) ဘွဲ့လွန်(၂)နှစ်သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
၂။ လိုအပ်သောအရည်အချင်း
(၁) ဆေးဝါးသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။
(၂) ဆေးဝါးသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကြီးသူဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဇေယျ)သို့မဟုတ် အရာထမ်းအခြေခံသင်တန်း(သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်း(သို့မဟုတ်) အရာထမ်းငယ်အခြေခံသင်တန်းတက်ပြီးသူဖြစ်ရမည်။
(ခြွင်းချက်။ လျှောက်လွှာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်း တက်ရောက်နေသူဖြစ်ပါက ရေးဖြေ ဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။)
၃။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ ရက်(သောကြာနေ့) ဖြစ်ပါသည်။
၄။ ကြိုတင်လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာန၊နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။
၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၁၈-၉-၂၀၁၄ ရက်(ကြာသပတေးနေ့) ဖြစ်ပါသည်။
၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့ ပေးသွင်းရမည်။
(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့်နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)
၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာသင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၁၅ ပညာသင်နှစ်၌ ဖွင့်လှစ်မည့် အရေးပေါ်သူနာပြုစုမှုပညာ ဘွဲ့လွန်ဒီပလိုမာ (၁၅)လသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ ဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
၂။ လိုအပ်သောအရည်အချင်း
(၁) သူနာပြုသိပ္ပံဘွဲ့(သို့မဟုတ်)မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ အသိအမှတ်ပြုထားသောအလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(၂) သူနာပြုသိပ္ပံဘွဲ့ရရှိပြီး လုပ်သက်နှင့်ဆေးလက်တွေ့ အတွေ့အကြုံ(၂)နှစ်ရှိရမည့်အပြင် လွန်ခဲ့သည့်(၂)နှစ်အတွင်း ဆေးလက်တွေ့ အတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဇေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း(သို့မဟုတ်)အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်း(သို့မဟုတ်)အရာထမ်းငယ်အခြေခံသင်တန်း တက်ပြီးသူဖြစ်ရမည်။
(ခြွင်းချက်။ လျှောက်လွှာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်း တက်ရောက်နေသူဖြစ်ပါက ရေးဖြေ ဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။)
၃။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ ရက်(သောကြာနေ့)ဖြစ်ပါသည်။
၄။ လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်သို့ပေးပို့လျှောက်ထားရမည်။
၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၁၈-၉-၂၀၁၄ ရက်(ကြာသပတေးနေ့) ဖြစ်ပါသည်။
၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလိုသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ်-၁၀၀၀ိ/-(ကျပ် တစ်ထောင်တိတိ)ကို နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့ ပေးသွင်းရမည်။
(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့်နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့လိပ်မူ၍ငွေလွှဲစနစ်ဖြင့်လည်းပေးပို့နိုင်ပါသည်။)
၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်းဒေသကြီး/ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

တကယ့်ဒဏ်ကြေလိမ်းဆေးစစ်စစ်
ဝိသာလင် ဒဏ်ကြေလိမ်းဆေး

ဆရာရဲ

၂၀၁၄ ခုနှစ် ဓောတိကအမှတ်တံဆိပ် ဝါဆိုသင်္ကန်းဈေးနှုန်း

ရန်ကုန်မြို့ရှိ ဓောတိကသင်္ကန်း ပင်ရင်းအရောင်းဆိုင်များ

ဓောတိကကြော်ငြာ

HOT LINE

၂၀၁၄ ခုနှစ် ဓောတိက ဝါဆို သင်္ကန်းဈေးနှုန်းများ အပြောင်းအလဲမရှိပါ။

ကိုရီးယားဘာသာသင်တန်းကျောင်း

ဦးမင်းသူ+ဒေါ်မြမော်မော်စန်း (B.A) Korean YUFL မှ

EPS-TOPIK သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေပါသည်။

သင်တန်းနေရာ

Center 1:

Center 2:

ယာခင်းရှင်

ဘာသာစကား၊ ဘာဂျာ၊ ဘာစစ်စသည် ... ဦးစီး

ညဘက် CAMP ... ဖောင်ဒါ

Repeater

နှုန်းမည်

L.O(4)

(A)Sat,Sun 9:00(am)-12:00(am)

(B)Thu,Fri 9:00(am)-12:00(am)

(C)Sat,Sun 12:00(Pm)-4:00(pm)

09 500 1599, 09 8632973, 09 73172556

ခြံမြေအမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ လှည်းကူးတာဆုံအနီး၊ လှည်းကူး-ဖောင်ကြီးလမ်းမဘေး(၁. ၀၉)ဧက ကျယ်ဝန်းသော ခြံမြေအား ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၉၃၁၈၁၂၉
(ညှိနှိုင်းဈေးနှုန်းဖြင့်)

095 095 095, 01-682944

Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign.

Basic English Level I, II, English 4 Skills, IELTS(Preparation Course) Grammar Foundation, English for Business

MMDC

Myanmar Media Development Center

Diploma in TV Broadcasting

- Foundation and Introduction
- Pre-Production
- Production Plan
- Program Production
- Directing
- Post Production
- Communication Skills
- Interview Techniques
- Camera and Editing
- Audio and Lighting
- Media Management
- Broadcast Engineering

YCTC Business Institute

Association of Business Executives (ABE)

- Diploma in Business Management / Marketing
- Higher Diploma in Business Management
- Graduate Diploma in Business Management

→ Installment Plan Available !!

Ph : (01) 542033, (09) 4201118100, (09) 250840429

ငါးလုပ်ငန်းဦးစီးဌာနပိုင်စက်ပစ္စည်း/အဟောင်းအပျက်များအားရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းနယ်မြေ သိုလှောင်ရုံများအတွင်းရှိ စက်ပစ္စည်းအဟောင်းအပျက်များ၊ ရုံးသုံးပရိဘောဂအဟောင်းအပျက်များ၊ ရုံးသုံးစက်ကိရိယာအဟောင်းအပျက်များနှင့် တာယာဆိုဒ်စုံ၊ ဘက်ထရီအိုးအဟောင်းအပျက်များအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့်အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့်ပစ္စည်းများ၏ အချက်အလက်များအား တင်ဒါလျှောက်လွှာစည်းကမ်းချက်ပုံစံတွင် ပူးတွဲဖော်ပြအပ်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံများရောင်းချမည့်-

(က) နေ့ရက် - ၂၆-၆-၂၀၁၄ ရက်မှ ၁၅-၇-၂၀၁၄ ရက်ထိ

(ခ) အချိန် - နေ့စဉ်ရုံးဖွင့်ချိန်များတွင် နံနက် ၉း၃၀ နာရီမှ ၁၅း၃၀ နာရီထိ

(ဂ) နေရာ - (၁) ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော်။

(၂) ငါးလုပ်ငန်းဦးစီးဌာနရုံး၊ ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဃ) တင်ဒါတစ်စောင်နှုန်း - ကျပ်-၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)

၄။ ပစ္စည်းများ၏မျက်မြင်အခြေအနေအားကြည့်ရှုရမည့်နေရာ - ငါးလုပ်ငန်းဦးစီးဌာနရုံး၊ သိုလှောင်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ငါးလုပ်ငန်းဦးစီးဌာနရုံး၊ ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၁၆-၇-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီ

၇။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၆-၇-၂၀၁၄ ရက် နံနက် ၁၀း၃၀ နာရီ

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၄၀၈၄၇၄၊ ၀၆၇-၄၁၈၅၃၁(နေပြည်တော်)နှင့် ၀၁-၆၈၀၇၄၉၊ ၀၁-၆၄၇၇၂၁(ရန်ကုန်)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **(တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ)**

ငါးလုပ်ငန်းဦးစီးဌာန

ဝါဆိုသင်္ကန်းကပ်လှူမည်

အင်းစိန်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ စာချစာသင် သံဃာတော် အပါး(၄၆၀)ပါးတို့အား တစ်ပါးလျှင် ဒွိစုံသင်္ကန်းတစ်စုံကျစီ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ စီဝိုင်စီ သင်္ကန်းတစ်စုံလျှင် ၆၀၀၀ိ/-ကျပ် နှုန်းဖြင့် မိမိသဒ္ဓါအလျောက် တယ်လီဖုန်းအမှတ် -၀၁- ၆၄၆၈၆၅၊ ၆၄၆၄၆၄၊ ၆၄၀၂၉၄ နှင့် ၀၉- ၅၀၇၃၃၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်သည်။

အောင်ဆုပန်သာသနာ့ရိပ်သာ ဝိပဿနာတက္ကသိုလ် ဝါတွင်း(၃)လ=ရက်(၉၀) (၁၈)ကြိမ်မြောက်တရားစခန်းပွဲဖိတ်ကြားလွှာ

ရွှေဘိုမြို့၊ ရေဦးလမ်း၊ အောင်ဆုပန်သာသနာ့ရိပ်သာ ဝိပဿနာတက္ကသိုလ် ဝါတွင်း(၃)လ= ရက်(၉၀) (၁၈)ကြိမ်မြောက် တရားစခန်းပွဲကို (၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ)၁၁-၇-၂၀၁၄ရက်မှ ၈-၁၀-၂၀၁၄ရက်အထိကျင်းပ၍ ရွှေဘိုအောင်ဆုပန်ဆရာတော် ဘဒ္ဒန္တအရိယဝံသနှင့် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအကျော် ဆရာတော်များက ဟောပြောပို့ချသင်ကြားပါမည်။

၁။ တရားစခန်းဝင်လိုသူ ယောဂီသူတော်စင်များ အနည်းဆုံး(၁၀)ရက်မှစ၍ စွမ်းနိုင်သလောက် ဝင်ရောက်အားထုတ်နိုင်ပါသည်။

၂။ ပရိယတ္တိအရည်အချင်းရှိသည့်ရဟန်း၊ သီလရှင်၊ ယောဂီတို့မှာ (၄၅)ရက်အားထုတ်ပြီးပါက တရားဟောတရားပြဓမ္မကထိက သင်တန်းတက်နိုင်ပါသည်။

၃။ တရားစခန်းအတွက် တစ်နေ့တာ အရုဏ်ဆွမ်း-၅၀၀၀ိ/-၊ နေ့ဆွမ်းနှင့် အချိုပွဲ-၁၅၀၀၀ိ/-၊ ညနေ ဖျော်ရည်-၁၀၀၀ိ/-၊ တရားပွဲဓမ္မပူဇာ (မတည်)၂၅၀၀ိ/-၊ သံဃာတစ်ပါး/ ယောဂီတစ်ယောက်လျှင် အရုဏ်-၅၀ိ/-၊ နေ့ဆွမ်း-၁၀၀ိ/-၊ ဖျော်ရည်-၁၀ိ/- စသည်ဖြင့် လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန်

ဥက္ကဋ္ဌ	**နာယကဆရာတော်**	**ဥက္ကဋ္ဌ**
သာသနာနုဂ္ဂဟအဖွဲ့	**သာသနာနုဂ္ဂဟအဖွဲ့**	**ဝိသာခါဝေယျာဝစ္စအဖွဲ့**
ဖုန်း-၀၉-၄၇၀၆၂၃၅၀၊	**ဖုန်း-၀၉-၂၀၀၀၁၀**	**ဖုန်း-၀၉-၃၁၉၆၂၆၅၀**

(၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာပူဇော်ပွဲ မင်္ဂလာဖိတ်ကြားလွှာ

တိပိဋကယောဆရာတော်ကြီး စီမံအုပ်ချုပ်တော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ၊ ရွှေဥမင်ဓမ္မသုခတောရရိပ်သာစာသင်တိုက်၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို (၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ရက်) ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်၊ စေတနာရှင် ပစ္စည်း(၄)ပါး ထောက်ပံ့လှူဒါန်းကြသော ကျောင်းတိုက်၏ ဒါယကာ၊ ဒါယိကာမတို့အား ကြွရောက်၍ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဝေယျာဝစ္စအဖွဲ့

ရွှေဥမင်ဓမ္မသုခတောရရိပ်သာစာသင်တိုက်

ရေဦးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်၊ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားလွှာ

ရေဦးမြို့နယ်အသင်း(ရန်ကုန်)မှ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ သက်ကြီးပူဇော်ပွဲကျင်းပခြင်းနှင့် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၅ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ မိုးညှင်းဝိပဿနာတိုက်သစ် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ရေဦးမြို့နယ်သူ၊ မြို့နယ်သားများတက်ရောက်ကြပါရန်နှင့် တက်ရောက်မည့် အသက် (၈၀)နှစ်နှင့်အထက် အသင်းဝင်အဘိုးအဘွားများ၏ အမည်စာရင်းများကို ၃-၇-၂၀၁၄ ရက်နောက်ဆုံးထား၍ အောက်ပါအမှုဆောင်များထံ စာရင်းပေးပို့ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လှူဒါန်းလိုသော ပစ္စည်းများနှင့် အလှူငွေများကိုလည်း အောက်ဖော်ပြပါ အမှုဆောင်များထံ ပေးပို့လှူဒါန်းနိုင်ပါသည်။

ဗိုလ်မှူးကြီးဝင်းကြည် (ငြိမ်း) ဖုန်း-၂၄၆၅၅၁၊ ဦးသန်းနွဲ့ ဖုန်း-၆၆၁၇၂၆၊ ဦးဘအုပ် ဖုန်း-၇၀၃၃၄၁၊ ဦးမြ ဖုန်း-၀၉- ၂၅၄၄၁၀၈၉၄၊ ဦးသိန်းထွန်း ဖုန်း-၀၉ ၅၀၄၃၇၆၅

အမှုဆောင်အဖွဲ့

(၂၅)နှစ်မြောက်ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ **ဦးသော်တာစိုး** [LLB,D.B.L,D.M.L,D.A(PSY)၊ မြို့နယ်ဥပဒေအရာရှိ(ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၁၆/၈၇)]နှင့် မေမေ **ဒေါ်ဥမ္မာသိန်း** တို့၏ ၂၇-၆-၂၀၁၄ရက်မှာ ကျရောက်သည့် (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနဲ့အတူ ဘာသာ၊ သာသနာအကျိုး ဆောင်ရွက်ရင်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်စွာ နေထိုင်သွားနိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

သား- ဗိုလ်ကြီးဇေယျာမင်း

B.C.Sc(DSA-52)

(၁၀)တန်းဂုဏ်ထူးရရှိသောသားသမီးများအတွက် အစည်းအရုံးဝင်များလျှောက်ထားနိုင်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သည့် ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအား နှစ်စဉ်ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်သည့် အစဉ်အလာရှိပါသည်။ သို့ပါ၍ ၂၀၁၃/၂၀၁၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ ပူးတွဲပါအချက်များဖြင့် လျှောက်ထားနိုင်ပါသည်။

(၁) မိဘ၏အစည်းအရုံးဝင်ကတ်မိတ္တူ

(၂) သန်းခေါင်စာရင်းမိတ္တူ

(၃) ဂုဏ်ထူးရရှိကြောင်း အမှတ်စာရင်းမူရင်း၊ မိတ္တူတို့နှင့်အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပုံစံလာရောက်ထုတ်ယူနိုင်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သိန်း
1986 B.E(Civil), D.P.H.E
ဌာနခွဲမှူး(အဆောက်အအုံဌာန၊ မြို့တော်စည်ပင်)
အသက်(၅၂)နှစ်

ဦးအောင်သိန်း(ဌာနခွဲမှူး၊ အဆောက်အအုံဌာန၊ မြို့တော်စည်ပင်) အသက်(၅၂)နှစ်သည် ၂၃-၆-၂၀၁၄ (တနင်္လာနေ့) ည ၉း၄၀ နာရီတွင် မဟာမြိုင် ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၃-၁၉၈၆(မြို့ပြအင်ဂျင်နီယာ)
ကျောင်းသား၊ ကျောင်းသူဟောင်းများ(RIT)

ကိုးလပြည့်ကုသိုလ်ပြုအမျှပေးဝေခြင်း
ဒေါ်ခင်မာမာကြွယ်
ဌာနစုမှူး၊ သမဝါယမတက္ကသိုလ်(သန်လျင်)

၂၁-၉-၂၀၁၃(စနေနေ့)ရန်ကုန်မြို့တွင်ကွယ်လွန်ခဲ့သည့် ဒေါ်ခင်မာမာကြွယ် အား ရည်စူး၍ ၂၁-၆-၂၀၁၄(စနေနေ့) ကိုးလပြည့်တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်(၅)ပါးကို နေအိမ်သို့ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်ခြင်း၊ သင်္ကန်းပရိက္ခရာ(၈)ပါးကပ်လှူခြင်း၊ သံဃာ့ပစ္စည်းအတွက်နဝကမ္မအလှူတော်ငွေများလှူဒါန်းခြင်းတို့ပြုခဲ့ပါသည်။ ကွယ်လွန်သူ ဒေါ်ခင်မာမာကြွယ်နှင့်တကွ (၃၁)ဘုံတွင်ရှိကြကုန်သော ပုဂ္ဂိုလ်အပေါင်း၊ သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့ လှူဒါန်းသောကောင်းမှုအစုစု၏ ကုသိုလ်အဖို့ကို ကျွန်ုပ်တို့နှင့်ထပ်တူထပ်မျှရ၍ သာဓုခေါ် ဆိုနိုင်ကြပါစေ၊ အမျှ အမျှ အမျှ ယူတော်မူကြပါ။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
သဲအင်းယောဂီ(ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး)
ဒေါ်အုန်းလှ (၈၆)နှစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့၏ချစ်လှစွာသောမိခင် ဒေါ်အုန်းလှ(သဲအင်းယောဂီ) အသက်(၈၆)နှစ်သည် ၁၇-၆-၂၀၁၄ ရက်(အင်္ဂါနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်အေးမေနှင့်သား၊ သမီးများ
ရွှေတောင်စားဘုရားလမ်း၊ မြောက်ရွာရပ်၊ ထားဝယ်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင်
ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ဆေးပညာဌာန၊မန္တလေးဆေးတက္ကသိုလ်
အသက်(၉၁)နှစ်

ပါမောက္ခဒေါက်တာ ဒေါ်မြင့်မြင့်ခင် အသက်(၉၁)နှစ်သည် ၁၉-၆-၂၀၁၄ ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(Internal Medicine Society)

ဒေါ်အမာ
အသက်(၈၇)နှစ်
(မင်္ဂလာတောင်ညွန့်)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၉၃/၄)၊ ၄၉လမ်း (အလယ်)၊ ပထမထပ်နေ (ဦးထွေး- ဒေါ်သန်းလှ)တို့၏သမီး၊ (ဦးမောင်မောင်လေး)၏ဇနီး၊ ဦးမျိုးညွန့်-ဒေါ်ညိုညိုထွန်း၊ ဦးဝင်းမြင့်ထွန်း-ဒေါ်ရင်ရင်ရွှေ၊ ဦးသန်းဦး-ဒေါ်မိမိထွန်း၊ ဦးစောနိုင်ဝင်း-ဒေါ်သီဂီထွန်း၊ဒေါ်သန္တာလင်း၊ ဦးအောင်ကျော်လင်း၊ ဦးကိုကိုလင်း- ဒေါ်မာလာ၊ ဦးဇော်မိုးဦး-ဒေါ်ဖြူဖြူထွန်း၊ ဦးမင်းမင်းဦး-ဒေါ်ရင်ရင်၊ ဦးရဲမင်းဦး-ဒေါ်သီရိန်၊ ဒေါ်စန္ဒာစိုး၊ ဒေါ်ကေခိုင်စိုး၊ ဒေါ်အိအိစိုးတို့၏ကြီးကြီးသည် ၂၄-၆-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူ တူ၊တူမများ

ဒေါ်အမာ
အသက်(၈၇)နှစ်
(မင်္ဂလာတောင်ညွန့်)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ အမှတ်(၉၃/၄)၊ (၄၉)လမ်း (အလယ်)၊ ပထမထပ်နေ (ဦးထွေး-ဒေါ်သန်းလှ)တို့၏ သမီး၊ (ဦးမောင်မောင်လေး)၏ဇနီး၊ ဒေါ်ရင်ရင်သန်း၊ ဦးငွေကြည်-ဒေါ်ခင်မြတ်မူ၊ ဦးအောင်ဝင်း-ဒေါ်အေးအေးဝင်း၊ (ဦးအောင်မင်း)-ဒေါ်လွင်လွင်မိုး၊ ဦးအောင်သူ-ဒေါ်စန်းစန်းမော်၊ ဦးဉာဏ်မြင့်-ဒေါ်ရီရီဝင်း၊ ဦးဝင်းမြတ်ဇော်-ဒေါ်သူဇာစိုး၊ ဗိုလ်မှူးကြီးဇော်နိုင်ဝင်း-ဒေါ်ခိုင်ခိုင်စိုး၊ ဦးမိုးဇော်ဝင်း-ဒေါ်သီဂီဝင်း၊ ဦးအောင်နိုင်ဝင်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ထက် - ဒေါ်စောမာလာဝင်းတို့၏ ကြီးကြီးသည် ၂၄-၆-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူ တူ/တူမများ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ညိမ်းညိမ်း(ခ)တင်ငြိမ်းရင်
(Hilda Tin)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂/ခ) နေ (ဦးတင်-ဒေါ်အုံးသိန်)တို့၏သမီး၊ (ဦးမြို့-ဒေါ်ခင်တင့်) တို့၏သမီးချွေးမ၊ (ဦးခင်မောင်လတ်) ၏ ဇနီး၊ (ဦးဇော်တင့်)-ဒေါ်ခင်မေလတ်၊ ဦးတင်ထွဋ်-ဒေါ်ခင်ဆွေလတ်၊ ဦးသူရ-ဒေါ်ညွန့်ညွန့်ဝေ(ခေတ္တ- Singapore) တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဦးဇော်လတ် (ပုသိမ်တက္ကသိုလ်)-ဒေါ်သဇင် (HTOO TRAVELS)၊ ဒေါ်မေသက်နွယ် (ထွန်းဖောင်ဒေးရှင်းစာကြည့်တိုက်)၊ ဦးတင်လတ် (ခေတ္တ-Melbourne)၊ ဦးသူရိန်လတ် (မင်းဓမ္မကုမ္ပဏီလီမိတက်)-ဒေါ်ကြော့ယမင်းအောင်၊ ဦးဟိန်းလတ်(ခေတ္တ-Melbourne)၊ ဒေါ်စုရည်ဝင်း (ခေတ္တ-Singapore)၊ ဒေါ်စုရည်လင်း (ခေတ္တ-Singapore)တို့၏ ဘွားဘွား၊ မောင်ပြည့်မင်းသူ၊ မြတ်ပွင့်ဖြူ၊ စန္ဒမင်းသူတို့၏ ဘွားဘွားကြီး ဒေါ်ညိမ်းညိမ်းသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဇော်ဇော်မင်း(စစ်တွေ)(၄၃)နှစ်
Managing Director Comrade Co., Ltd.

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးမြသိမ်း - ဒေါ်လှမြသိန်းတို့၏ သားကြီး၊ စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ ဦးကျော်အေး-ဒေါ်အေးမြစိန်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ (၄၉)လမ်း၊ အမှတ်(၉၁)၊ အခန်း(၇)နေ ဒေါ်ခင်အေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မအေးမြင့်မြတ်ဖြိုး(ခ)ရွှေဥ (TOTAL Learning Acadamy)၏ မွေးသဖခင်၊ ဒေါ်မြချောဥမ္မာ-ဦးအောင်လင်း (ဒဂုံတက္ကသိုလ်)တို့၏ အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၅၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးထွန်းလွင်(မြောင်းမြ)
အသက်(၅၉)နှစ်

၂၀-၆-၂၀၁၄ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားခဲ့သော ဦးထွန်းလွင်(ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး-ငြိမ်း)၏နာရေးကိစ္စတွင် ပြီးပြည့်စုံအောင် အဘက်ဘက်မှပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သင်္ကန်း၊ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများ ပေးပို့ခဲ့ကြသော ဧရာဝတီတိုင်းဒေသကြီး တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ်အသီးသီးမှ ငါးလုပ်ငန်းဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဧရာရွှေဝါကုမ္ပဏီမှမိတ်ဆွေများ၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲစွာဖြင့် အဘက်ဘက်မှကူညီဆောင်ရွက်ပေးခဲ့ကြသော မြို့ပေါ်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်း၊ လုပ်ငန်းရှင်များ၊ လူကိုယ်တိုင်လာရောက်ခြင်းမရှိသော်လည်း စာနာမေတ္တာစိတ်ဖြင့် ရပ်နီးရပ်ဝေးမှဖုန်းဖြင့်မေးမြန်းအားပေးနှစ်သိမ့်ခဲ့ကြသူများ၊ နာရေးကိစ္စကိုအစအဆုံးတိုင် ကူညီလုပ်ကိုင်ပေးခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

(၂၅)နှစ်မြောက်လွမ်းဆွတ်ခြင်း
ဒုဗိုလ်မင်းခိုင်
B.Sc, D.SA(အပတ်စဉ်-၃၀)သို့ "လွမ်း၊ ငွေရတု၊ ပြုသည့်ဒါန ကုသလကို အမျှရယူနိုင်ပါစေ"

ဖေဖေ

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးကံမြင့်
လက်ထောက်ထွေ/ဂျာမြန်မာ့သစ်လုပ်ငန်း(ငြိမ်း)
အသက်(၆၃)နှစ်
(၂၇-၆-၂၀၁၂မှ၂၇-၆-၂၀၁၄)

ဒီနေ့ဆိုရင် ဖေကြီး မိသားစုကို ရုတ်တရက်ခွဲခွာသွားတာ (၂)နှစ်ပြည့်ခဲ့ပြီ၊ ဖေကြီးကိုနေ့စဉ်နဲ့အမျှ လွမ်းဆွတ်သတိရနေပါတယ်။ ဖေကြီးအတွက် ရည်စူးလှူဒါန်းမှုများကို မြင့်မြတ်အေးချမ်းသောဘုံဌာနမှ သာဓုခေါ်နိုင်ပါစေ။

ချစ်တဲ့
မေကြီးနှင့်သားများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာအောင်ကိုမြင့် (B.V.Sc.(YZN))
အသက်(၃၈)နှစ်

သူငယ်ချင်း ဒေါက်တာအောင်ကိုမြင့်သည် ၂၃-၆-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

1995-2001 B.V.Sc ကျောင်းဆင်း သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သိန်း
B.E (Civil)(1986) D.P.H.E
ဌာနခွဲမှူး (အဆောက်အအုံဌာန၊ မြို့တော်စည်ပင်)
အသက်(၅၂)နှစ်

၂၃-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရခိုင်ကျောင်းသား/ကျောင်းသူဟောင်းများ
ရန်ကုန်စက်မှုတက္ကသိုလ်

ဖခင် အမည်မှန်
ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ဒေသ၊ ထိန်ကြီးရွာနေ မနီလာဝင်း၏ဖခင် ဦးဗိုလ်ဝင်း၏အမည်မှန်မှာ ဦးဘိုဝင်း[၆/ရဖန(နိုင်)၁၁၅၃၂၀]ဖြစ်ပါသည်။

ကျေးဇူးတင်လွှာ

၁၅-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခဲ့သော ရပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ ကုသိုလ်(ခ)ဦးမြင့်သိန်းအား ကျန်းမာရေးမကောင်းချိန်မှစ၍ သဂြိုဟ် ပြီးစီးသည်အထိ အစစအရာရာ ဂရုတစိုက်ကူညီ ကုသပြုစုစောင့်ရှောက်ပေးခဲ့သော အောင်ရတနာဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့်တကွ အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်း အထွေထွေရောဂါ အထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာ ဒေါ်သန်းသန်းအေးနှင့်တကွ ဆရာဝန်၊ ဆရာဝန်မများ၊ သူနာပြုများ၊ ဝန်ထမ်းများအားလုံး၊ အနုပညာအသိုင်းအဝန်းမှ အနုပညာရှင်ညီအစ်ကိုမောင်နှမများအားလုံး၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလုံး၊ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြပါသော ပရိတ်သတ်များနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးညွန့်တင် (၉၃)နှစ်
ရွှေဂုဏ်မြင့်စနေအရုဏ်ဝတ်အသင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/အနောက်ရပ်ကွက်၊ အနောက် ဈေးဟောင်းလမ်း၊ အမှတ်(၃၇)နေ(ဦး စောမောင်-ဒေါ်ပေါ်ကြွယ်)တို့၏သား၊ (ဒေါ်ညို)၏ခင်ပွန်း၊ ပဏ္ဍိစ္စာရာမ (အခြေပြု)ကျောင်းဆရာတော် ဦးပဏ္ဍိစ္စ၏ခမည်းတော်၊ (ဦးတင်အေး-ဒေါ်မြရီ)၊ (ဦးကျော်စိန်)-ဒေါ်အေးမြိုင်၊ ဒေါ်တင်တင်ဝင်း(ရှမ်းပြည်နယ်ပျားလုပ်ငန်းဌာန)၊ ဦးဇော်မော်-ဒေါ်လှလှဝင်း (အမက-၁၈၊ တာမွေ)၊ ဦးကျော်ဝင်း-ဒေါ်အေးမြင့်ရှိန်(စင်ကာပူ)၊ ဦးခင်မောင်ဦး-ဒေါ်တင်တင်ထွေးတို့၏ ဖခင်၊ မြေး ၁၁ ယောက် တို့၏အဘိုးသည် ၂၃-၆-၂၀၁၄(တနင်္လာ နေ့) နံနက် ၇း၀၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အုန်းလှ
အသက်(၈၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရွှေတောင်စားစေတီတော်ကြီး၏ စတုတ္ထရွှေထီးတော်အသစ်နှင့် လုံးတော်ပြည့် ရွှေစင်၊ ရွှေသား၊ ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခဲ့သော ဒါယကာကြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်-ဒေါ်ကြူကြူလှတို့၏မိခင် ဒေါ်အုန်းလှ အသက် (၈၆)နှစ် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘုရားကြီးဂေါပကအဖွဲ့ ထားဝယ်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စန်းမြင့်
အသက်(၉၂)နှစ်
ထိပ်တန်းရုပ်ရှင်မိခင်ကြီး

United Paints Group Co., Ltd. ၏ အလုပ်အမှုဆောင်ဒါရိုက်တာ ဒေါက်တာနွယ်နီဝေ၏မိခင် ဒေါ်စန်းမြင့် အသက်(၉၂)နှစ်သည် ၂၄-၆-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Board of Directors
United Can Factory Co., Ltd.

ကိုဇေယျလင်း(ခ)ဖိုးလပြည့်
(B.A,Philosophy)
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂၄)၊ ပထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်နေ [ဦးကြင်ထွေး (ပါမောက္ခ-ဌာနမှူး၊သမိုင်းဌာန၊ ပုသိမ်တက္ကသိုလ်)]-ဒေါ်သိန်းသိန်းမြင့် (ပါမောက္ခ-ဌာနမှူး၊ သမိုင်းဌာန၊ မအူပင်တက္ကသိုလ်)တို့၏သား ၊ မသူဇာနေနွယ်(ခေတ္တ-စင်ကာပူ)၊ မောင်ပြည့်ဖြိုးဟိန်းတို့၏အစ်ကိုသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

မအူပင်တက္ကသိုလ်၊ သမိုင်းဌာနမှ ပါမောက္ခ(ဌာနမှူး) ဆရာမကြီး ဒေါ်သိန်းသိန်းမြင့်၏ ချစ်လှစွာသောသားကြီးဖြစ်သူ မောင်ဇေယျလင်း(ခ)ဖိုးလပြည့် အသက်(၂၆)နှစ်သည် ၂၅-၆-၂၀၁၄ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာမကြီး၏ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ မိပါကြောင်း။

ပါမောက္ခ Dr. ဝါဝါသိန်းနှင့်
ဆရာ/ဆရာမများ
သမိုင်းဌာန၊ မအူပင်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သိန်း
1986 B.E(Civil), D.P.H.E
ဌာနခွဲမှူး(အဆောက်အအုံဌာန၊ မြို့တော်စည်ပင်)
အသက်(၅၂)နှစ်

ဦးအောင်သိန်း(ဌာနခွဲမှူး၊ အဆောက်အအုံဌာန၊ မြို့တော်စည်ပင်) အသက်(၅၂)နှစ်သည် ၂၃-၆-၂၀၁၄ (တနင်္လာနေ့) ည ၉း၄၀ နာရီတွင် မဟာမြိုင် ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၃-၁၉၈၆
(မြို့ပြအင်ဂျင်နီယာအာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့) (RIT)

ဝမ်းနည်းကြေကွဲခြင်း
မောင်ပြည့်ဖြိုးနိုင်(ခ)ဖိုးသား
အသက်(၄)လ၊(၁)ရက်

ဦးဖြိုးဝေနိုင်-ဒေါက်တာနန်းခင်ဝတ်ရည်တို့၏သား၊ ဦးသန်းနိုင်(Naing Family Construction Material Co., Ltd.)၊ ဦးမျိုးမြင့်-ဒေါ်သန္တာဝင်း (Myo Naing Nine Int'l Trading Co., Ltd.)တို့၏တူ မောင်ပြည့်ဖြိုးနိုင်(ခ)ဖိုးသားသည် ၂၁-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

CMC S.E.Asia Pte Ltd.

Reservation, Night Audit, Reception

ဒုတိယရဲမှူး ဦးရွှေမောင်ကြီး(ငြိမ်း)
သူရ-အမှတ်စဉ်(၁၀)၊ (သတင်းတပ်ဖွဲ့)
B.Sc (Zoology) ၁၉၇၂ (သရက်)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ အမှတ်(၉)၊ ကျောက်မြောင်းဈေးလမ်းနေ ဦးလှကြိုင်-ဒေါ်ခင်မြတို့၏သားကြီး၊ ဒေါ်တင်တင်မြင့်(ခ) နော်ဆာ၏ခင်ပွန်း၊ (ဦးဝင်းမြင့်)-ဒေါ်ခင်ပြုံးချို၊ ဦးငွေလှိုင်-ဒေါ်အေးအေးချို၊ ဦးတင်သန်း-ဒေါ်ခင်ခင်အုန်း၊ ဦးရန်နိုင်ဝင်းတို့၏မွေးသဖခင်၊ မောင်ပြည့်ဖြိုးဦး၊ မယုဝါဝါခိုင်တို့၏အဘိုးသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ကြည်(ကျုံပျော်)
အသက်(၈၆)နှစ်

(ဦးမောင်ဇာ-ဒေါ်ရွှေမိတ်)တို့၏သမီးငယ်၊ ဦးဇော်သစ်(နှင်းဆီလှိုင်း)၊ ဦးအောင်မြင့်-ဒေါ်လှလှရီ၊ ဦးထွန်းထွန်း-ဒေါ်နီလာရှိန်၊ ဦးမျိုးသိန်းထွန်း-ဒေါ်စမ်းစမ်းဝင်း၊ ဒေါ်မာမာမြင့်တို့၏မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀း၂၅ နာရီတွင် အမှတ်(၇)၊ ပထမထပ်(A)၊ မြို့ပတ်လမ်း၊ ပုသိမ်ညွန့်၊ စံပြရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သဂ်ဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဦးသန်းအောင်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၄)လမ်း၊ အမှတ်(၆၄)၊ သုံးလွှာနေ ဦးဘိုးဟန်-ဒေါ်ထွေးတို့၏သား၊ ဒေါ်စန်းစန်းမြင့်(အကောက်ခွန်-ငြိမ်း)၏ခင်ပွန်း၊ ကိုထွန်းထွန်း၊ ကိုအောင်မြင့်- မမြသီတာလှိုင်၊ မအေးအေးမော်(အကောက်ခွန်)၊ ကိုငြိမ်းမင်းဦး-မခင်ခင်စုတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးသန်းအောင်သည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးဝင်းအောင် (၆၈)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်နေ (ဦးလှထွန်း-ဒေါ်လှရှိန်)တို့၏ သား၊ မွန်ပြည်နယ်၊ တောင်စွန်းမြို့နယ်၊ ကျုံကမိစုကျေးရွာနေ (ဦးစံမြိုင်)-ဒေါ်ခင်ဥတို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၃)လမ်း၊ အမှတ်(၃၈၈)နေ ဒေါ်သန်းသန်းငွေး၏ခင်ပွန်း၊ ဦးအောင်သူ-ဒေါ်မော်မော်လွင်၊ ဦးမောင်မောင်သန်း-ဒေါ်ချိုချိုအောင်၊ ဦးကျော်လှိုင်ဝင်း(ဝိဇ္ဇာသူတော်စင်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း၊ အုတ်တံတိုင်း၊ ရေ ဒါယကာကြီး
ဦးခင်စိန် (၅၉)နှစ်
CDC 11435 STJOHNS SHIPMANA GEMENT LIMITED

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မြို့ပတ်လမ်း၊ အမှတ်(၇)၊ လေးလွှာနေ (ဦးဘကျော်-ဒေါ်စန်းတင်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်မြမြခိုင်)တို့၏သားသမက်၊ ဒေါ်နီလာခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မအိခင်ခင်ကျော်၊ မောင်ကောင်းစည်သူတို့၏ မွေးသဖခင်သည် ၂၆-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄(စနေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (သဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဦးညွန့်ရင် (၉၆)နှစ်
စီမံစီးပွား အဆင့်(၅)
ကုန်သွယ်လယ်ယာ(ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးဘတင်-ဒေါ်မြခင်)တို့၏သား၊ ဇီးကုန်းမြို့နေ (ဦးစံဒိုင်-ဒေါ်ဖွား)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးပိုင်း၊ အမှတ်(၆၆)၊ မြေညီ၊ ပိတောက်ပင်လမ်းနေ ဒေါ်ဆွေဆွေ ၏ခင်ပွန်း၊ (ဒေါ်ခင်ဆွေညွန့်)၊ ဦးအောင်မျိုးညွန့်၊ ဦးအုန်းကိုကို-ဒေါ်ခင်ခင်စိုး (နခ၄၊ ငြိမ်း)၊ (ဦးမင်းဆွေညွန့်)၊ (ဦးကျော်ဆွေညွန့်)-ဒေါ်တင်တင်ဝေ၊ ဦးချစ်ဆွေညွန့် (C.E, Nay Brothers Co., Ltd. ဟိုတယ် ပါရမီ) - ဒေါ်ဝင်းဝင်းမာ၊ ဦးသောင်းမြင့်-Dr.ခင်နှင်းအေး(အေးဆေးခန်း၊ ဒလ)၊ ဦးကျော်ကျော်စိုး-ဒေါ်တင်တင်ထွေး (အလက-၁၊ ဒလ)၊ ဦးစိုးညွန့်ဦး - ဒေါ်အေးသီတာတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီး ဦးညွန့်ရင်သည် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ပိတောက်ပင်လမ်း နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမြင့်နိုင်(AGTI) (၇၄)နှစ်
ဒု-စက်ရုံမှူး(ငြိမ်း)
(ကုန်းလမ်းပို့ဆောင်ရေး)
စိန့်ပတ်ထရစ်ကျောင်းသားဟောင်း
(မော်လမြိုင်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၂၅)နေ (ဦးဟိုဝါး-ဒေါ်ရှားနား)တို့၏သား၊ (ဦးအောင်တင်၊ အား/ကာ)-ဒေါ်ကင်စွမ် (အထက-၃၊ တာမွေ၊ ငြိမ်း)၊ (ဦးမျိုးသူ၊ မုဒုံ)-ဒေါ်စန်းမြင့်၊ (ဦးစိုးနိုင်)-ဒေါ်မြင့်မြင့်သန်း (အထပြ၊ မုတ္တမ)၊ ဦးကျော်ကျော်ဦး(ဦးစီးအရာရှိ-ငြိမ်း)၊ ကုန်တင်ကုန်ချ-အလုပ်သမားဝန်ကြီးဌာန)-ဒေါ်ကင်လျန်း (ဒုဦးစီးမှူး-ငြိမ်း၊ အလည၊ အလုပ်သမားဝန်ကြီးဌာန)၊ ဦးမောင်ရှိန် (GM-အဏ္ဏဝါအောင် ကုမ္ပဏီ)-ဒေါ်သန်းသန်းတို့၏ မောင်/အစ်ကို၊ တူ/တူမ ၁၃ယောက်၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၂၅-၆-၂၀၁၄ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၄ ရက် နံနက် ၉ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ပြုံးမြင့် (၆၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင် အနောက်ရပ်ကွက်၊ ဦးရွှေစိုးလမ်း၊ အမှတ်(၃၅)၊ မြေညီ(A)နေ (ဦးထွန်းမြင့်-ဒေါ်သန်းတင်)တို့၏သမီးကြီး၊ (ဦးသန်းရွှေ-ဒေါ်မှီ)တို့၏သမီးချွေးမ၊ ဦးစန်းမြင့် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးသြဘာ-ဒေါ်အုန်းမြင့်တို့၏ အစ်မ၊ ကိုအောင်ဟိန်း(မြန်မာ့ရွှေဆောင်ဘဏ်)-မတိုးသန္တာအောင် (မြန်မာတိုင်းမ်)၊ ကိုကျော်စွာတင်-မအေးဆုလွင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ကိုကျော်ကျော်လင်း၏ကြီးတော်၊ မောင်ဇွဲပြည့်စုံ (အထက-၂၊ ဒဂုံ)၏အဘွား ဒေါ်ပြုံးမြင့်သည် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃း၃၀နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှမြင့် (၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၃၄)၊ မြေညီထပ်(ခေါင်းရင်း)နေ (ဦးဘသွင်)၏ဇနီး၊ ဦးဘုန်းသွင်၊ ဒေါ်ဝေဝေသွင်၊ ဒေါ်စီစီသွင်၊ ဦးချစ်သွင် (ဒဂုံမြို့နယ်၊ သမဦးစီးဌာန)၊ ဒေါ်နီနီသွင်၊ ဦးချိုပြုံးသွင် (တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်)-ဒေါ်လဲ့လဲ့ဝင်းတို့၏မိခင်၊ မလဲ့သဇင် (ဆေးတက္ကသိုလ်-၁)၊ မောင်ထက်မောင်မောင် (YTU)၊ မကြယ်စင်လင်းလက် (စမ်းချောင်း၊ အထက-၂)တို့၏ ဘွားဘွားကြီးသည် ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၄ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်တင်ညွန့်(ခ)ဒေါ်ကုလားမ
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ်(၈)၊ (သုံး)လွှာနေ (ဦးစံ-ဒေါ်စောရင်)တို့၏သမီး၊ ဦးထွန်းကြည်(ခ) ဦးဝင်း၏ဇနီး၊ ဦးဆန်းဝင်း၊ ဦးဆန်းမြင့်၊ ဒေါ်ညွန့်ညွန့်ဝေ (မွေး/ကု ဦးစီးဌာန၊ မော်ဘီ)၊ ဦးခင်မောင်-ဒေါ်ညိုညိုဝင်း၊ ဦးစံအောင်-ဒေါ်အေးအေးမြင့်(မပို)၊ ဦးဝင်းထွန်း-ဒေါ်ဥမ္မာမောင် (Marconi Mobile)၊ ဦးမြတ်သူ (Uniteam Yetagun Fso)-ဒေါ်တင်တင်ဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဦးတင့်ဆွေ (LL.B) ၁၉၉၄
အသက်(၄၅)နှစ်
(ကော့ကရိတ်)

ကော့ကရိတ်မြို့နေ ဦးတင်ဝင်း-ဒေါ်ချူးချူးတို့၏သား၊ မဖိုးဖိုးအေး၊ မောင်ဆန်းဝင်းထွန်း၊ မအေးမဥူး၊ မောင်ကျော်ဇင်သန့်တို့၏ အစ်ကိုကြီး၊ ဦးစိန်ကြိုင်၊ ဦးစိန်ဂွမ်း၊ ဦးမြင့်ဆွေ၊ ဦးကျော်အေး၊ ဒေါ်ခင်ဝင်းချိုတို့၏တူ ဦးတင့်ဆွေသည် ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၁၂ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သဂ်ဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၅ လမ်း၊ အမှတ်-၉၈/အေ(ဝဲ) နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၄(အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် ကော့ကရိတ်မြို့၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄၄၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

ဒေါ်မြတ်မြတ်ထွေး (၄၁)နှစ်
စက်မှုဝန်ကြီးဌာန၊မူဝါဒရေးရာဌာန
(ဒု-လက်ထောက်ညွှန်ကြားရေးမှူး)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၈၉၂)၊ ထောက်ရှာပင်လမ်း၊ (၃၇)ရပ်ကွက်နေ (ဦးကျော်ဝင်း)-ဒေါ်စန်းတို့၏ သမီးထွေး၊ (ဦးစံချိန်)-ဒေါ်စုစုတို့၏သမီးချွေးမ၊ ဦးဇော်ဝင်း-ဒေါ်အေးအေးမော်၊ မမိမိဇော်၊ ဦးမြင့်သိန်း-မပြုံးချို၊ ဦးအောင်မင်း-မသီသီနွယ်တို့၏ညီမ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်၊ မောင်စစ်နိုင်လင်း၏မိခင်၊ ဦးကြည်ဝင်း၏ဇနီးသည် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဦးအောင်ကြည်မြင့် (၆၇)နှစ်
ညွှန်ကြားရေးမှူး(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(၁၈)နေ (ဦးပိန်-ဒေါ်မြသိန်း)တို့၏သား၊ (ဦးတင့်-ဒေါ်အေးတင်)တို့၏သားသမက်၊ ဒေါ်စန်းစန်းငွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မျိုးသူ-ဒေါ်ငြိမ်းငြိမ်းအေး၊ ဦးမျိုးဝင်းဇော်-ဒေါ်နှင်းသီရိအောင်၊ ကိုဖြိုးကြည်စိုး၊ ကိုနိုင်စိုးသူတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဝင်းလှိုင် (၅၆)နှစ်
(အုပ်ချုပ်ရေးမှူး၊ ဗိုလ်ထွန်းဇံရပ်ကွက်)
ဂန္ထဝင်တမ်းတစားသောက်ဆိုင်

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးစု-ဒေါ်သောင်း)တို့၏သား၊ (ဦးထွန်းလှိုင်-ဒေါ်ဝိုင်း)တို့၏သားသမက်၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၂)နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ ကိုဖြိုးဝေဦး (Coca Cola Co., Ltd.)-မမော်မော်လွင်၊ မကြူကြူအေးတို့၏ဖခင်သည် ၂၅-၆-၂၀၁၄ရက် နံနက် ၇နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဒေါ်စန်းမော်ခိုင်
အသက်(၃၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မြို့မြန်မာ၊ အမှတ်(၁၁)ရပ်ကွက်၊ (၁၄)လမ်းနေ (ဦးသောင်း)-ဒေါ်ခင်ကြိုင်တို့၏သမီး၊ ဦးသိန်းဆွေ၊ ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်ငွေးငွေးမြင့်တို့၏ညီမ၊ ဒေါ်ရင်ရင်မြင့်၏အစ်မ၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူး၊ စကုမြို့နယ်၊ ရွာသာယာကျေးရွာနေ (ဦးထွန်းဆိုင်)-ဒေါ်ပေါက်စတို့၏သမီးချွေးမ၊ ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၂၃၉၀)၊ အခန်း(၀၃)နေ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အငယ်တန်းစာရေး ဦးစန်းမြင့်၏ဇနီး၊ မရတနာဦး(အဋ္ဌမတန်း)၏မိခင် ဒေါ်စန်းမော်ခိုင်သည် ၂၆-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သဂ်ဟအပေါင်းအား သိစေအပ်ပါသည်။
ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးကြီးမြင့် (၈၁)နှစ်
ချောက်မြို့(ချောက်မြို့နယ်အသင်း)
ဒု/လထ ညွှန်ကြားရေးမှူး(ငြိမ်း)
လ-ဝ-က သန်းခေါင်စာရင်းဌာန

ချောက်မြို့နေ (ဦးဘို-ဒေါ်ပေါ်မြိုင်)တို့၏ ဒုတိယသား၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ညွန့်လှိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဝေဠုဝန်အိမ်ရာစခန်း၊ စမ်းချောင်းမြို့နယ်၊ တိုက်(၁၂)၊ အခန်း(၁၂)နေ (ဒေါ်စန်းစန်းမြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းနိုင်မြင့်)၊ (တေးသံရှင်အနိုင်)-ဒေါ်နီလာမြင့်၊ ဦးဇော်ကိုကို (ဒါရိုက်တာ Express Way Co., Ltd.)-ဒေါ်သန္တာမြင့်၊ ဦးနိုင်အောင်မြင့် (EE. Nieo Co., Ltd. အောင်ပန်း)- ဒေါ်ငုဝါထွန်း (ဒုစုံမှူး၊ စစစ၊ ပဲခူးမြို့)တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ တူ/တူမ ၁၆ယောက်တို့၏ ဦးလေးသည် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကား များ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမ
ဒေါ်ခင်ထားကြွယ် (၅၅)နှစ်

ခြံအမှတ်(၁၀)၊ ဘောက်ထော်ဘူတာ၊ မီးရထားအိမ်ရာ၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ [ဦးသန်းကြွယ်-ဒေါ်ထား(ခ)ဒေါ်ခင်အုံး]တို့၏ သမီး၊ (ဦးနီ-ဒေါ်ချစ်)တို့၏သမီးချွေးမ၊ ဦးသိန်းဆွေ(အလုပ်ရုံစုမှူး-အင်ဂျင်နီယာ အလုပ်ရုံ၊ ရန်ကုန်၊ မြန်မာ့မီးရထား)၏ ဇနီး၊ ဦးအောင်ကျော်စိုး-ဒေါ်ညိုညိုသင်း (ငွေစာရင်း၊ မြန်မာ့မီးရထား)၊ ဦးကျော်ဇေယျာထွန်း-ဒေါ်စုစုဖြိုး(BMW)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ပီတိ(ခ)ဟိန်းရှင်းသန့် (စတုတ္ထတန်း၊ အလက-၄၊ ရန်ကင်း)၊ ဝိုင်း(ခ)အောင်မြင့်မိုရ် (ဒုတိယတန်း၊ အလက-၄၊ ရန်ကင်း)တို့၏ ချစ်လှစွာသောအဘွား၊ ဦးအောင်သန်းဦး-ဒေါ်ခင်စုယဉ်၊ ဦးချစ်ကိုကို (လမဖ၊ ရွှေပြည်သာ)-ဒေါ်ခင်မာလွင် (လယ်/ပြ၊ အလက၊ သူရဲသမိန်)၏ ညီမ၊ ဦးသန်းမော်-ဒေါ်သီသီဆွေတို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အန်တီငယ်လေး၊ (ဦးခင်မောင်လင်း)-ဒေါ်ခင်သန်းဦး၊ ဦးသိန်းအောင်-ဒေါ်အေးအေးမူတို့၏ညီမ၊ ဒေါ်အေးအေးနီ၊ ဦးစိုးနိုင်၊ ဦးစောမင်း၊ ဒေါ်ဥမ္မာအေးတို့၏ အစ်မသည် ၂၅-၆-၂၀၁၄ရက် ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်သန်း (၆၉)နှစ်
လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊
ငါးလုပ်ငန်းဦးစီးဌာန(ပခုက္ကူ)

ပခုက္ကူမြို့နေ (ဦးဘသန်း-ဒေါ်ခင်သိန်း)တို့၏သမီး၊ (ဦးကျော်ဝင်း-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ဗိုလ်မှူးကြီးခင်စိုး(ငြိမ်း)-ဒေါ်လွင်လွင်စိုး၊ (ဗိုလ်ကြီးမြင့်သိန်း)-ဒေါ်ကြည်ကြည်သန်းတို့၏ ညီမ၊ ဦးတင့်လွင်-ဒေါ်စောမြင့်ကြည်၊ ဒေါ်ခင်ခင်သန်း၊ ဦးကျော်ကျော်သန်း-ဒေါ်ဖြူဖြူ၊ ဦးကျော်မြင့်-ဒေါ်မော်မော်သန်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ တောင်သရက်လမ်း၊ အမှတ်(၅၃၆)နေ ဦးခင်မောင်ဝင်း (ကထိက-ငြိမ်း၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောဇနီး၊ ဦးမျိုးမင်းမင်း-ဒေါ်မော်စီဝင်း၊ ဦးအောင်ကျော်ငြိမ်း-ဒေါ်ခင်မွန်မွန်ဝင်းတို့၏ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်တင်တင်သန်းသည် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၆း၄၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းရီ (၅၅)နှစ်
လက်ထောက်အင်ဂျင်နီယာ
(ပြည်ပဆက်သွယ်ရေး)

မြင်းမူမြို့နေ (ဦးဘမောင်)-ဒေါ်ခင်လှတို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ (ဦးနေဝင်း-ဒေါ်ရီရီဝင်း)တို့၏သမီး၊ ဦးကျော်လှိုင် (လက်ထောက်အင်ဂျင်နီယာ-ငြိမ်း)၏ဇနီး၊ ဦးမျိုးမြင့်-ဒေါ်ခင်သန်းအေး၊ ဦးဝင်းလှိုင်-ဒေါ်မြမြဝေ၊ ဦးဝင်းအောင်-ဒေါ်ရွှေစင်အေးတို့၏ညီမ၊ ဒေါ်အေးအေးရီ၊ ဒေါက်တာမြမြရီ၊ ဒေါ်စန်းစန်းငွေးတို့၏အစ်မ၊ မဝင်းမျိုးသန်း၊ မချိုမွန်အောင်-မောင်သူရမင်း၊ ဗိုလ်ကြီးဇေယျဖြိုးလှိုင်-ဒေါက်တာသော်သော်လင်း၊ မောင်အောင်မျိုးသန့်-မနွေဥည်နွေးနွေး၊ မသုဇာဝင်း၊ မောင်ပြည့်စုံသက်လှိုင်၊ မောင်ဇွဲလင်းထက်တို့၏အဒေါ်၊ မစမ်းသီရိကြာ၏အဘွားသည် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ဆာကူရာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး ဦးအောင်ဉာဏ်(ခ)ဥသဿဆရာအို
အထက်တန်းပြဆရာ(ငြိမ်း)၊ အမှတ်(၅)၊ ယခင်ဦးသာဒင်ကျောင်း
ကန်တောခံသက်ကြီးစာပေပညာရှင်
အသက်(၉၆)နှစ်

ခရမ်းမြို့နယ်၊ ဇီးဖြူပင်ကျေးရွာနေ (ဦးဘဆိုင်-ဒေါ်နက်-ဒေါ်စိန်နု)တို့၏သား၊ ကံအေးကျေးရွာနေ (ဦးပိုင်-ဒေါ်ညိုမြ)တို့၏သားသမက်၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ မင်းလမ်း၊ အမှတ်(၁၅)နေဦးတင်ပို့(ခ)ဦးတင့်လွင်-ဒေါ်ရီရီအေး (အောင်မြန်မာ)၊ ဒေါ်မြင့်မြင့်ငွေး(ဆရာမဒေါ်နန်းယဉ်ကြီး)၊ ဦးခင်မောင်အေး (အယ်ဒီတာချုပ်၊ The Trade Times ဂျာနယ်)-ဒေါ်သန်းသန်းရွှေ (လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးမျိုးမြင့်လေး-ဒေါ်ဥမ္မာအောင်၊ ဦးခင်မောင်ဇော်(ခေတ္တ-ဂျပန်)-ဒေါ်စန်းစန်းမူ၊ ဦးစောထိပ်-ဒေါ်သူဇာအောင်တို့၏မွေးသဖခင်၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုး၊ (ဒေါ်သိန်းသိန်း)၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်ဉာဏ်သည် (၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်) ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄(သောကြာနေ့)တွင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါ၍ ဇိုင်းဂနိုင်းတောင်ပိုင်း၊ မင်းလမ်း၊ အမှတ်(၁၅)နေ ဦးတင်ပို့(ခ)ဦးတင့်လွင်-ဒေါ်ရီရီအေးတို့၏ နေအိမ်မှ မွန်းတည့် ၁၂နာရီတွင် ဖောင်တော်ဦးသုသာန်သို့ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမကြီး
ဒေါ်ကြင်လွှမ် (ဆိပ်ကြီးခနောင်တို) (၈၁)နှစ်
(သိမ်ကြီးဈေး B-ရုံ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ပြည်လမ်းနှင့် ရှမ်းကုန်းလမ်းထောင့်၊ အမှတ်(၂၈၆)နေ (ဦးမောင်တင်-ဒေါ်ငွေခိုင်)တို့၏သမီးကြီး၊ ဦးတုံကီး၏ဇနီး၊ ဦးခင်မောင်လတ်-ဒေါ်မာမာ၊ ဦးလှဦး-ဒေါ်မြင့်မြင့်အေး၊ ဦးခင်မောင်သန်း-ဒေါ်ဝါဝါဝင်း၊ ဦးခင်မောင်ဝင်း-ဒေါ်လှလှဝင်း၊ ဒေါ်တင်တင်လှတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၄ (စနေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်ဦး(မြောင်းမြ) (၆၈)နှစ်
S.A.T အထက(အင်ပူ၊ ငြိမ်း)
S.A.T အထက(၃) မြောင်းမြ(ငြိမ်း)

ရန်ကုန်မြို့နေ ဦးယုဆိုင်-(ဒေါ်ကျင်စု)တို့၏သားကြီး၊ (ဦးခင်မောင်စိုး)၊ ဦးခင်မောင်လေး၊ ဒေါ်ခင်သန်းဝေတို့၏ အစ်ကိုကြီး၊ ဒေါ်ခင်စန်းမြင့်၏ခင်ပွန်း၊ မြောင်းမြမြို့၊ အမှတ်(၆၃)၊ ဦးဘချိုလမ်း၊ ဗစ်ထရီစတိုးနေ ဦးစန်းလွင် -ဒေါ်ခိုင်ဇင်ဦး၊ ရန်ကုန်မြို့နေ ဦးထင်လင်းအောင်-ဒေါ်ယဉ်သက်ထား၊ ဦးအောင်ကိုကို-ဒေါ်ဇာလီမော်၊ ဦးအောင်လွင်-ဒေါ်ပပခက်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးခင်မောင်ဦးသည် ၂၅-၆-၂၀၁၄ ရက် မွန်းလွဲ ၂း၁၅ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု

ကိုအောင်သွင်(A/B) (မြို့မကျောင်းသားဟောင်း)
အသက်(၄၃)နှစ်
CDC-33299, MV-IAL 001

